# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ သောကြာနေ့ (21-8-2015) (၈၂၉၉)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဒေသခံပြည်သူများ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်

စာမျက်နှာ - ၃





ဂျပန်နိုင်ငံမှ ရောက်ရှိလာသော ရထားတွဲများကို အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်း၌ တွေ့ရစဉ်။

# မြန်မာနိုင်ငံတွင် ပထမဦးဆုံးပြေးဆွဲမည့် လျှပ်စစ်ရထားများ အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ ရောက်ရှိ

သတင်းနှင့်ဓာတ်ပုံ
စိုးဝင်း(MLA)

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံတွင်ပထမဦးဆုံးပြေးဆွဲမည့် တင်ဒါစနစ်ဖြင့် ဝယ်ယူတင်သွင်းထားသော လျှပ်စစ်ရထား(Tram Rail) ခုနစ်တွဲနှင့် ဂျပန်နိုင်ငံအစိုးရမှ ပေးပို့လှူဒါန်းသော RBE အဲကွန်းရထားခြောက်တွဲတို့ ယနေ့နံနက် ၈ နာရီခွဲက အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ ရောက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

# လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲအဖြစ် ပူးပေါင်းပါဝင်

ကိုကိုနေ၊ ရာမည

ရွေးကောက်ပွဲများသည် မည်သည့်နိုင်ငံတွင်မဆို အလွန်အရေးပါသော ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ခုပင် ဖြစ်ကြောင်း၊ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အစောဆုံးအဆင့်များကို ဖြတ်သန်းနေရသော တိုင်းပြည်များအတွက် ပို၍ပင်အရေးကြီးကြောင်း၊ ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပေးခြင်းဖြင့် ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုတွင် တစ်ခါတစ်ရံ ရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်သကဲ့သို့ ဆိုးရွားမှုရလဒ်များကိုလည်း ထွက်ပေါ်လာစေနိုင်ကြောင်း၊ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳



ဦးမိုးဇော်


**ညောင်းညာကိုက်ခဲအတွက်ဆို ထိပ်တန်း၊ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးရဲ့ အစွမ်း**



ဆရာသောင်း
(ရမည်းသင်း)

ကျွန်တော်ဟာ နေ့စဉ်သတင်းစာတွေမှာ သတင်းနှင့်ဆောင်းပါးတွေ၊ မြန်မာ့အသံရေဒီယိုမှာ ပြဇာတ်ဒေသသာဟာသတွေကို ဆရာသောင်း(ရမည်းသင်း) အမည်ဖြင့် ရေးသားနေပြီး မြို့မ(ရမည်းသင်း) တေးဂီတအဖွဲ့မှာလည်း ပင်တိုင်တေးသံရှင်ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အသက်(၆၀)လောက်မှာ ရုတ်တရက် လေဖြန်းသွားပါလေရောဗျာ။ ညာဘက်တစ်ခြမ်းက အကြောတွေကပ်သွားပြီး ဆရာဝန်နဲ့ အချိန်မီ ကုသလိုက်လို့ လေဖြတ်မသွားပေမယ့် ခြေလက်တွေထုံကျင် အဆစ်အမြစ်တွေကိုက်ခဲပြီး သီချင်းဆိုဖို့ ဝေလာဝေး ကျူရှင်ကလည်းမပြနိုင် စာလည်းကောင်းကောင်းမရေးနိုင်တာကြာပါပြီ။ ဒါပေမယ့် ကံကောင်းချင်တော့ မန္တလေးမှာနေပြီး ဆေးပစ္စည်းနဲ့အလှကုန်ဆိုင်ဖွင့်ထားတဲ့ တပည့်မလေးတစ်ယောက်က ကျွန်တော့်အိမ်ကိုရောက်လာပြီး **"ဆရာ...ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါးဟာ သမီးတို့ဆိုင်မှာ ရောင်းအားအကောင်းဆုံးပါပဲဆရာ။ လေဖြန်းတာ၊ လေဖြတ်တာ၊ လေးဘက်နာရောဂါနဲ့ အဆစ်အမြစ်ကိုက်ခဲတာတွေကို အမြန်ဆုံးပျောက်ကင်းတယ်"** လို့ပြောပြီး ဆေးဘူးတွေနဲ့ ဦးချကန်တော့သွားပါတယ်။ ကျွန်တော်လည်းအားရဝမ်းသာစွာနဲ့ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးကို ညအိပ်ယာဝင်တိုင်း လိမ်းအိပ်လာလိုက်တာ ဆေးတစ်ဘူးမကုန်ခင်မှာဘဲ အညောင်းအညာ အကိုက်အခဲ တွေလည်းသက်သာလာပါတယ်။ အရင်ကခံစားခဲ့ ရတဲ့ဝေဒနာတွေလည်း အမြစ်ပြတ်သလိုပျောက်သွားတာကြောင့် အခုဆိုရင် ကျွန်တော်ဟာ ကျူရှင်လည်းပြနိုင်ပြီ၊ စာလည်းရေးနိုင်ပြီ၊ သီချင်းလည်းဆိုနိုင်ပြီမို့ ကျေးဇူးကမ္ဘာပါ ရွှေပြည်နန်းလေးနဲ့ ရွှေမန္တလေးက တပည့်မလေးရေ... **"မြန်မာ့ထိပ်တန်း ရွှေပြည်နန်း ရှင်လန်းချမ်းမြေ့နိုင်ပါစေ"** လို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်...

ဆရာသောင်း(ရမည်းသင်း) အလီမွှာပန်းများလန်းရာမြေ၊ မြို့မရပ်ကွက်ကြီး၊ ရမည်းသင်းမြို့၊
ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်တင်နွဲ့ရီ၊ ရွှေမိုးငွေမိုးဖိနပ်ဆိုင်၊ မြို့မဈေး၊ ရမည်းသင်းမြို့၊

ကြေးမုံစာတည်းရှုထောင့် ၂၁-၈-၂၀၁၅၊ သောကြာနေ့

# လုံခြုံရေးသတိအမြဲရှိ

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူအပေါင်းတို့သည် မိမိတို့တိုင်းပြည်အတွင်းဝယ် တည်ငြိမ်အေးချမ်းစွာဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်လုပ်ကိုင်လိုကြသူများချည်းဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေနိုင်သော အပြုအမူများကို လုပ်ကိုင်ဆောင်ရွက်လိုခြင်း အလျဉ်းမရှိချေ။

မြန်မာနိုင်ငံသာမက အခြားနိုင်ငံများသည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ သို့ရာတွင် ကောင်းမွန်စွာနေထိုင်လိုကြသူများမှာ နိုင်ငံသားအားလုံးဖြစ်သော်လည်း ဆွမ်းဆန်စိမ်းထဲ ကြွက်ချေးရောဆိုသကဲ့သို့ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်စီးထိခိုက်စေနိုင်သော လုပ်ဆောင်မှုများကို ၎င်းတို့လွဲမှားသောအယူအဆဖြင့် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့အနေဖြင့် လုပ်ဆောင်တတ်သူများ ပေါ်ပေါက်လေ့ရှိသည်။

မြန်မာနိုင်ငံသမိုင်းကြောင်းတွင် လွတ်လပ်ပြီးအချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်စေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မသမာသူ အမျိုးသားသစ္စာဖောက် အဖျက်သမားများက နိုင်ငံ့ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ဖျက်ဆီးခဲ့သော သမိုင်းတွင်မမေ့ပျောက်နိုင်သည့် ဆိုးရွားသော အမည်းစက်အစွန်းအထင်းလုပ်ရပ်တစ်ခုဖြစ်ခဲ့ဖူးသည်။

ယနေ့ခေတ်တွင်လည်း နိုင်ငံတည်ဆောက်နေသော အချိန်အခါသမယတွင် နိုင်ငံပျက်စီးရာပျက်စီးကြောင်း၊အများပြည်သူသေကျေပျက်စီးရာပျက်စီးကြောင်း လူမဆန်သောလုပ်ရပ်များကို ပြုမူလုပ်ကိုင်ခဲ့သည့် ဖြစ်ရပ်များလည်းရှိခဲ့ဖူးသည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များသာမက မမှန်မကန်သတင်းများထုတ်လွှင့်ပြီး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်ကြသူအချို့လည်း ရှိခဲ့ဖူးသည်။

မကြာသေးမီက ထိုင်းနိုင်ငံ ဘန်ကောက်မြို့လယ်ကောင်တွင် ဗုံးခွဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အပြစ်မဲ့ပြည်သူ ၂၀ ထက်မနည်းသေဆုံးပြီး လူ ၁၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ကြားသိလိုက်ရသည်။ ကမ္ဘာလှည့်ခရီးသည် သန်းနှင့်ချီ၍ လာရောက်လည်ပတ်လေ့ရှိသော ဘန်ကောက်မြို့တော်သမိုင်းတွင် ယခုကဲ့သို့ ကြီးမားသော တိုက်ခိုက်မှုခံရခြင်းမျိုးမဖြစ်ပေါ်ခဲ့ဖူး၍ ပြည်သူပြည်သားများအတွက် စိုးရိမ်ထိတ်လန့်မှု မြင့်မားခဲ့မည်မှာ အမှန်ဖြစ်မည်။

ထိုဖြစ်ရပ်အပေါ်အကြောင်းပြု၍ အလားတူဖြစ်ရပ်မျိုးဖြစ်ပွားဖူးသော ကျွန်ုပ်တို့မြန်မာနိုင်ငံအဖို့လည်း မသမာသူအဖျက်သမားများ၏ အန္တရာယ်ကို သတိမူကာ နိုးကြားသောလုံခြုံရေးသတိအမြဲရှိနေစေရန် လိုအပ်လာပြီဖြစ်သည်။ မသမာသူအဖျက်သမားဆိုသည်မှာ ပုဆိုးခြုံထဲမှလက်သီးထုတ်ပြနေသူမဟုတ်ဘဲ ပြည်သူလူထုကြားထဲတွင် ထိုးဖောက်ဝင်ရောက်ကာ မမြင်ကွယ်ရာမှ မသိမသာလှုပ်ရှားနေသူဖြစ်သည်။

ထို့ကြောင့် "လုံခြုံရေးသတိအမြဲရှိ" ဟူသောစကားရပ်ကို သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများသာ သက်ဆိုင်သည်မဟုတ်ဘဲ ပြည်သူလူထုတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင် အမြဲမပြတ်စောင့်ကြည့် သတိထား၊ သတိပေးကြရမည်ဖြစ်သည်။ လုံခြုံရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မသမာသူများအား ရှာဖွေဖော်ထုတ်ရာ၌ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် တာဝန်အရလုပ်ဆောင်ရသည်မှန်သော်လည်း အခက်အခဲများစွာ ရှိသည်။

မသမာသူများအနေဖြင့် လူမှုပတ်ဝန်းကျင်တွင် ရောနှောရပ်တည်နေတတ်ပေသည်။ ထို့ကြောင့် လူမှုပတ်ဝန်းကျင်တွင် အမြဲရှိနေသောပြည်သူအများက လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အစဉ်သိရှိကာ မသမာသူများအား စောင့်ကြည့်ဖော်ထုတ်ပေးနိုင်မှုမှာ အားသာချက်ဖြစ်သည်။ မိမိတို့ရရှိထားသော အချက်အလက်များကို သတင်းပေးခြင်းဖြင့် မိမိတို့လူမှုပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရာရောက်ပေသည်။

မိမိနိုင်ငံနှင့်မိမိလူမျိုးအား ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ပိုမိုကောင်းမွန်သောလုပ်ဆောင်ချက်ဖြစ်သည့်အပြင် မိမိနိုင်ငံနှင့်မိမိလူမျိုး ကောင်းကျိုးအတွက် ပြည်သူ့တာဝန်ကို ထမ်းဆောင်ခြင်းလည်း မြောက်ပေသည်။ သို့ဖြစ်ရာ မျက်မှောက်ကာလ အဖျက်လုပ်ရပ်များ ခေါင်းထောင်ထလာသော အချိန်အခါကာလတွင် ပြည်သူလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်ရန် အကြံပြုအပ်ပါသည်။ ။

## ရေဘေးသင့်ပြည်သူအချို့ သုံးပတ်ကျော်ကြာမြင့်နေပြီဖြစ်သော်လည်း အိမ်ပြန်၍ မရနိုင်သေးဘဲ ယာယီတဲများ၌သာနေထိုင်နေရ



**ကလေး ဩဂုတ် ၂၀**

ကလေးမြို့သမိုင်းတွင် တစ်ကြိမ်တစ်ခါမှ ဖြစ်ဖူးခြင်းမရှိခဲ့သော ကလေးဒေသ ရေကြီးရေလျှံမှုဖြစ်ပွားခြင်းကို ဇူလိုင် ၂၈ ရက်မှစ၍ ဒေသရှိပြည်သူများ တွေ့ကြုံခံစားခဲ့ရပြီး ရေဘေးသင့်ပြည်သူအချို့သည် သုံးပတ်ကျော်ကြာမြင့်နေပြီဖြစ်သော်လည်း အိမ်ပြန်၍ မရနိုင်သေးကြောင်း သိရသည်။

အဆိုးရွားဆုံးခံစားရသည့် ကျေးရွာများမှာ ကလေးမြို့နယ်ရှိ နတ်နန်း၊ ကျီကုန်း၊ ကျောက်ကာ၊ နတ်ကြီးကုန်း(ကာ)၊ ဖောင်ကူး၊ အောင်မြင်သာ၊ နန်းချောင်း၊ နန်းစောင်းပု၊ မော်လိုက်ကလေးနှင့် သဖန်းအိုင်ကျေးရွာတို့သည် ဆိုးဆိုးရွားရွား ရေဘေးဒဏ် ခံခဲ့ရသည်။

ကျောင်းတိုက်ကျေးရွာရှိ ယခင်က စပါးအဝယ်ဒိုင်ကွင်းတွင် ဩဂုတ် ၁၈ ရက်က ယာယီတဲများ ထိုးထားသည်ကို တွေ့ရှိရပြီး ရေဘေးသင့်ပြည်သူများကို မေးမြန်းရာ "ရေကြီးတာနဲ့ သဖန်းအိုင်ကျေးရွာကနေ ဒီအထက(ခွဲ)စခန်းမှာ နေတယ်။ အခုကျောင်းပြန်ဖွင့်တော့ တစ်ခါဒီမှာ ပြန်ပြီးနေရာချထားပေးတယ်။ အခုကျွန်တော်တို့နေတဲ့ ယာယီတဲကို ကလေးမြို့ ဆရာတော်က ငွေကျပ် သိန်း ၄၀ လောက်အကုန်ကျခံပြီး ဆောက်လုပ် ပေးထားတာပါ။ စားရေးသောက်ရေး အဆင်ပြေတယ်။ ကျန်းမာရေး စောင့်ရှောက်မှုလည်း ပေးနေပါတယ်။ အဆိုးဆုံးကတော့ လယ်မြေတွေကို ဒူးလောက်ကနေ ခါးလောက်အထိ ရွှံ့ညွန်ဖုံးအုပ်ပြီးတော့ သူ့လယ်၊ ကိုယ့်လယ် ခွဲခြားလို့ မရတော့ဘူး။ အိမ်ပြန်ဖို့ရာလည်း အဆင်မပြေတော့ဘူး။ ရွာထဲမှာရော အိမ်ထဲမှာပါ ရွှံ့ညွန်တွေကဒူးလောက် ခါးလောက်ထိ အောင်ရှိနေတော့ သန့်ရှင်းရေးမလုပ် နိုင်တော့ဘူး။ အိမ်ပြန်ရောက်နိုင်အောင် သုံးလလောက်ကြာဦးမယ်လို့ ထင်ပါတယ်" ဟုပြောသည်။

ကျောင်းတိုက်ကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် သဖန်းအိုင်ကျေးရွာမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၈၇စုနှင့် လူဦးရေ ၈၂၄ ဦးတို့ရှိကြောင်း သိရသည်။

(ကြေးမုံ)

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

## ဖလမ်း၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှား

**ဖလမ်း ဩဂုတ် ၂၀**

ချင်းပြည်နယ် ဖလမ်းမြို့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် စံပြမိခင်မေးခွန်းလွှာ ဖြေဆိုခြင်းကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲက ဖလမ်းမြို့ ဗလိုင်ရပ်ကွက် ချင်းချယ်ရီမူကြိုကျောင်း၌ကျင်းပရာ ဖလမ်းမြို့ပေါ်နှီတိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦးက ဖြေဆိုကြပြီး ဆုရရှိသူများကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၆၉၀၀၀ | - | ၇၆၉၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၆၉၀၀၀ | - | ၇၆၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၂၈. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၀. ၅၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၁၀၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၃. ၈၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၇၁၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၃၅. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၃၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၄. ၂၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၆. ၄၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

ကြေးမုံ





# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဒေသခံပြည်သူများ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက သူနာပြုနှင့်သားဖွားသင်တန်းကျောင်း သုံးထပ်ဆောင်တည်ဆောက်မှုတွင် သတိပြုရမည့်အချက်များ၊ မကြာမီသင်တန်းဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းသူများ၏ အရည်အသွေးတိုးတက်ရေးအတွက် သင်ကြားမှု၊ သင်ယူမှုဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကလေးတက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ပါမောက္ခချုပ် ဦးသန်းဝင်းက ကလေးတက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် တက္ကသိုလ်၏ လတ်တလောလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပွင့်ဖြူမြို့ ဗိုလ်ဥတ္တမခန်းမတွင် ပြည်သူလူထုနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတက တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်များဖြစ်သော အဆောက်အအုံ၊ ဆရာ ဆရာမ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပြည့်စုံရမည်ဖြစ်ရာ ကလေးတက္ကသိုလ်သည် ခံ့ညားထည်ဝါသည့် အဆောက်အအုံနှင့် အခြားအင်္ဂါရပ်များ များစွာပြည့်စုံကြောင်းတွေ့ရှိရသဖြင့် အားရကျေနပ်မိပါကြောင်း၊ တက္ကသိုလ်တစ်ခု၏ အဓိကလိုအပ်ချက်မှာ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် လူငယ်များသည် အနာဂတ်၏မျိုးဆက်သစ်များဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝရန် လိုအပ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့်လူငယ်များပေါ်ထွန်းလာစေရန် သင်ကြားရေးပိုင်းတွင် အဓိကဖြစ်သည့် ဆရာ ဆရာမများအပေါ်တွင် မူတည်ပါကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင် အရည်အချင်းပြည့်ဝစေရန် လေ့လာကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပွင့်ဖြူ (အထက)တွင် ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကလည်း သင်ကြားမှုနှင့် သင်ယူမှုအပိုင်းတို့တွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ကလေးတက္ကသိုလ်၏ လတ်တလောလိုအပ်ချက်များဖြစ်သော သောက်သုံးရေ၊ လျှပ်စစ်မီး၊ စက်သုံးဆီနှင့် အခြားအုပ်ချုပ်မှုကိစ္စရပ်များကိုလည်း ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းပြီး အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့သို့ မွန်းလွဲပိုင်းတွင်ရောက်ရှိပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာမြို့နယ်များတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖတို့က ဒေသအတွက် လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက သဘာဝဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရသည့်အခါတိုင်း လုပ်ငန်းစဉ်ကြီးသုံးရပ်ဖြစ်သည့် အရေးပေါ်ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ရေတိုနှင့် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ရပါကြောင်း၊ ပွင့်ဖြူဒေသ ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ လတ်တလောလိုအပ်ချက်များကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အချိန်ကာလဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာသင်ကျောင်းအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ပွင့်ဖြူမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင်များအတွင်း ဆေးရုံတက်လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ ဆေးရုံဝန်ထမ်းများကိုလည်း ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မကွေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

---

## ❖ မြန်မာနိုင်ငံမှ

လျှပ်စစ်ရထားပြေးဆွဲမှုနှင့်စပ်လျဉ်း၍ ဦးကျော်စိုးလင်း မန်နေဂျာ(သွားလာရေး/တိုင်း) မြန်မာ့မီးရထား တိုင်းအမှတ်(၇)က “အခုရောက်လာတဲ့လျှပ်စစ်ရထားခုနစ်တွဲကတော့ ကမ်းနားလမ်းပိုင်းမှာ ပြေးဆွဲသွားမှာပါ။ ဘယ်အထိပြေးဆွဲမလဲဆိုတာနဲ့ ဘယ်ဘူတာတွေထားမလဲဆိုတာ ဒီအပတ် စနေ၊ တနင်္ဂနွေမှာ ဆာဗေးလုပ်ဆောင်တော့မှာပါ။ ပြီးမှ ခရီးစဉ်ကိုသတ်မှတ်မှာပါ။ ဒီလျှပ်စစ်ရထားတွေကိုတော့ ကြည့်မြင်တိုင်ကနေ ဗိုလ်တထောင်အထိပြေးဆွဲမယ်လို့ မြန်မာ့မီးရထားက အကြမ်းဖျင်းလျာထားပါတယ်။ လောလောဆယ် ဒီကနေမှတစ်ဆင့် ဝါးတန်းက ကုန်ရုံမှာ သယ်ယူသွားပြီး လျှပ်စစ်အပိုင်းများဆောင်ရွက်ဖို့အတွက် ထားရှိဆောင်ရွက်မှာပါ။ လျှပ်စစ်ရထားပြေးဆွဲဖို့က Standard Gate နဲ့လာတာဆိုတော့ လမ်းပိုင်းကိုလည်း Dual Gate ခင်းကျင်းရပါမယ်။ Standard Gate က တစ်မီတာကျော်ပါတယ်။ အဲဒီတော့လမ်းပိုင်းတစ်ခုလုံး ပြေးဆွဲလို့ရအောင် မူလရှိနေတဲ့ သံလမ်းနဲ့ နှစ်ထပ်လုပ်ထားရပါတယ်။ သံလမ်းက သုံးကြောင်းဖြစ်သွားတဲ့ သဘောပါ။ လက်ရှိသံလမ်းပိုင်းလုပ်ဆောင်နေတာလည်းတော်တော်ပြီးနေပါပြီ။ ၇၅ ရာခိုင်နှုန်းလောက်ရှိနေပါပြီ။ ပြေးဆွဲဖို့ ခန့်မှန်းထားတာကတော့ အောက်တိုဘာလလောက်လို့ ခန့်မှန်းထားပါတယ်။ သုံးတွဲနှစ်ဆိုင်းဖြစ်မလား။ ဒါမှမဟုတ် ခြောက်တွဲစလုံးကို တွဲဆိုင်းတစ်ဆိုင်းတည်းဖြစ်မလား မသိသေးပါဘူး။ ခရီးသည် Demand အပေါ်မှာလည်း မူတည်နေလို့ပါ”ဟု အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်း၌ ရှင်းပြခဲ့သည်။

RBE အကြီးတန်းပြင်စက်ရုံမှ ဦးထွန်းနွယ် လက်ထောက်အထွေထွေမန်နေဂျာက “ RBE အဲကွန်းရထားတစ်တွဲကို မြန်မာကျပ်ငွေ သိန်းတစ်ထောင်ဝန်းကျင်လောက်ရှိပါတယ်။ ဂျပန်အစိုးရက ဒီခြောက်တွဲလုံးကို ပထမအကြိမ်အနေနဲ့ လှူဒါန်းလိုက်တာပါ။ လောလောဆယ် ဒီ RBE ခြောက်တွဲစလုံးကို ဒီသီလဝါအနီးမှာရှိတဲ့ Level crossing မှာ ထားရှိပါမယ်။ ပြီးရင်တွဲတွေက ဘိုကီအားလုံးကိုဖြုတ်ပြီး တစ်မီတာရှိတဲ့အရန်ဘိုကီလေးတွေနဲ့ အစားထိုးလဲလှယ်ပြီး ခဏထားမယ်။ ဂျပန်ကပါလာတဲ့ မူလဘိုကီတွေကိုတော့ အင်းစိန်စက်ခေါင်းစက်ရုံမှာဘီးပြန်မြှင့်ပေးရပါမယ်။ ဘီးက ၁၀၆၇ စင်တီမီတာရှိနေတယ်ဆိုတော့ ဒီကသံလမ်းနဲ့အဆင်ပြေအောင် ၆၇ စင်တီမီတာ ပြန်ကျဉ်းပေးရပါမယ်။ ပြီးရင် မြှင့်ပြီးတဲ့ဘိုကီတွေကို ဒီဆိပ်ကမ်းကိုပြန်သယ်လာပြီး ဘိုကီပြန်ချိန်းပါမယ်။ ပြီးတော့မှ RBE စက်ရုံကိုပို့ပြီးအင်ဂျင်တွေပြန်ကိုင်မှာပါ၊ ဆေးမှုတ်၊ စစ်ဆေးမှုတွေလုပ်ပါမယ်။ အရင် ၃၂ စီးတုန်းကတော့ ငါးတွဲတစ်ဆိုင်းကို တစ်လတည်းနဲ့ပြီးပါတယ်။ အဲကွန်းမလွတ်ရင်ပြန်နှိမ့်ပေးရတဲ့လုပ်ငန်းကတော့ နည်းနည်းကြာပါတယ်။ ဒီနေ့ဝင်လာတဲ့ရထားတွဲတွေက တံတားအမြင့်နဲ့လွတ်ကင်းတယ်ဆိုရင်တော့ သိပ်မကြာပါဘူး။ ဒီခြောက်တွဲကတော့ နယ်ဘက်ပိုင်းပြေးဆွဲမယ်လို့ ကြားသိရပါတယ်။ ပြေးဆွဲမယ့်နေရာကိုလည်း ကျွန်တော်တို့ RBE အကြီးတန်းပြင်စက်ရုံက ပြုပြင်ပြီးရင် ပို့ဆောင်ပေးရပါမယ်။ ဒီတစ်ခေါက်ကတော့ RBE ခြောက်တွဲကို Transporter နဲ့ သယ်ယူရတာကြာလိမ့်မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ Tram Rail ခုနစ်တွဲကိုလည်း ဝါးတန်းကုန်ရုံကို Transporter ပို့ရဦးမှာမို့ပါ” ဟု ပြောသည်။

အဆိုပါ RBE အဲကွန်းရထားများအား RBE အကြီးတန်းပြင်စက်ရုံမှ ဝန်ထမ်းအင်အား ၆၀ ဖြင့် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိမြန်မာ့မီးရထားတွင် အရန်ထားရှိမည့် RBE အဲကွန်းရထား နှစ်စီးအား ပြုပြင်လျက်ရှိသည်။ ရန်ကုန်မြို့၏ယာဉ်ကြောကျပ်တည်းမှုပြဿနာအား မြန်မာ့မီးရထားမှ ဖြေရှင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့သော လျှပ်စစ်ရထား(Tram Rail) ပြေးဆွဲခြင်းဖြင့် ရထားစီးခရီးသည်များအတွက် အထောက်အကူဖြစ်လာနိုင်စရာရှိကြောင်း သိရသည်။

ထို့အပြင် JICA နှင့် ပူးပေါင်း၍ ရေရှည် Urban Transport စီမံကိန်းအရ ရန်ကုန်မြို့ပတ်လမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းနှင့် လမ်းပိုင်းများတိုးချဲ့ခြင်းစီမံကိန်းများလည်းရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

✪✪✪

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲများနှင့် ကိုယ်စားလှယ်ရုံးများက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ရိက္ခာဆန် ပေးအပ်လှူဒါန်း

**နေပြည်တော်  ဩဂုတ်  ၂၀**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲများနှင့် ကိုယ်စားလှယ်ရုံးများက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ရိက္ခာဆန် ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနား၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတထံ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့်အလှူငွေနှင့် ပစ္စည်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က လွှဲပြောင်းပေးအပ်သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ထံ Siam Commercial Bank က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က လည်းကောင်း၊ United Oversea Bank က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၃၀၀၀၀ အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက လည်းကောင်း၊ SMBC က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Kookmin Bank က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ANZ က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၅၅၀ တို့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းကလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

အလားတူ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲအသီးသီးမှ တာဝန်ရှိသူများကလည်း သက်ဆိုင်ရာဘဏ်အလိုက် လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက လှူဒါန်းမှုအပေါ် နိုင်ငံတော်နှင့် ပြည်သူတို့၏ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။**(အပေါ်ယာပုံ)**




ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ကလည်း လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာထမ်း၊ အမှုထမ်းများက ငွေကျပ်သိန်း ၇၀၊ ဆန်အိတ် ၅၀ နှင့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲများဖြစ်သည့် Bangkok Bank က ကျပ်သိန်း ၃၅၀၊ Siam Commercial Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၀၊ United Oversea Bank က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ SMBC က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Kookmin Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ ANZ Bank က အမေရိကန်ဒေါ်လာ ၂၅၅၀၊ Standard Chartered Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ OCBC Bank က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ E-Sun Bank က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ Kathay United က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ Mizuho Bank က အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ DBS က အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ Krung Thai Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Shin Han Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Maruhan Japan Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Korea Development Bank(KDB)က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Busan Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ Hana Bank က အမေရိကန်ဒေါ်လာ ၃၀၀၀၊ ICBC Bank က အမေရိကန်ဒေါ်လာ ၁၀၀၀၊ AEON Credit Service Co.,Ltd က အမေရိကန်ဒေါ်လာ ၁၀၀၀၊ Industrial Bank of Korea က အမေရိကန်ဒေါ်လာ ၁၀၀၀၊ UOB Bank က အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ United Bank of India က အမေရိကန်ဒေါ်လာ ၃၀၀ စုစုပေါင်းလှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၄၈၈၅၀ နှင့် မြန်မာကျပ်ငွေသိန်း ၄၂၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# လေကြောင်းကဏ္ဍအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကဏ္ဍများ ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

**နေပြည်တော်  ဩဂုတ်  ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ ANA Holding Inc ဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ရှိနီချိရို အီတို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဦးဇင်ယော်တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနှင့် ဂျပန်နှစ်နိုင်ငံအကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လေကြောင်းဆိုင်ရာဝန်ဆောင်မှုများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လေ့ကျင့်သင်ကြားရေး၊ လေကြောင်းကဏ္ဍအပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး ဦးမြင့်နောင်အား ရိုမေးနီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော်  ဩဂုတ်  ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမြင့်နောင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ရိုမေးနီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

**နေပြည်တော်  ဩဂုတ်  ၂၀**

၁၈-၈-၂၀၁၅ ရက်နေ့ထုတ် စောင့်ကြည့်သတင်းဂျာနယ်(News Watch WEEKLY) အတွဲ(၁၀)၊ အမှတ်(၁၅)တွင် "နိုင်ငံတကာအကူအညီများအား အစိုးရတံဆိပ်ကပ်၍ လှူဒါန်းမှုအပေါ် ဝေဖန်မှုများမြင့်တက်" ခေါင်းစဉ်ဖြင့် သတင်းပါရှိခဲ့ပါသည်။ အဆိုပါသတင်းတွင် ဩစတြေးလျမှ လှူဒါန်းသည့် အိမ်ထောင် ၁ စုတွင် ပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ဘူး ၁ ဘူး လှူဒါန်းမှုအပေါ် နိုင်ငံတော်သမ္မတက လှူဒါန်းသည့်ပုံစံ တံဆိပ်ကပ်မှုအပေါ် ဝေဖန်မှုများရှိနေကြောင်း ဖော်ပြထားပါသည်။ နိုင်ငံတော်အစိုးရက လှူဒါန်းသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် ပတ်သက်သော သတင်းများကို နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့တွင် ၁၂-၈-၂၀၁၅ ရက်နှင့် ၁၅-၈-၂၀၁၅ ရက်နေ့များတွင် ထုတ်ပြန်ဖော်ပြပြီးဖြစ်ပါသည်။ ထို့ကြောင့် စောင့်ကြည့်သတင်းဂျာနယ် (News Watch WEEKLY) အနေဖြင့် ယခုကဲ့သို့ မှားယွင်းစွာရေးသားဖော်ပြခြင်းသည် ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့နေသည့်လုပ်ငန်းများအပေါ် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေသည့်အပြင် အကူအညီပေးနေသည့် နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများ၊ ပြည်တွင်းစေတနာရှင် အလှူရှင်များကလည်း နိုင်ငံတော်အစိုးရအပေါ် အထင်အမြင်လွဲမှားစေနိုင်ပါသည်။ ထို့ကြောင့် ဂျာနယ်အနေဖြင့် ကျင့်ဝတ်နှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ ၁၉-၈-၂၀၁၅ ရက်နေ့တွင် စာဖြင့် ညှိနှိုင်းအကြောင်းကြားထားပါကြောင်း၊ ညှိနှိုင်းမှုအဆင်မပြေပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ယနေ့မိုးလေဝသအခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# အာဆီယံနိုင်ငံများ၏ စုစည်းညီညွတ်မှုသည် များစွာခိုင်မာသည့်အတွက် ကမ္ဘာ့နိုင်ငံအသိုင်းအဝိုင်းကပါ အလေးထားသည်ကိုတွေ့ရ

**နေပြည်တော် ဩဂုတ် ၂၀**

အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး ခေါင်းစဉ်ဖြစ်သည့် Fostering ASEAN Naval Teamwork in Regional Maritime Security မှာ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိသဖြင့် အာဆီယံရေတပ်မတော်များ၏ လုပ်ဆောင်ချက်ကို ပိုမိုထွန်းတောက်စေမည်ဟု ယုံကြည်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာဆီယံရေတပ်ဦးစီးချုပ်များညီလာခံ(9th ANCM)သို့ တက်ရောက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်ဦးစီးချုပ်များအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။



အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် အာဆီယံရေတပ်ဦးစီးချုပ်များညီလာခံ(9th ANCM)သို့ တက်ရောက်မည့် အဖွဲ့ခေါင်းဆောင် မလေးရှားနိုင်ငံရေတပ်ဦးစီးချုပ် Admiral Tan Sri Abdul Aziz Jaafar၊ ဘရူနိုင်းနိုင်ငံ ရေတပ်ဦးစီးချုပ် First Admiral Pengiran Dato Seri Pahlawan Norazmi Bin Pengiran Haji Muhammad၊ ကမ္ဘောဒီးယားနိုင်ငံရေတပ်ဦးစီးချုပ် Admiral Tea Vinh၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Widodo၊ ဖိလစ်ပိုင်နိုင်ငံရေတပ်ဦးစီးချုပ် Vice Admiral Caesar C Taccad AFP၊ စင်ကာပူနိုင်ငံရေတပ်ဦးစီးချုပ် Rear Admiral Lai Chung Han၊ ထိုင်းနိုင်ငံရေတပ်ဦးစီးချုပ် Admiral Kraisorn Chansuvamich၊ ဗီယက်နမ်နိုင်ငံရေတပ်ဦးစီးချုပ် Rear Admiral Pham Hoai Nam နှင့် လာအိုနိုင်ငံဆိုင်ရာ(ကြည်း၊ရေ၊လေ)စစ်သံမှူး Colonel Daokai Lertlivanh တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အာဆီယံနိုင်ငံများ၏ စုစည်းညီညွတ်မှုသည် များစွာခိုင်မာသည့်အတွက် ကမ္ဘာ့နိုင်ငံအသိုင်းအဝိုင်းကပါ အလေးထားသည်ကို တွေ့ရပါကြောင်း၊ အာဆီယံအသိုင်းအဝိုင်းတွင် လူဦးရေသန်း ၆၀၀ ကျော်ရှိပြီး ရေသယံဇာတ၊ မြေသယံဇာတနှင့် လုပ်သားများပေါကြွယ်ဝသည့်နိုင်ငံများဖြစ်ပြီး နိုင်ငံရေး၊ နိုင်ငံသားအရေး၊ ဘာသာရေးအရ ခွဲခြားမှုမရှိသည်မှာလည်း အာဆီယံနိုင်ငံများ၏ ထူးခြားချက်ပင်ဖြစ်ကြောင်း၊ ရေတပ်နှင့်ပတ်သက်၍ ကမ္ဘာတွင် သင်္ဘောသွားလာမှု အများဆုံးဖြစ်သည့် မလက္ကာရေလက်ကြားမှာ အာဆီယံနိုင်ငံများနှင့် တိုက်ရိုက်ဆက်စပ်နေပါကြောင်း၊ ပင်လယ်ရေကြောင်း လုံခြုံရေးသည်လည်း အရေးကြီးသဖြင့် အာဆီယံရေတပ်များ၏ ဆောင်ပုဒ်နှင့်အညီ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည်ဆိုပါက အားလုံးအောင်မြင်မှုရမည်ဟု ယုံကြည်ထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံရေတပ်ဦးစီးချုပ်များ၏ အဖွဲ့ခေါင်းဆောင် မလေးရှားနိုင်ငံ ရေတပ်ဦးစီးချုပ်က အာဆီယံရေတပ်အစည်းအဝေး လက်ခံကျင်းပမှု၊ နွေးထွေးစွာကြိုဆိုမှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံရေတပ်အသိုင်းအဝိုင်းတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

**(မြဝတီ)**

# တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲဆက်ဆံရေးကို ခိုင်မာအောင် ဆက်လက်လုပ်ဆောင်သွားမည်

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေနိုင်ငံသာမက မဟာဗျူဟာ မိတ်ဖက်နိုင်ငံအဖြစ် နှစ်နိုင်ငံသဘောတူ ဆက်ဆံနေသည့်နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ၆၅ နှစ်ရှိခဲ့ပြီဖြစ်ပြီး ကောင်းမွန်သည့်ဆက်ဆံရေးများရှိခဲ့ကြောင်း၊ နိုင်ငံရေးအရ ဆက်ဆံရေးအပြင်တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးမှာလည်း ကောင်းမွန်လျက်ရှိပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲဆက်ဆံရေးကို ခိုင်မာအောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်မှ လာရောက်ဂါရဝပြုတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။



အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Wang Jimboနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ကီလိုမီတာ ၂၀၀၀ ကျော်နယ်နိမိတ်ထိစပ်လျက်ရှိကာ နှစ်ဖက်နယ်စပ်တွင် တူညီသောတိုင်းရင်းသားများနေထိုင်လျက်ရှိပြီး ကူးလူးဆက်ဆံမှုများရှိကြောင်း၊ နယ်စပ်ပြဿနာအချို့ရှိနိုင်သော်လည်း ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခြင်းဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ နှစ်နိုင်ငံအစိုးရ၏ စီမံခန့်ခွဲမှုကို နယ်စပ်ဒေသတွင် နေထိုင်သူများက လိုက်နာဆောင်ရွက်ဖို့လိုကြောင်း၊ မြန်မာနိုင်ငံတွင်နှစ် ၇၀ အတွင်း အကြီးမားဆုံးရေကြီးမှု ကြုံတွေ့ရချိန်တွင် တရုတ်နိုင်ငံမှ စိတ်ဓာတ်ရေးရာ အားပေးကူညီမှု၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ တရုတ်နိုင်ငံတွင်လည်း ရေကြီးရေလျှံမှုနှင့်ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ပြီး အသက်ဆုံးရှုံးမှုများရှိခဲ့သည့်အတွက် ကိုယ်ချင်းစာပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဒေသတွင်းနိုင်ငံအချို့တွင်လည်း သဘာဝဘေးဒဏ်များဖြစ်ပေါ်ခဲ့သဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း၊ မူးယစ်ဆေးဝါးပြဿနာနှင့်ပတ်သက်၍ မြန်မာနိုင်ငံကို အခြေခံပြီး မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းများမပြုလုပ်နိုင်အောင် ယခုထက်ပိုမို၍ အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ အစွမ်းကုန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးထိခိုက်စေမည့်ကိစ္စရပ်များကို တပ်မတော်အနေဖြင့် လက်မခံနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့်နယ်စပ်ရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဘက် ဆက်ဆံရေးအပြင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့်အားကစား စသည့် ကဏ္ဍများတွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံတွင်ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးဒဏ်များအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

**(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (RFA)မှ တွေ့ဆုံမေးမြန်းမှုများ ဖြေကြား



**နေပြည်တော် ဩဂုတ် ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်အခြေစိုက် လွတ်လပ်သောအာရှအသံ(Radio Free Asia, RFA) မြန်မာပိုင်းအစီအစဉ်၏ ဌာနမှူး ဒေါ်ညိမ်းရွှေအား ယနေ့နံနက် ၁၁ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ်တည်ဆောက်နေမှု၊ တပ်မတော်အရာရှိများ ရွေးချယ်ခန့်ထားမှု၊ တပ်မတော်အမျိုးသမီး စစ်မှုထမ်းကဏ္ဍ၊ တပ်မတော်၏အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အစွန်းရောက်အကြမ်းဖက်အန္တရာယ်ကာကွယ်ရေး၊ တောင်တရုတ်ပင်လယ်အရေးနှင့် မြန်မာ့တပ်မတော်(ရေ)ကဏ္ဍ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စရပ်ဆိုင်ရာ မေးမြန်းမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောထားအမြင်များကို ရှင်းလင်းပြောကြားခဲ့သည်။

**(မြဝတီ)**

## မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်ရေးလေ့ကျင့်လျက်ရှိ

**ပုတော ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ် အားကစားနှင့်ကာယပညာကော်မတီက မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် အားလပ်ချိန် အချိန်ပိုင်းများတွင် မြို့နယ်အားကစားရုံ၌ ဝါသနာပါရာ ကစားနည်းများ ကစားနိုင်ရေးနှင့် မျိုးဆက်သစ်ကစားသမားများ ဖော်ထုတ်မွေးမြူ၍ ဘောလုံး၊ ပိုက်ကျော်ခြင်း ကစားနည်းများအား လေ့ကျင့်ပေးလျက်ရှိသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# "ပြည်သူရွေးချယ်လိုက်တဲ့အမတ်က ပြည်သူ တစ်ရာခိုင်နှုန်းလောက်တောင် ကြိုက်အောင်မလုပ်နိုင်ရင် ကိုယ့်လုပ်ရပ်အပေါ်မှာ မှတ်ကျောက်တင်မခံနိုင်တဲ့သူတွေပဲ" လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ မှတ်ချက်ပြုပြောကြား

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၈) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်များကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့် လွှတ်တော်ကိုယ်စားလှယ်(၁၅) ဦးတို့က ဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆွေးနွေးခြင်းကို ဆိုင်းငံ့ထားရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၂၆၄ မဲ၊ ကန့်ကွက်မဲ ၂၃၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အာဆီယံ-ကိုရီးယား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူ စာချုပ်အောက်တွင် ကုန်စည်ကုန်သွယ်ရေးသဘောတူ စာချုပ်ကို ပြင်ဆင်သည့် တတိယ အခြေပြုစာချုပ်အား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။



လွှတ်တော်ကိုယ်စားလှယ်
ဦးလှဆွေ။



ဒုတိယဝန်ကြီး
ဒေါ်လဲ့လဲ့သိန်း။

ယနေ့အစည်းအဝေးတွင် အတည်ပြုသည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းများနှင့် သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်များကို မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊ ကုန်စည်ကုန်သွယ်ရေးသဘောတူ စာချုပ်ကို ပြင်ဆင်သည့် တတိယ အခြေပြုစာချုပ်အား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများအပြီးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေအား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးလှဆွေက "ကျွန်တော်တို့ကို မဲဆန္ဒရှင်ပြည်သူတွေက မဲထည့်လို့လွှတ်တော်ထဲ ရောက်လာတာ၊ လွှတ်တော်ထဲမှာ အခြေခံဥပဒေကို လိုက်နာဆောင်ရွက်ပါမယ်လို့ သစ္စာဆိုရတယ်။ အမတ်ဖြစ်ပြီး ကိုယ့်ဒေသ တိုးတက်ရာ တိုးတက်ကြောင်း မလုပ်တဲ့သူ၊ မသွားတဲ့သူတွေရှိတယ်။ ဒေသဖွံ့ဖြိုးမှု ရှိမလာတဲ့ဒေသတွေက သူတို့ရွေးချယ်လိုက်တဲ့အမတ်တွေကို "မကြိုက်ခွင့် ရှိတယ်"။ ဒီလို အမတ်တွေကို ဒီဥပဒေနဲ့ အပြစ်ပေးရမှာ၊ အခု ဒီဥပဒေကို "ဆိုင်းငံ့"ဆိုတော့ ဒီအမတ်က အမတ်ဖြစ်ပြီးရင် ဘယ်သူမှ သူ့ကိုပြန်ပြီး ဆွဲချလို့မရတော့ဘူး။ လစာ ၁၀ သိန်း ထုတ်ပြီးတော့ ဇိမ်ပဲ၊ ဒီတစ်ရာခိုင်နှုန်း ဆိုတာလည်း လုံလောက်တဲ့ပမာဏ၊ ပြည်သူရွေးချယ်လိုက်တဲ့အမတ်က ပြည်သူ တစ်ရာခိုင်နှုန်းလောက်တောင် ကြိုက်အောင်မလုပ်နိုင်ရင် အဲဒါ ကိုယ့်လုပ်ရပ်အပေါ်မှာ မှတ်ကျောက်တင် မခံနိုင်တဲ့သူတွေပဲ၊ အခုဒီအဆိုရှုံးတယ်ဆိုတော့ လွှတ်တော်ကြီးမှာ ဒီလိုလူတွေများနေပြီဆိုတာ သေချာတယ်"ဟု "Right to Recall" ဥပဒေကြမ်း ဆိုင်းငံ့ခံရခြင်းအပေါ် မှတ်ချက်ပြုပြောကြားသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာကုန်သည်များအတွက် စီးပွားရေးဆိုင်ရာအချက်အလက်များ အထူးအစီအစဉ်အနေဖြင့် ထုတ်ပြန်ပေးရန်နှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၄)မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၏ **အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများတိုးမြှင့်သတ်မှတ်ရာတွင် အဘယ်ကြောင့် တိုးမြှင့်သတ်မှတ်သည့် လစာ ၄၅၀၀၀ အပေါ်တွင် မူတည်၍တွက်ချက်သည်ကို သိလိုခြင်းနှင့် ၂၀၁၅ မတ် ၃၁ ရက်ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော လက်ရှိအငြိမ်းစားများကို ၂၀၁၅ ဧပြီ ၁ ရက်မှစ၍ နောက်ပိုင်းအငြိမ်းစားယူသည့် အငြိမ်းစားဝန်ထမ်းများနည်းတူ ထပ်မံတိုးမြှင့်သည့်လစာနှုန်းထားများပေါ်တွက်ချက်၍ ပင်စင်လစာခံစားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားအား ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်တွင် ရာထူးအဆင့်အတန်းအားလုံးအား ကျပ်နှစ်သောင်းစီ တစ်ပြေးညီတိုးမြှင့်ခဲ့ပြီး အငြိမ်းစားများကိုလည်း လက်ရှိပင်စင်လစာအပြင် တိုးမြှင့်ခွင့်ပြုသည့် လစာကျပ်နှစ်သောင်းအပေါ် ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်ခံစားခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မတိုင်မီ ပင်စင်ယူခဲ့သူများအတွက် ပင်စင်လစာတိုးမြှင့်သတ်မှတ်ပေးနိုင်ရန် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ အခြေအနေပေါ်မူတည်၍ ရာထူးအနိမ့်ဆုံးဝန်ထမ်းအတွက် တိုးမြှင့်ငွေကျပ် ၄၅၀၀၀ ကို အခြေခံတွက်ချက်သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာအရအသုံးအနေအထားအရ ပင်စင်စားဟောင်းများကို လက်ရှိပင်စင်လစာအပြင် ရာထူးအနိမ့်ဆုံးဝန်ထမ်းအတွက် ထပ်မံတိုးမြှင့်သတ်မှတ်သည့် လစာကျပ် ၄၅၀၀၀ အပေါ်တွင်မူတည်၍ တည်ဆဲပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်ခံစားခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ ပင်စင်စားဟောင်းများအတွက် ပင်စင်လစာများကို ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်နောက်ပိုင်း အငြိမ်းစားဝန်ထမ်းများနည်းတူ ခံစားခွင့်ပြုပေးရန် အစီအစဉ် မရှိသေးပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေ ကောင်းမွန်တိုးတက်လာသည်နှင့်အမျှ နိုင်ငံ့ဝန်ထမ်းလစာများသာမက အငြိမ်းစားဝန်ထမ်းလစာများကို တိုးမြှင့်ခံစားနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။



ဒုတိယဝန်ကြီး
ဒေါက်တာလင်းအောင်။



ကမာရွတ်မဲဆန္ဒနယ်မှ
ဒေါက်တာစိုးရင်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး၏ **မြန်မာကျပ်ငွေ ဈေးနှုန်းသည် အိမ်နီးချင်းနိုင်ငံများ၏ ငွေကြေး၊ အမေရိကန်ဒေါ်လာများနှင့် နှိုင်းယှဉ်ပါက မည်မျှတန်ဖိုးကျသင့်နေကြောင်းကို နေ့စဉ်မီဒီယာများမှ ပြောကြားပေးရန်နှင့် မြန်မာကုန်သည်များအတွက် စီးပွားရေးဆိုင်ရာအချက်အလက်များ အထူးအစီအစဉ်အနေဖြင့် ထုတ်ပြန်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လက်ခံရရှိကြောင်း၊ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်က ယင်းဥပဒေကြမ်းအား ဖတ်ကြားရှင်းလင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးတင့်က အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ်က ယင်းဥပဒေကြမ်းအား ဖတ်ကြားရှင်းလင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းနှစ်ခုအား တင်သွင်းခြင်း၊ အစီရင်ခံစာဖတ်ကြားခြင်း၊ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်အမည်တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများနှင့် ချင်းပြည်နယ် ဟားခါးမြို့ရှိ သဘာဝဘေးဒဏ်ခံစားနေရသော ပြည်သူများအား ထောက်ပံ့ကူညီရန် ပြည်တွင်း အလှူရှင်များက လှူဒါန်းသည့် ထောက်ပံ့ပစ္စည်း (၉၈) တန်ခန့်အား မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းဆပ်ကော်မတီမှ ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီခွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ် (၉) စီးဖြင့် မန္တလေးမြို့ တံတားဦးလေဆိပ်မှ မုံရွာမြို့သို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်ပြည်နယ်ခွဲ အစိုးရမှ လှူဒါန်းသည့် ဆန်အိတ်အပါအဝင် လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်း (၂၄)တန်ခန့်အား မန္တလေးမြို့ မြို့ဟောင်းဘူတာမှ မြန်မာ့မီးရထားကုန်တွဲ (၁)တွဲဖြင့် ပို့ဆောင်ခဲ့ရာ ပဲခူးမြို့သို့ ယနေ့ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို ပဲခူးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီမှ နီဆန်းထရပ် (၂၂) ဘီး ယာဉ်နှစ်စီးဖြင့် ပဲခူးဘူတာမှ သာသနာ့ဗိမာန်သို့ ဆက်လက်ပို့ဆောင်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရေဘေးသင့်ဒေသများသို့ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၁၆ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူ

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၁၆ ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ အမြဲတမ်းဝန်ထမ်း ဆရာဝန်များအတွက် ဖွင့်လှစ်မည့် ဆေးပညာပါရဂူဘွဲ့သင်တန်းများ၊ ဆေးပညာမဟာသိပ္ပံ သင်တန်းများနှင့် ဒီပလိုမာသင်တန်းများနှင့် ပြင်ပဆရာဝန်များအတွက် ဖွင့်လှစ်မည့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာများခေါ်ယူထားပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း၊ လျှောက်လွှာများကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၂ ရက် နောက်ဆုံးပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးပိုလာမည်။

## မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ကူညီထောက်ပံ့မှုများ**

# ရေဘေးသင့်ကျောင်းများနှင့် ကျောင်းသား/သူများ ပြန်လည်ထူထောင်ရေး အလှူငွေနှင့် ပစ္စည်းများပေးအပ်




**ရန်ကုန် ဩဂုတ် ၂၀**

ရေဘေးသင့်စာသင်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်းပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရေဘေးသင့် အခြေခံပညာကျောင်းများနှင့် တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေများနှင့် ပစ္စည်းများကို စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယနေ့လှူဒါန်းပွဲတွင် အလှူရှင် ၁၄၆ ဦးတို့က အလှူငွေကျပ် ၅၉၇ ဒသမ ၁၂၇ သန်း အဆောက်အအုံ၊ ပရိဘောဂပစ္စည်းနှင့် စာရေးကိရိယာများ အတွက် တန်ဖိုးငွေကျပ် ၃၀၂ ဒသမ ၆၂၉ သန်း စုစုပေါင်းတန်ဖိုးငွေကျပ် ၈၉၉ ဒသမ ၇၅၆ သန်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

နိုင်ငံတစ်ဝန်း သဘာဝဘေးဒဏ်ကြောင့် ရေဘေးသင့်ကျောင်း ၄၅၄၈ ကျောင်းရှိခဲ့ပြီး ပြန်လည်ပြုပြင်တည်ဆောက်ရန် ကျောင်းပေါင်း ၁၂၁၅ ကျောင်း ရှိကာ ခန့်မှန်းပျက်စီးမှုတန်ဖိုးကျပ်သန်းပေါင်း ၇၃၂၈ ဒသမ ၁၂၇ သန်းရှိသည်။

(ကြေးမုံ)

# ကျောင်းကုန်းမြို့နယ်တွင် အလှူရှင်များ ထောက်ပံ့ပစ္စည်းများ လှူဒါန်း



**ကျောင်းကုန်း ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရေဘေးကြီးကြပ်မှုကော်မတီရုံးတွင် အလှူရှင်များ လှူဒါန်းထားသည့် ထောက်ပံ့ပစ္စည်းများကို ပရဟိတလူငယ် ကိုလှဝင်း၊ ကိုအောင်ဇော်မျိုးတို့ ဦးဆောင်ပြီး ရုံးပင်ကျေးရွာရှိ လူဦးရေ ၃၆၁ ဦးအား ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဆပ်ပြာမှုန့်၊ ဆီ၊ ဆား၊ ဆိုလာဓာတ်မီးနှင့် အဝတ်အထည်များ သွားရောက်လှူဒါန်းခဲ့သည်။ ရုံးပင်ကျောင်းထိုင်ဆရာတော်အား ဆန်တစ်အိတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

၎င်းတို့အဖွဲ့သည် ချောင်ကြီးကျေးရွာရှိ အိမ်ခြေ ၅၈ စု၊ လူဦးရေ ၁၉၆ ဦးအား ဆန် ၁၂ အိတ်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမှုန့်၊ ဆီနှင့်ဆားများ သွားရောက်လှူဒါန်းခဲ့ကြသည်။ ကိုမျိုးသူအောင်အဖွဲ့သည် လေ့ကွဲလဟာအုပ်စု ဒေါင့်ကွေး၊ ဘီးလင်း၊ ကျွန်းစု၊ စာဖြူစု၊ အရှေ့ကျွန်းချောင်းနှင့် ကွင်းဘောကျေးရွာများသို့ မန္တလေးတိုင်းဒေသကြီး သစ်စက်ပိုင်ရှင်များအသင်း၊ သစ်လုပ်ငန်းရှင်များနှင့်အတူ အိမ်ထောင်စု ၉၅ စု လူဦးရေ ၄၀၀ အား ဆန်နှင့် အသုံးအဆောင်၊ အဝတ်အထည်နှင့် စားသောက်ကုန်များ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၉ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ လာရောက်လှူဒါန်းသော ပစ္စည်းများမှာ ဆန်အိတ် ၃၀၊ ခေါက်ဆွဲခြောက် ၂၈ ဖာ/၁၆ ထုပ်၊ အဝတ်အထည် ၁၄ အိတ်/ငါးဖာ၊ ကျောင်းစိမ်းအကျီ(ကြွပ်ကြွပ်အိတ်) နှစ်အိတ်၊ သက်န်း သုံးဖာ/၃၃စုံ၊ မုန့်ကြွပ်လေးပုံးနှင့် အချိုရည်ဖာ ၁၀၀ အလှူပစ္စည်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၈၀၀ ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# သာပေါင်းမြို့၌ စားရေရိက္ခာနှင့် စာသင်ကျောင်းဆောက်လုပ်ရန် လှူဒါန်း

**ဖယ်ခုံ ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နှင့် မိုးဗြဲမြို့တို့ရှိ ဘုန်းကြီးကျောင်းတိုက်များမှ ကျောင်းထိုင်ဆရာတော်များ၊ ဖယ်ခုံမြို့လူထုအခြေပြုနာရေးကူညီမှုအသင်းမှ တာဝန်ရှိသူများနှင့် ယင်းမြို့နယ်များရှိ စေတနာရှင်ပြည်သူများက စားရေရိက္ခာနှင့် စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ရှိ ရေဘေးသင့် မရမ်းချိုကျေးရွာအုပ်စုနှင့် ရွှေတောင်ကျကျေးရွာတို့အား ဩဂုတ် ၁၄ ရက်က သွားရောက်လှူဒါန်းရာ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ဆေးဝါးများနှင့် အဝတ်အထည်များ စုစုပေါင်းတန်ဖိုးကျပ်သိန်း ၁၄၀ ခန့်ကို လှူဒါန်းခဲ့ကြသည်။

ထို့ပြင် မရမ်းချိုကျေးရွာ၌ စာသင်ကျောင်းများ ဆောက်လုပ်ရန်အတွက် ငွေကျပ် ဆယ်သိန်းကိုလည်းကောင်း၊ ရွှေတောင်ကျရွာ၌လည်း စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်းတို့ကို ဆရာတော်များက ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများသို့ သွားရောက်လှူဒါန်းမည့် ဒါရိုက်တာမောင်သီထံသို့ အလှူငွေ တစ်သိန်းခွဲကိုလည်း လှူဒါန်းခဲ့သည်။

(ကြေးမုံ)

# ရေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် အလှူငွေနှင့် ပစ္စည်းများထောက်ပံ့

**ရေဦး ဩဂုတ် ၂၀**

ရေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် ရေဦးမြို့ အထက(၂)မှ အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ ငွေကျပ် ၁၆ သိန်းကျော် တန်ဖိုးရှိ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက အထက(၂)၌ ကျင်းပရာ အလှူရှင်များကိုယ်စား ကျောင်းအုပ်ဆရာကြီးနှင့် မြို့ခံကျောင်းသားဟောင်းများက ကျောင်းသား ကျောင်းသူတစ်ဦးချင်းအား ပေးအပ်ခဲ့ကြောင်းသိရသည်။

အေးမြင့်စန်း(ပြန်/ဆက်)

# ခရိုင်/မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရေဘေးသင့်ပြည်သူများအား လှူဒါန်း

**ညောင်တုန်း ဩဂုတ် ၂၀**

ညောင်တုန်းမြို့၌ ဩဂုတ်လဆန်းပိုင်းက ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက်ကျော်လွန်ကာ လိမ္မော်ရောင်အဆင့် သတ်မှတ်ခံရသည့် မြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်မှုဒဏ်ခံကျေးရွာများရှိ ပြည်သူများအား အနယ်နယ်အရပ်ရပ်မှ လာရောက်လှူဒါန်းလျက်ရှိရာ မအူပင်ခရိုင်နှင့် ညောင်တုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ဆင်ထုံးကျေးရွာအုပ်စု ရွှေသောင်ယံကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းကြသည်။

အဆိုပါကျေးရွာသည် ညောင်တုန်းတံတားကြီး၏ အလယ်တွင်ရှိ မြေနုကျွန်းကျေးရွာငယ်ဖြစ်ပြီး ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြို၍ ပြောင်းရွှေ့ရခြင်းနှင့် ရေနစ်မြုပ်မှုကြောင့် ပြောင်းရွှေ့ရသည့် အိမ်ထောင်စု ၉၂ စုတို့အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (ဗဟို)မှ ပေးပို့လှူဒါန်းသော အသုံးအဆောင်ပစ္စည်းများနှင့် ငွေကြေးများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ လှူဒါန်းသော အသုံးအဆောင်ပစ္စည်းများနှင့် ငွေကြေးများကို ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစိုးစိုးအေးနှင့် ဒေါ်ချိုဇင်သန့်တို့က အိမ်ထောင်စုအလိုက် ပေးအပ်လှူဒါန်းသည်။



မြစ်ကမ်းပါး ရေတိုက်စား၍ ပြိုကျမှုကြောင့် ပြောင်းရွှေ့ကြရသော ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများကို အိမ်ဆောက်လုပ်နေထိုင်ရန် နေရာများဆောင်ရွက်ပေးနိုင်ရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က စီစဉ်လျက်ရှိကြောင်းသိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ကူညီထောက်ပံ့မှုများ

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၅ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၃၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၁. ၈၇' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၉၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၄. ၉၀' |
| ၇။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၅၈' |
| ၈။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၅၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၅၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၃၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၀၀' |
| ၁၂။ | မြောက်ယမား ရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၂၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၁၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၄၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၂၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၂၁။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၈၂' |
| ၂၂။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၅၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၅။ | တောင်ညိုရေလှောင်တမံ | ၂၀၀၀၀၀ | ၁. ၇၀' |
| ၂၆။ | ဘော်ဘင်ရေလှောင်တမံ(၁) | ၉၇၆၄၆ | ၀. ၁၅' |
| ၂၇။ | ဘော်ဘင်ရေလှောင်တမံ(၂) | ၂၆၅၈၈ | ၀. ၂၅' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၆၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၀။ | မာလဲနတ်တောင် ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၄၀' |
| ၃၁။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၉၀' |
| ၃၂။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၃၃။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၅၀' |
| ၃၄။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၄၀' |
| ၃၅။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၅၀' |

(သတင်းစဉ်)



# ခေါင်းဆေးကျွန်းကျေးရွာဝန်းကျင် သောက်သုံးရေပေးဝေ

**ဟင်္သာတ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အစိုးရအဖွဲ့ဝင်များသည် ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲက ဟင်္သာတမြို့သို့ ရောက်ရှိပြီး ရွှေစေတီ ကမ်းနားတာတွင် တပ်မတော်မှ ခေတ်မီရေသန့်စက်ကြီးများဖြင့် ဟင်္သာတမြို့နယ်အတွင်းရှိ ရေကြီးရေလျှံခဲ့သည့် ခေါင်းဆေးကျွန်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများအား သောက်သုံးရေများ ပေးဝေနေမှုများကို ကြည့်ရှုခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် ရေဘေးသင့်ပြည်သူများအားတွေ့ဆုံအားပေးစကားပြောကြားပြီး ငါးသေတ္တာ၊ ပေါင်မုန့်၊ ရေသန့်ဘူးများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ ရွှေစေတီကမ်းနားတာ (စည်ပင်တာတမံ)များတွင် ဧရာဝတီမြစ်ရေ ဟင်္သာတမြို့ စိုးရိမ်ရေမှတ်ကျော်လွန်ရောက်ရှိစဉ် အရေးပေါ် ပြုပြင်ဆောင်ရွက်ခဲ့ရသော နေရာများအား မြစ်ရေကျဆင်းချိန်တွင် စည်ပင်ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့များ၊ အိပ်ပျက်ကျေးရွာလူမှုထူးချွန်ဦးစံဝင်းနှင့် အဖွဲ့များက မြစ်ရေပြန်လည်မြင့်တက်လာပါက အချိန်မီပြီးစီးအောင် ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး စည်ပင်နှင့် ဆည်မြောင်းဌာနမှ တာဝန်ရှိသူ များအား လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် လက်သမားရပ်ကွက်တွင် တည်ထားကိုးကွယ်ထားရှိသော ပြည်လုံးကပ်ကျော်ဦးပါရဲ စေတီတော်မြတ်ကို ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၀**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပြည်တွင်းလေကြောင်းလိုင်းဖြစ်သည့် တပ်မတော်လေယာဉ်နှင့် ကမ္ဘောဇလေကြောင်းတို့မှ လေယာဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေနှစ်ခေါက်ဖြင့် ဆိုလာမီးအိမ်များ၊ ခေါင်းအစုံ(ကြီး/သေး)၊ လူသုံးကုန်ပစ္စည်း မျိုးစုံ၊ ပုဆိုးအထည်၊ ဖိနပ်အစုံ(ကျား၊ မ၊ ကလေး)၊ အဝတ်အထည်၊ ခြင်ထောင်နှင့်ဆေးစိမ်ခြင်ထောင်များကို ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများ မိမိတို့ဒေသသို့ ပြန်နိုင်ကြပြီ

**ရေကြည် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဩဂုတ် ၇ ရက်မှစတင်၍ ငဝန်မြစ်ရေမြင့်တက်မှု၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာများ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ ယခုအခါ ကျေးရွာအချို့တွင် ရေများလျော့နည်းသွားပြီဖြစ်သောကြောင့် ဩဂုတ် ၁၉ ရက်တွင် ကယ်ဆယ်ရေးစခန်းများမှ မိမိတို့နေရပ်သို့ ပြန်ကြပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# ကျေးရွာအုပ်စု ၁၆ စုအတွက် ဆန်နှင့် ငွေသားအပါအဝင် ငွေကျပ်သိန်း ၃၅၀ ထောက်ပံ့လှူဒါန်း

**ပန်းတောင်း ဩဂုတ် ၂၀**

တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းက ရေဘေးသင့်ဒေသဖြစ်သော ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၆ စုအတွက် ဆန်နှင့် ငွေသားအပါအဝင် ငွေကျပ်သိန်း ၃၅၀ အား ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက ပန်းတောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးရွာအုပ်စုမှတာဝန်ရှိသူများထံ ထောက်ပံ့လှူဒါန်းခဲ့သည်။

တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးကိုကိုထွေးက "ပန်းတောင်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လတ်တလောပြေလည်သွားနိုင်မယ့်အနေအထားအရ ကျေးရွာအုပ်စုများမှ ပျက်စီးသွားတဲ့အိမ်တွေ ပြန်ပြင်ဖို့အတွက် လှူဒါန်းလိုက်တာပါ။ အိမ်ခြေပျက်စီးမှုကို ပြုပြင်နိုင်တဲ့သူတွေကတော့ သူတို့ကိုယ်တိုင် ပြုပြင်ကြပါတယ်။ ပျက်စီးအိမ်ခြေ ၈၄၆ အိမ်ရှိပါတယ်။ အဲဒီသူတွေ ပြန်ပြင်နိုင်ကြဖို့အတွက် ပံ့ပိုးဖို့ကို တာဝန်ရှိသူတွေကိုမေးမြန်းပြီး ခန့်မှန်းတွက်ချက်ကြည့်တာ အိမ်ခြေ တစ်လုံးကို ငွေကျပ်နှစ်သောင်းကျော် ကုန်ကျမှာပါ။ ဒါကြောင့် အိမ်ခြေတစ်လုံးကို ငွေကျပ်သုံးသောင်းခွဲလောက် ပေးလိုက်မယ်ဆိုရင် လတ်တလောဖြေရှင်းဖို့ရသွားပါတယ်။ နောက်တစ်ခုက အဆင်မပြေတဲ့သူတွေကို စိတ်ဓာတ်မြှင့်တင်ပေးဖို့က အဓိကပါ။ သူတို့မှာ စိတ်ဓာတ်ကျပြီး နေစရာမရှိအောင်ဖြစ်ခဲ့ကြတော့ အလွန်စိတ်အားငယ်နေကြတာပါ။ ကိုယ့်အိမ်လေး ပြန်ဆောက်နိုင်ကြပြီဆိုရင် သူတို့လည်းအားတက်သွားတာပေါ့။ ပြီးတော့ တခြားသူတွေကလည်း စားရေး၊ သောက်ရေး ပံ့ပိုးပေးထားတာလည်း ရှိတယ်ဆိုတော့ သူတို့ ပိုအားတက်ပါတယ်။ ဒါကိုရည်ရွယ်ပြီး ပထမဦးဆုံးအဆင့်အနေနဲ့ ထောက်ပံ့ပေးတာပါ"ဟု ရှင်းပြသည်။

ရေဘေးသင့်၍ ပြောင်းရွှေ့နေထိုင်ကြရသည့် ဆင်တဲအုပ်စု ဆင်တဲရွာ၊ တမာကုန်းရွာနှင့် သရက်လိန်အုပ်စု တက်သစ်ကျွန်းရွာတို့မှ အိမ်ထောင်စုများအတွက် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) ဒေသကွပ်ကဲရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ခဲ့ကြကြောင်း သိရပြီး ပန်းတောင်းမြို့မဆေးရုံအတွင်း ဩဂုတ် ၁ ရက်က ဆေးရုံကုသဆောင်များ ရေနစ်မြုပ်ခဲ့သဖြင့် ကြခတ်ရပ်ကွက် ဆုတောင်းပြည့် အမကနှင့် ဆုတောင်းပြည့် ဘုန်းကြီးကျောင်းမွှာရုံသို့ လူနာများအား ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

(စိုးဝင်း-MLA)

# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်ရှေ့နေအသင်းက ရေဘေးသင့်ဒေသများသို့ လှူဒါန်းရန်အတွက် ကောက်ခံထားသောအလှူငွေများကို ဝေဠုကျော်ဖောင်ဒေးရှင်းသို့ အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)ရှိ ရန်ကုန်ရှေ့နေအသင်းခန်းမ၌ ကျင်းပသည်။

တရားလွှတ်တော်ရှေ့နေ ဒေါ်လွင်မာဦးက "ကျွန်မကိုယ်ပိုင်ငွေနဲ့ ကားသုံးစီးစာ သောက်ရေသန့်၊ ဆန်၊ ဆီ၊ ဆား၊ ဆေးဝါးနဲ့ အဝတ်အထည်တွေကို လက်ရောက်လှူဒါန်းခဲ့ပြီး ရန်ကုန်ရှေ့နေအသင်းကို ပြန်ပြောပြရာက အသင်းဝင်တွေကလည်း ကူညီချင်စိတ်နဲ့ ထည့်ဝင်လှူဒါန်းကြတာပါ" ဟု ပြောသည်။

တရားလွှတ်တော်ရှေ့နေ ဦးစိုးတင့်ကလည်း "အလှူငွေထည့်ဝင်ကူညီတာ လွယ်ကူပေမယ့် ကိုယ်တိုင်သွားရောက်လှူဒါန်းဖို့က ရုံးကတစ်ဖက်ရှိလို့ အခုလို ဝေဠုကျော်ဖောင်ဒေးရှင်းကို လှူဒါန်းရခြင်းဖြစ်ပါတယ်။ ပြန်လည်တည်ဆောက်ရေးကာလမှာလည်း အခုထက် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ရန်ကုန်ရှေ့နေတွေထံမှာ အလှူခံပြီး ထပ်မံလှူဒါန်းပါမယ်"ဟု ပြောသည်။

ငွေသားကျပ် ခုနစ်သိန်းကျော်၊ ခေါက်ဆွဲ၊ ဆေးဝါး၊ အဝတ်အထည်၊ ဆန်၊ ဆီ၊ ဆား စုစုပေါင်း ၁၅ သိန်းဖိုး လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မင်း(ဒလ)**

■



# ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ



ကလေး-ကျီကုန်းလမ်းပိုင်းတွင် တင်ကျန်နေသော ရွှံ့ညွှန်များအား စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားနေစဉ်။

## လယ်ယာကဏ္ဍတွင် အဓိကဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ

- ရေကျသည့် လယ်မြေများအား တစ်ကွက်ပေါ် တစ်ကွက်ထွန်စနစ်ဖြင့် ထွန်ယက်ပေးခြင်း၊
- ထွန်စက်ရေနွှ့ဂေါ်များဖြင့် သဲနန်းများ ဖယ်ရှား ပေးခြင်း၊
- ရေနစ်မြုပ်သွားသော တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာများ ပြုပြင်ပေးခြင်း၊

## လူမှုရေးဆိုင်ရာ ဆောင်ရွက်မှုများ

- ဆေးရုံ၊ ကျောင်းများတွင် ရွှံ့ညွှန်များ ဖယ်ရှားပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊
- လမ်းပေါ်တွင် တင်ကျန်နေသည့် ရွှံ့ညွှန်များကို ရှင်းလင်းဖယ်ရှားပေးခြင်း၊
- ရေ၊ မီးလိုင်းများ ပြန်လည်ပြုပြင်ပေးခြင်း၊
- အမှိုက်များ ဖယ်ရှားရှင်းလင်းပေးခြင်း၊
- ရေနုတ်မြောင်းများ ပြုပြင်မွမ်းမံခြင်း၊



ကလေး-ကျီကုန်းလမ်းပိုင်းတွင် ရွှံ့ညွှန်များ ဖယ်ရှားပြီးဖြစ်၍ ကားများသွားလာနေသည်ကို တွေ့ရစဉ်။





ကလေးမြို့ အမှတ် (၁) အထက်တန်းကျောင်း ရေနုတ်မြောင်းတူးဖော်နေစဉ်။



ကလေးမြို့ ပြည်သူ့ဆေးရုံတွင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေစဉ်။



ကလေးမြို့ ပြည်သူ့ဆေးရုံပြန်လည်ပြုပြင်ပြီးနောက် ဆေးကုသမှုခံယူနေသော လူနာများအား တွေ့ရစဉ်။



ကလေးမြို့ အမှတ် (၁) အထက်တန်းကျောင်းတွင် စာသင်ခန်းများ ရေဆေးသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေစဉ်။



ကလေးမြို့ အမှတ် (၁) အထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ပြီးနောက် ကျောင်းသားများ စာသင်ယူနေကြစဉ်။

ပြည်တွင်းရေးရာ

## ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်းစိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၂၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ဝေန်မြစ် စိုးရိမ်ရေမှတ်သည် ဩဂုတ် ၈ ရက်မှ စ၍ နေ့စဉ်လျော့နည်းကျဆင်းလျက် ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ် အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်ရှိ ဝေန်မြစ်၏ နေ့အလိုက်ရေမှတ်များ




## တရုတ်နိုင်ငံ ရွှေလီမြို့ ပြည်သူ့အစိုးရမှ မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

**မူဆယ် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံရွှေလီမြို့ ပြည်သူ့အစိုးရမှ မြန်မာပြည်ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်အတွက် အလှူငွေပေးအပ်ခြင်းကို ဩဂုတ် ၂၀ရက် နံနက် ၉နာရီတွင် နှစ်နိုင်ငံဝင်/ထွက်ပေါက်ဖြစ်သော နန်းတော်ဂိတ်(ကျယ်ဂေါင်) တွင်ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ရာတွင် တရုတ်နိုင်ငံ ရွှေလီမြို့ပြည်သူ့အစိုးရအဖွဲ့မှ ပြည်ပဆက်ဆံရေးဌာနမှူး မစ္စတာကျန်းယီရှောက်က မြန်မာပြည်ရေဘေးသင့်ပြည်သူများအတွက် တရုတ်ငွေ ၁၅၃၅၈၈ ယွမ်၊ မြန်မာငွေကျပ် ၃၀၂၇၆၂၀၀၀ အား လွှဲပြောင်းပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဘက်မှ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက လက်ခံရယူခဲ့သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းသည့် ရွှေလီမြို့ပြည်သူ့အစိုးရအဖွဲ့အား ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ယင်းအလှူငွေ ပေးအပ်လှူဒါန်းပွဲသို့ ရွှေလီမြို့ ပြည်သူ့ဆက်ဆံရေးဌာနမှူး၊ ကြက်ခြေနီအဖွဲ့၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနမှ တာဝန်ရှိသူများနှင့် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မူဆယ်ခရိုင်(ပြန်/ဆက်)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် (၂၀) ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၀၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၄၅၁ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၈၀၁၁ | ၁၈၁၄၄၇ | ၁၄၄၉၂၂ | ၁၁၄၈၀၄ | ၂၅၉၁၀ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၁၆၄၉၄ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၅၅၇ | ၉၆၈၄၆ | ၉၅၈၅၈ | ၆၃၄၉ |
| ၉။ | မန္တလေးတိုင်းေဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၆၉၈၇၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၆၀၅၃၂ | ၆၆၇၇၁ | ၁၂၉၄၆ | ၁၃၂၀ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၄၉ | ၃၈၂၉ | ၂၆၁၉ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၁၅ | ၁၄၂၀၉၉ | ၁၃၃၄၃၄ | ၇၆၅၆၀ | ၆၃၈၂ |
| | စုစုပေါင်း | ၁၄၄၃၈၉၂ | ၁၂၁၁၆၈၂ | ၉၇၂၉၄၇ | ၆၅၈၇၈၁ | ၂၃၂၁၆၂ |

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၂၀ ရက်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော်  ဩဂုတ်  ၂၀**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၀ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု၄၀၅၂၆၈ စုမှ လူဦးရေ ၁၆၃၀၈၇၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၁၀၄၀၃၇၅၀၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၀၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၁၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၆၀၄၃၇၂၈၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၀- ၈ -၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၀၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၂၀)ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၀၆ | ၆၅၆၈၃ | ၃၉၉၅၆၇ | ၁၉ | ၅၀၀၅၃၀၀၀ | - | ၁၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၃၀၀၀၀၀ | ၁၀၈၃၇၇၀၆၀ | |
| ၂။ | ကချင်ပြည်နယ် | ၅၃ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၄၈၆ | ၇၆၁၁ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၁၈၈ | ၃၇၅၅ | ၁၅၆၁၂ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၇၈၉ | ၄၀၄၂ | ၂၀၄၄၉ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၃ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၁၈၆၀ | ၁၂၁၇၆၃ | ၅၀၅၇၆၁ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၂၁၁ | ၆၃၄၀၁ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၁၇၈၁၂ | ၃၈၄၉၀၅ | ၁၆၁၅၉၆၄ | ၁၁၀ | ၁၀၀၄၉၀၁၅၀ | ၁၁၄၅၁၄၅၀ | ၁၆၂၈၉၀၀၀၀ | ၃၁၂၁၅၉၉၇၀ | ၉၄၀၀၀၀၀ | ၅၉၆၃၉၀၅၇၀ | |
| | ဇွန်လနှင့် ဇူလိုင်လ၊ဩဂုတ်လ စုစုပေါင်း | ၁၈၂၁၇ | ၃၈၇၀၅၁ | ၁၆၃၀၈၇၅ | ၁၁၇ | ၁၀၄၀၃၇၅၀၀ | ၁၅၂၄၄၂၃၀ | ၂၀၁၁၉၀၀၀၀ | ၃၂၇၈၆၅၅၅၀ | ၁၀၁၀၀၀၀၀ | ၆၆၀၄၃၇၂၈၀ | |

# မြန်မာအမျိုးသားလေကြောင်း ရန်ကုန်-စင်ကာပူသို့ စတင်ပျံသန်းခြင်း ခရီးစဉ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း နိုင်ငံတော်ပိုင်လေကြောင်းလိုင်း၏ နှစ်ပေါင်း ၂၃ နှစ်တာကာလအတွင်း ပထမဦးဆုံးနိုင်ငံတကာ ခရီးစဉ်အဖြစ် စတင်ပျံသန်းမည့် ရန်ကုန်-စင်ကာပူ ခရီးစဉ်သစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာဆောင်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးဟံစိန်နှင့် အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းတို့က ရန်ကုန်-စင်ကာပူ ခရီးစဉ်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် မြန်မာစံတော်ချိန် နံနက် ၁၀နာရီခွဲတွင် စင်ကာပူနိုင်ငံသို့ လိုက်ပါကြမည့် ခရီးသည်များတင်ဆောင်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာခဲ့ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် အဆိုပါလေယာဉ်သည် စင်ကာပူနိုင်ငံ Changi အပြည်ပြည်ဆိုင်ရာလေဆိပ် ဂိတ်အမှတ် (၃)သို့ ဆိုက်ရောက်သည်။

ထို့နောက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် Changi အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ လိုက်ပါကြမည့် ခရီးသည်များတင်ဆောင်၍ ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

အဆိုပါ Myanmar National Airlines ၏ စင်ကာပူနိုင်ငံသို့ ပျံသန်းမည့် Boeing 737 800 လေယာဉ်သည် စနေနေ့မှအပ နေ့စဉ်ပျံသန်းပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါခရီးစဉ်အသစ် စတင်ခြင်း အထိမ်းအမှတ်အနေဖြင့် MNA မှ လက်မှတ်များကို အထူးဈေးနှုန်းများဖြစ်သော စင်ကာပူ-ရန်ကုန်-စင်ကာပူ အသွားအပြန်ခရီးစဉ်အတွက် စင်ကာပူဒေါ်လာ ၂၈၉ ဒေါ်လာဖြင့်လည်းကောင်း၊ ရန်ကုန်-စင်ကာပူ-ရန်ကုန် အသွားအပြန် ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၂၃၉ ဒေါ်လာဖြင့်လည်းကောင်း အရောင်းမြှင့်တင်ခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်းလည်း ထပ်မံသိရှိရသည်။

**(သတင်းစဉ်)**



# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသက်(၁၀၀)နှစ်နှင့်အထက် သက်ကြီး အဘိုးအဘွားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေ ဒုတိယအကြိမ် ပေးအပ်ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၂၀**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသက်(၁၀၀)နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများအား နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်း စုဆောင်း၍ ထောက်ပံ့ငွေ ဒုတိယအကြိမ် ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့က အသက်(၁၁၁)နှစ်ရှိ အဘွား ဒေါ်ခင်ရွှေအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အသက်(၁၀၈)နှစ်ရှိ အဘွား ဒေါ်သိန်းခင်အား လည်းကောင်း ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ထောက်ပံ့ငွေကျပ် နှစ်သိန်းစီနှင့် လှူဖွယ်ဆေးဝါးပစ္စည်းများနှင့် အဝတ်အထည် လက်ဆောင်ပစ္စည်းများကို ချီးမြှင့်ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက အဘိုးအဘွားများအား ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ထောက်ပံ့ငွေများ၊ လှူဖွယ်ဆေးဝါးနှင့် အဝတ်အထည် လက်ဆောင်ပစ္စည်းများကို ချီးမြှင့်ထောက်ပံ့ကြသည်။

ထို့နောက် အခမ်းအနားအပြီးတွင် အဘိုးအဘွားများအား အာဟာရဒါနအဖြစ် စားသောက်ဖွယ်ရာများ ဧည့်ခံကျွေးမွေးခဲ့သည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌ ပထမအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် အဘိုးရှစ်ဦး၊ အဘွား ၁၅ ဦး စုစုပေါင်း ၂၃ ဦးကို လည်းကောင်း၊ ယနေ့ ဒုတိယအကြိမ်အဖြစ် အဘိုးငါးဦး၊ အဘွား ၂၃ ဦး စုစုပေါင်း ၂၈ ဦးကို လည်းကောင်း ထောက်ပံ့ချီးမြှင့်ပေးအပ်ခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ အဘိုး ၁၃ ဦး၊ အဘွား ၃၈ ဦး စုစုပေါင်း ၅၁ ဦး အပါအဝင် တစ်နိုင်ငံလုံးတွင်ရှိသည့် အသက်(၁၀၀)နှစ်နှင့်အထက် အဘိုး ၃၃၃ ဦး၊ အဘွား ၈၄၆ ဦး စုစုပေါင်း ၁၁၇၉ ဦးကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ပြည်နယ်/တိုင်းဒေသကြီးများရှိ အသက်(၁၀၀)နှစ်အထက် အဘိုးအဘွားများစာရင်း**

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | အဘိုး | အဘွား | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကချင် | ၃၈ | ၆၀ | ၉၈ | |
| ၂ | ကယား | ၂ | ၁ | ၃ | |
| ၃ | ကရင် | ၇ | ၃၂ | ၃၉ | |
| ၄ | ချင်း | ၁ | ၂ | ၃ | |
| ၅ | စစ်ကိုင်း | ၂၃ | ၆၉ | ၉၂ | |
| ၆ | တနင်္သာရီ | ၂၃ | ၃၈ | ၆၁ | |
| ၇ | ပဲခူး(အရှေ့) | ၁၇ | ၆၁ | ၇၈ | |
| ၈ | ပဲခူး(အနောက်) | ၁၈ | ၄၈ | ၆၆ | |
| ၉ | မကွေး | ၁၁ | ၆၀ | ၇၁ | |
| ၁၀ | မန္တလေး | ၄၁ | ၁၅၂ | ၁၉၃ | |
| ၁၁ | မွန် | ၃၅ | ၄၂ | ၇၇ | |
| ၁၂ | ရခိုင် | ၉ | ၃၆ | ၄၅ | |
| ၁၃ | ရန်ကုန် | ၄၀ | ၁၀၁ | ၁၄၁ | |
| ၁၄ | ရှမ်း(တောင်) | ၁၅ | ၂၀ | ၃၅ | |
| ၁၅ | ရှမ်း(မြောက်) | ၇ | ၁၇ | ၂၄ | |
| ၁၆ | ရှမ်း(အရှေ့) | ၇ | ၄ | ၁၁ | |
| ၁၇ | ဧရာဝတီ | ၂၆ | ၆၅ | ၉၁ | |
| ၁၈ | နေပြည်တော်ကောင်စီ | ၁၃ | ၃၈ | ၅၁ | |
| | **စုစုပေါင်း** | **၃၃၃** | **၈၄၆** | **၁၁၇၉** | |

ခရိုင်(ပြန်/ဆက်)

**✻ လွတ်လပ်၍ မျှတသောမှ**

အောင်မြင်သော ရွေးကောက်ပွဲများသည် ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်အတွက် အရေးပါသော အရွေ့ဖြစ်စေနိုင်သကဲ့သို့ အပြိုင်အဆိုင်များသော သို့မဟုတ် ပြဿနာများသော ရွေးကောက်ပွဲများကလည်း တိုးတက်မှုကို သိသာစွာနှေးကွေးစေနိုင်ကြောင်း MPC မှထုတ်ပြန်သော ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်တွင် ရေးသားထားသည်။

သံသယဆူးတစ်ချောင်း ကဲ့သို့ပင် မဲဆန္ဒရှင်ပြည်သူများအတွက် မိမိ၏ ဆန္ဒပြုမှု အဟောသိကံဖြစ်သွားလေမလားဟု သို့လော သို့လော ဖြစ်စေခဲ့သည့် ကြိုတင်မဲ၊ ဖြတ်သန်းခဲ့ရသော ယခင်ရွေးကောက်ပွဲတွင် အတည်မပြုနိုင်သည့် သတင်းများဖြစ်သော်လည်း မသမာမှုများပြုခဲ့သည်ဆိုကာ အငြင်းပွားဖွယ်ရာများ ဖြစ်စေခဲ့သော ကြိုတင်မဲကိစ္စများနှင့် ပစ္စက္ခကာလ ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်း စတင်ပြုစုထုတ်ပြန်ချိန်ကာလများအတွင်း အသံကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သော အများအယွင်းများအတွက် ယခုအချိန်တွင် မည်သို့ပြင်ဆင်လုပ်ဆောင်ထားသနည်းဆိုသည့် ကိစ္စများအား မဲဆန္ဒရှင်ပြည်သူများက စောင့်ကြည့်လေ့လာလျက် ရှိနေပေသည်။

"ပြီးခဲ့တဲ့၂၀၁၀ ရွေးကောက်ပွဲမှာ ကြိုတင်မဲကြောင့် စိတ်ဘဝင်မကျတာတွေ ဖြစ်ခဲ့ကြရတယ်။ အခုတစ်ကြိမ်မှာ ဒါမျိုးမဖြစ်အောင်လို့ လုပ်ဆောင်ထားမှုတွေရှိပါတယ်။ ဥပမာ ကြိုတင်မဲပေးသူက ငါးယောက်ဆိုရင် မဲလက်မှတ်က ငါးစောင်ရှိရမယ်။ ၁၀ ယောက်ဆိုရင် ၁၀ စောင်ပဲရှိရမယ်။ ဒီထက်မပိုရဘူး။ ပိုလို့ရှိရင် ဒါသမားရိုးကျမဟုတ်ဘူးဆိုတာ ပေါ်လွင်နေတယ်။ ဒါကြောင့် ကြိုတင်မဲကို မဲဆန္ဒနယ်အတွင်းနဲ့ မဲဆန္ဒနယ်ပြင်ပဆိုပြီး နှစ်ခြမ်းခွဲထားပါတယ်။ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲမှာဆိုရင် နာဖျား မကျန်းမာ၊ မီးဖွား စသဖြင့် အကြောင်းအမျိုးမျိုး ဖြစ်ခဲ့ရင် အရင်က မဲမပေးခင် နှစ်ရက်အလို၊ အခုကတော့ အချိန်အားဖြင့် မသတ်မှတ်ရသေးပါဘူး။ ဥပဒေအရ ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်တဲ့ အချိန်ပါ။ အဲဒီအချိန်မှာ ကြိုတင်မဲပေးမယ့် အကြောင်းကို သတင်းပို့ရပါမယ်။ အရင်က အဲဒီလို ကြိုတင်မဲပေးမယ့်သူ ဘယ်နှယောက်ပါဆိုတာ ကြေညာခြင်းမရှိခဲ့ဘူး။ အခုကတော့ ကြိုတင်မဲပေးမယ့်သူ ဘယ်နှယောက်ပါဆိုတာကို ပုံစံ(၁၃)နဲ့ မဲရုံရှေ့မှာကပ်ထားပါမယ်။ အဲဒီတော့ ကြိုတင်မဲပေးတာ ဘယ်နှစ်ယောက်ရှိပါတယ်ဆိုတာ ပွင့်လင်းမြင်သာမှုရှိစွာ သိရှိနိုင်မှာပါ"ဟု ရွေးကောက်ပွဲကော်မရှင် ပြည်ထောင်စုနယ်မြေ(ခွဲ) နေပြည်တော်မှ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမိုးဇော်က ကြိုတင်မဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးမည့်သူများကို ပုံစံ(၁၅)ဖြင့် စာရင်းပြုစုပြီး မြို့နယ်ကော်မရှင်ရုံးတွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း၊ ပုံစံ(၁၅)တွင်လည်း ထပ်မံခွဲခြားပြီး အရပ်သားများအတွက် ပုံစံ(၁-၁)၊ တပ်မတော်သားများအတွက် ပုံစံ(၁-၂)၊ နိုင်ငံခြားရောက်နေသူများအတွက် ပုံစံ(၁-၃) စသည်ဖြင့် သတ်မှတ်ထားကြောင်း၊ ပုံစံ(၁-၁)တွင် မဲဆန္ဒနယ်ပြင်ပရောက် ဥပမာ ဇေယျာသီရိမြို့နယ်တွင် နေထိုင်သူက ပျဉ်းမနားသို့ ဆေးရုံသွားတက်ခြင်း၊ ယင်းအပြင် အချုပ်ကျ၊ သင်တန်းသွား စသည်ဖြင့် အရပ်သား ကြိုတင်မဲစာရင်းများကို ကြေညာထားမည်ဖြစ်ကြောင်း၊ ပုံစံ(၁-၂)တွင် လုံခြုံရေးတာဝန်ကျ တပ်မတော်သားများ၏ ကြိုတင်မဲစာရင်းကို ဖော်ပြထားမည်ဖြစ်ကြောင်း၊ ပုံစံ(၁-၃) တွင် နိုင်ငံခြားရောက်သူများ၏ ကြိုတင်မဲစာရင်းများကို ဖော်ပြကြေညာပေးထားမည်ဖြစ်ကြောင်း၊ ယင်းသို့ ကြေညာပေးထားခြင်းကြောင့် မဲဆန္ဒနယ် ပြင်ပရောက် ကြိုတင်မဲစာရင်းများကို အတိအကျ သိနိုင်မည်ဖြစ်ကြောင်း၊ ယင်းကြိုတင်မဲစာရင်းကို မဲလက်မှတ်များ ထုတ်ပေးချိန်တွင် စတင်ကြေညာပေးသွားမည်ဖြစ်ပြီး အဆိုပါကြိုတင်မဲလက်မှတ်များကို မဲပေးသည့်ရက် ညနေ ၄ နာရီ မတိုင်မီ ပို့ဆောင်ပေးရမည်ဖြစ်ကာ ညနေ ၄ နာရီ နောက်ပိုင်းမှ ရောက်ရှိလာသော ကြိုတင်မဲများကို ထည့်သွင်းရေတွက်သွားမည် မဟုတ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်စဉ်က အများအယွင်းများဖြစ်ပေါ်ခဲ့သည့်အပေါ် ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။ ယခုအချိန်တွင် အမှားအယွင်းများအား မည်သို့ပြန်လည်ပြင်ဆင်ခဲ့သည်နှင့်ပတ်သက်၍ မေးမြန်းရာတွင် "အမှားအယွင်းမရှိဘူးလို့တော့ မပြောနိုင်ပါဘူး။ ရှိနေပါသေးတယ်။ ဒါပေမယ့် အမှားအယွင်း အနည်းဆုံးဖြစ်အောင်တော့ ကြိုးစားဆောင်ရွက်နေပါတယ်။ လုံးဝမမှားဘူးလို့တော့ မပြောနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စက ကျွန်တော်တို့ချည်းပဲ လုပ်လို့ရတဲ့အရာ မဟုတ်ပါဘူး။ ကျွန်တော်တို့အပြင် မဲဆန္ဒရှင်ပြည်သူတွေ ကိုယ်တိုင်ကလည်း အသိရှိရှိ ပူးပေါင်းပါဝင်မှ ရမှာပါ။ ရှေ့မှာဖြစ်ခဲ့တာက နေပြည်တော်ကောင်စီနယ်မြေမှာ အမှားအယွင်းက ၅ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ပထမအကြိမ်ကြေညာတယ်။ ဒီအချိန်မှာ အမှားပြင်ဆင်ချက်တွေ ရောက်လာတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့က ပြင်ဆင်ပေးတယ်။ အဲဒီတော့ အမှားအယွင်းက နည်းသွားတယ်။ အဲဒီလို ပထမအကြိမ် ကြေညာခြင်းဟာ မဲဆန္ဒရှင်ပြည်သူတွေနဲ့ ပူးပေါင်းလေ့ကျင့်တဲ့ သဘောပါ။ အခု ဒုတိယအကြိမ် ထပ်ကြေညာမယ်။ ကြေညာပြီး ၁၄ ရက်အတွင်း အမှားပြင်ဆင်ချက်တင်သွင်းရပါမယ်။ ကျွန်တော်တို့ကလည်း ထပ်ပြင်မှာပါ။ အဲဒီအခါမှာ အမှားအယွင်းတွေ ထပ်မံလျော့ကျလာမှာ ဖြစ်ပါတယ်။

နောက်ဖြစ်လာနိုင်တာတစ်ခုရှိသေးတယ်။ ကလေးတစ်ယောက်ဟာ ပထမအခြေခံမဲဆန္ဒရှင်စာရင်းမှာ ပါလာပြီး အခုတစ်ကြိမ်မှာ ပါမလာတာရှိနိုင်တယ်။ အဲဒါက ဘာလဲဆိုရင် ပထမအကြိမ် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုစဉ်က နိုဝင်ဘာ ၃၀ ရက်နေ့အထိ တွက်ချက်ကောက်ယူထားတာ ဖြစ်ပါတယ်။ အခုက နိုဝင်ဘာ ၈ ရက်မှာ မဲပေးရမှာဆိုတော့ နိုဝင်ဘာ ၈ ရက်ကနေ ၃၀ ရက်နေ့ကြားမှာ မွေးဖွားတဲ့ကလေးတွေဟာ နောက် မဲဆန္ဒရှင်စာရင်းမှာ ပါဝင်လာတော့မှာ မဟုတ်ပါဘူး။ အဲဒီအတွက် အမြင်မရှင်းမှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကိုလည်း ကြိုတင်အသိပေးချင်ပါတယ်"ဟု ရွေးကောက်ပွဲကော်မရှင်ပြည်ထောင်စုနယ်မြေ(ခွဲ) နေပြည်တော်မှ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ထက်ကျော်က ရှင်းပြပြောဆိုသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လာမည့် နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ကျင်းပတော့မည်ဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း ကြိုးပမ်းဆောင်ရွက်နေကြသကဲ့သို့ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးကို အပြည့်အဝရရှိထားကြသည့် မဲဆန္ဒရှင်ပြည်သူတစ်ဦးချင်းစီအနေဖြင့်လည်း ပူးပေါင်းပါဝင်လုပ်ဆောင်ရန်လိုအပ်ပါကြောင်း။ ။

# ရန်ကုန်စီးပွားရေးတက္ကသိုလ် ရေဘေးသင့်ဒေသများမှ ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်

**ရန်ကုန် သြဂုတ် ၂၀**

ရန်ကုန်စီးပွားရေးတက္ကသိုလ် ရေဘေးသင့်ဒေသများမှ ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို သြဂုတ်၁၉ ရက် ညနေ ၅ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) နီလာရတုခန်းမ၌ ကျင်းပသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ရေဘေးသင့်ဒေသများမှ ကျောင်းသား ကျောင်းသူ ၆၄ ဦးတို့အား တစ်ဦးလျှင် ကျပ်နှစ်သိန်းငါးသောင်းနှုန်းဖြင့် ၆၄ ဦးအတွက် စုစုပေါင်း ကျပ်သိန်း၁၆၀ ကို ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းအောင်နှင့် အလှူရှင်များက ပေးအပ်သည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် ရေဘေးကယ်ဆယ်ရေးကော်မတီသည် လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း ၆၆၀ နှင့် အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်အတူ အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့်လွယ်အိတ်များကို လက်ခံရရှိခဲ့ပြီး အဆိုပါ လှူဒါန်းငွေများကို ရေဘေးသင့်ဒေသများ၌ စာသင်ကျောင်းဆောက်လုပ်ခြင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော ဗလာစာအုပ်၊ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများ ပေးပို့လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**



# ဒုတိယပိုလ်ချုပ်မှူးကြီးစိုးဝင်း ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် သြဂုတ် ၂၀**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သြဂုတ် ၁၉ ရက် ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၅၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ဂျပန်နိုင်ငံသို့ TG လေကြောင်းလိုင်းဖြင့် ထွက်ခွာသည်။

ထို့နောက် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၁၁ နာရီ မိနစ် ၂၀ တွင် ရောက်ရှိပြီး ထိုမှတစ်ဆင့် ဂျပန်နိုင်ငံ တိုကျိုမြို့ နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ရောက်ရှိရာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ Major General Harada နှင့်ဇနီး၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးဝင်းအောင်နှင့်ဇနီး၊ မြန်မာစစ်သံမှူး(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ဝင်းကိုကိုနှင့်ဇနီး၊ ဗိုလ်မှူးကြီး ထင်ကျော်သူနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် လေဆိပ်မှ ခေတ္တတည်းခိုမည့် တိုကျိုမြို့ New Otani Hotel သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြသည်။ **(မြဝတီ)**

**❍ ရောဝတီအသင်းမှ**

ထင်သလောက်ဖိအားပေးနိုင်ခြင်းမရှိခဲ့ပေ။ ၂၄ မိနစ်တွင် ရောဝတီအသင်းဂိုးရခဲ့ပြီး သီဟဇော်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်းက လူအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ပြည်မိုးနှင့် အောင်စိုးမိုးတို့ကို ရောဝတီနောက်တန်းထိန်းချုပ်နိုင်ခဲ့သည်။ ရောဝတီအသင်းမှာ ဒုတိယပိုင်းတွင် ဂိုးရရှိရန်ထက် အနိုင်ရလဒ်ကိုသာ ထိန်းကစားသွားခဲ့သည်။ ပွဲပြီးခါနီးတွင် ရခိုင်အသင်းချေပဂိုးရရှိရန် အခွင့်အရေး ရရှိခဲ့သော်လည်း အောင်စိုးမိုး၏ ကန်ချက်ကို ရောဝတီနောက်ခံလူ မိုးဝင်းက ဂိုးထဲဝင်ခါနီးမှ ဖျက်ထုတ်နိုင်ခဲ့သည်။

ဗိုလ်လုပွဲအဖြစ် ရတနာပုံအသင်းနှင့် လက်ရှိချန်ပီယံ ရောဝတီအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# ပြည်တွင်းဘဏ်များ၏ ယခုအခါ ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် စကားသံများ

**ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်အချို့ ပိတ်သိမ်းမည်ဆိုသည့် သတင်းများ ထွက်ပေါ်ခဲ့သည်။**

**အဆိုပါ သတင်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သြဂုတ်လ ၁၈ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ပြီး ပြည်တွင်းပုဂ္ဂလိက ဘဏ်များအနေဖြင့် ဗဟိုဘဏ်၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်လျက်ရှိကြောင်း၊ ဘဏ်များတွင် ငွေကြေးအကျပ်အတည်း ဖြစ်ပေါ်ပါကလည်း လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။**

ထို့ကြောင့် ပြည်တွင်းဘဏ်များ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် ဘဏ်များမှ တာဝန်ရှိသူများ၊ ဘဏ်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂိုလ်များ၏ စကားများကို ဖော်ပြလိုက်ပါသည်။



ဦးဇေဝင်းထွန်း



ဒေါ်နွယ်မာသန်း



ဦးအောင်မင်းဦး



ဦးမင်းဇော်ဦး



ဒေါ်ယဉ်ယဉ်အေး

**ဦးဇေဝင်းထွန်း(Branch Manager)**
**ကမ္ဘောဇဘဏ်၊**
**နေပြည်တော်ဘဏ်ခွဲ-၃**

ပြီးခဲ့တဲ့ သောကြာနေ့က ဘဏ်ကိစ္စ သတင်းတွေ ထွက်ပေါ်လာတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ တနင်္လာနေ့က ငွေထုတ်တာများပါတယ်။ အခုကတော့ ပုံမှန်ပြန်ဖြစ်နေပါပြီ။ နောက်တစ်ခုက ကျွန်တော်တို့ ဘဏ်လုပ်ငန်းတွေမှာ လစဉ် လဆန်းပိုင်းရက်တွေနဲ့ လကုန်ပြီးတဲ့ ရက်ပိုင်းတွေ။ ပြီးတော့ တနင်္လာနေ့၊ သောကြာနေ့တို့ဟာ ငွေသွင်း ငွေထုတ်တာ များပါတယ်။

ကျွန်တော်တို့ ဘဏ်ခွဲအနေနဲ့ ဒီလိုဖြစ်ပျက်တဲ့ အခြေအနေကို ရာခိုင်နှုန်းအားနဲ့ တွက်ကြည့်တော့လည်း အများကြီး မဟုတ်ပါဘူး။ ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၅ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ ကျန်တဲ့ မြို့ကြီးတွေမှာကတော့ လုပ်ငန်းဆောင်ရွက်သူ ပိုပြီးများတဲ့အတွက် သက်ရောက်မှုကတော့ ရှိမှာပါ။ ဒါပေမယ့် အားလုံးပုံမှန်အတိုင်း ပြန်ဖြစ်နေပါပြီ။

**ဒေါ်နွယ်မာသန်း**
**ငွေအပ်နှံသူ**

ကျွန်မတို့အနေနဲ့ ဘဏ်လုပ်ငန်းတွေအပေါ်မှာ စိတ်ချယုံကြည်မှုရှိပါတယ်။ ဘဏ်နဲ့ပတ်သက်ပြီး အခြားသတင်းကြားတာမျိုးတွေ ရှိပေမယ့် ယုံကြည်ပါတယ်။ ဘဏ်တွေနဲ့ ပတ်သက်ပြီး ဟိုဘဏ်မှ ဒီဘဏ်မှ ဆိုတာမျိုး မရှိပါဘူး။ အတူတူပဲလို့ ထင်ပါတယ်။ ဒီနေ့ကတော့ ကမ္ဘောဇဘဏ်မှာ ကျွန်မ မြေရောင်းရတဲ့ ပိုက်ဆံတွေလာပြီး အပ်နှံတာပါ။ ကျွန်မအနေနဲ့တော့ ဘဏ်တိုင်းဟာ ပြည်သူတွေအတွက် အကောင်းဆုံး လုပ်ဆောင်ပေးမယ်လို့ ထင်ပါတယ်။

**ဦးအောင်မင်းဦး**
**(Managing Director)**
**EUGENIA STAR Tours & Travels**

ဘဏ်တွေနဲ့ ပတ်သက်ပြီး ထွက်လာတဲ့ သတင်းတွေဟာ ကောလာဟလတွေလည်း ဖြစ်နိုင်ပါတယ်။ ဘဏ်တွေအပေါ် ယုံကြည်မှုရှိဖို့ကလည်း အရေးကြီးပါတယ်။ အခုကိစ္စတွေမှာ ဆိုးဆိုးရွားရွား ဖြစ်တယ်လို့တော့ မထင်ပါဘူး။ ပုံမှန်အတိုင်းပဲလည်ပတ်နေတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ ခရီးသွားကုမ္ပဏီတွေအနေနဲ့ ဘဏ်လုပ်ငန်းတွေနဲ့ ဆက်စပ်နေတာကတော့ ငွေလွှဲငွေပြောင်းကိစ္စတွေပါပဲ။ အခုအချိန်ထိတော့ ဘဏ်နဲ့ ပတ်သက်ပြီး အခက်အခဲရယ်လို့ မရှိပါဘူး။ စီးပွားရေး လုပ်ကိုင်သူတွေအတွက် ဘဏ်လုပ်ငန်းတွေက အရေးပါတယ်။ ဒါကြောင့် ပုံမှန်ဖြစ်နေဖို့ လိုအပ်ပါတယ်။

**ဦးမင်းဇော်ဦး**
**Branch Mananger (AGD Bank)**

ကျွန်တော်တို့ ဘဏ်တွေမှာ မနေ့က နည်းနည်းလှုပ်ရှားမှုရှိပါတယ်။ ဒီနေ့ကတော့ ပုံမှန်အတိုင်းပါပဲ။ မနေ့က အခြေအနေမှာလည်း အားလုံးငွေလက်ကျန် လုံးဝမရှိအောင် ထုတ်တာမျိုးမရှိပါဘူး။ အကောင့်ပိတ်တာမျိုးလည်း မရှိပါဘူး။ ဒီအခြေအနေတွေမှာ လာပြီးအပ်နှံသူတွေလည်း ရှိပါတယ်။ မနေ့က နောက်ဆုံး closing balance အခြေအနေကို ကြည့်လိုက်တော့လည်း အားလုံးဟာ balance ညီပါတယ်။ အခုဖြစ်ပေါ်ခဲ့တဲ့ ငွေကြေးဂယက်ကြောင့် အများကြီး ပြောင်းလဲသွားတာမျိုးမရှိပါဘူး။

ဘဏ်တွေမှာ ငွေကြေးအပ်နှံတဲ့ ပြည်သူတွေအနေနဲ့ ကိုယ့်ရဲ့ ချွေးနဲ့စာဖြစ်တဲ့အတွက် စိုးရိမ်တာမျိုး ရှိကြမှာပါ။ အခုက အားလုံး ပြန်တည်ငြိမ်နေပါပြီ။ ဒီအပေါ်မှာ အကျယ်ထပ်မချဲ့မှ အဆင်ပြေမှာပါ။ ဘဏ်လုပ်ငန်းတွေမှာ အထောက်အပံ့လိုရင်လည်း ဘဏ်စီမံခန့်ခွဲမှုတွေ ရှိပြီးသားပါ။ လိုအပ်တာတွေ လုပ်ဆောင်ဖို့ ဗဟိုဘဏ်နဲ့ ချိတ်ဆက်ထားတာတွေလည်း ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဘဏ်လုပ်ငန်းလုပ်ကိုင်သူတွေအနေနဲ့ကတော့ တောင်းဆိုလာရင် လုပ်ဆောင်ပေးရမယ့် တာဝန်ရှိပါတယ်။

**ဒေါ်ယဉ်ယဉ်အေး**
**Deputy General Manager**
**(AYA Bank)**

ကျွန်မတို့ ဘဏ်ခွဲအနေနဲ့ ဖြစ်ပေါ်နေတဲ့ သတင်းတွေ ကြားသိရတဲ့အတွက် စောင့်ကြည့်ပါတယ်။ ဒါပေမယ့် ထူးထူးခြားခြား ပြောင်းလဲမှုမရှိပါဘူး။ ကိုယ့်ဘဏ် အခြေအနေအပေါ် ဘယ်လို ရိုက်ခတ်မလဲဆိုတာမျိုး လေ့လာပါတယ်။ တချို့လုပ်ငန်းရှင် သုံးလေးဦးလောက် မေးလာတာမျိုးလောက်တော့ ရှိပါတယ်။ ဒီအပေါ်မှာလည်း သူတို့ယုံကြည်မှုရှိအောင်၊ စိတ်ကျေနပ်မှုရှိအောင် ပြန်လည်ဖြေဆိုပေးပါတယ်။ ဒါ့အပြင်တော့ ထူးထူးခြားခြား မရှိပါဘူး။

လက်ရှိအချိန်တွင် ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၂ ခုသည် ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ဗဟိုဘဏ်အနေဖြင့်လည်း ပြည်တွင်းဘဏ်များနှင့် ပတ်သက်၍ ငွေကြေးအကျပ်အတည်းဖြစ်ပေါ်ပါက လိုအပ်သော အကူအညီများကို ဥပဒေနှင့်အညီ အပြည့်အဝ ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မေး-ညီညီထွန်း၊**
**ဟန်နီဝင်း**
**ဓာတ်ပုံ-ထိန်နန်နော်**

# မြောက်ကိုရီးယားက အမြောက်ဖြင့် ပစ်ခတ်မှုကို တောင်ကိုရီးယားတပ်ဖွဲ့က တုံ့ပြန်ပစ်ခတ်

**ဆိုးလ် ဩဂုတ် ၂၀**

တောင်ကိုရီးယားနိုင်ငံ အနောက်ပိုင်းနယ်စပ်ဒေသအတွင်းသို့ မြောက်ကိုရီးယားက အမြောက်ဖြင့်ပစ်ခတ်မှုကို တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားတပ်ဖွဲ့က ပြန်လည်ပစ်ခတ်ခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံဘက်မှ ပစ်ခတ်လိုက်သည်ဟု ယူဆရသောဒုံးကျည်တစ်စင်း၏ ပျံသန်းရာလမ်းကြောင်းကို ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅၂ မိနစ်တွင် တောင်ကိုရီးယား တန်ပြန်အမြောက်တပ်ဖွဲ့၏ ရေဒါ၌ ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မြောက်ကိုရီးယားက အစောပိုင်းတွင် အမြောက်ဖြင့် ပစ်ခတ်ခဲ့သည့်နေရာဟု ထင်မြင်ရသောနေရာဆီသို့ ဦးတည်ကာ တောင်ကိုရီးယားတပ်ဖွဲ့များက ၁၅၅ မီလီမီတာ အမြောက်ဖြင့် အမြောက်ဆန် ဒါဇင်ပေါင်းများစွာကို လက်တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယား စစ်ဘက်တာဝန်ရှိသူက ပြောကြားသည်။

မြောက်ကိုရီးယားတို့ ပစ်ခတ်သော အမြောက်ဆန်များ တောင်ကိုရီးယား ရှေ့တန်းတပ်စခန်းတစ်ခုအနီးရှိ တောင်ကုန်းပေါ်သို့ ကျရောက်ခဲ့ဖွယ်ရှိသည်။ ယင်းဖြစ်စဉ်၌ ထိခိုက်သေကျေမှုနှင့် အပျက်အစီးများမရှိကြောင်း တောင်ကိုရီးယားစစ်ဘက်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တောင်ကိုရီးယားတပ်ဖွဲ့များ၏ တုံ့ပြန်တိုက်ခိုက်မှုကို မြောက်ကိုရီးယားဘက်မှ ပြန်လည်တုံ့ပြန်မှု မပြုလုပ်ခဲ့သော်လည်း ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၄၀ မှ စ၍ တောင်ကိုရီးယားတပ်ဖွဲ့များအား အမြင့်ဆုံးအဆင့် တပ်လှန့်မှု ပြုလုပ်ခဲ့သည်။

မြောက်ကိုရီးယား၏ ရန်စမှုလုပ်ရပ်ဖြစ်ပေါ်ပြီးနောက် တောင်ကိုရီးယားသမ္မတရုံးတွင် အမျိုးသားလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးကို တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး သမ္မတ၏ လုံခြုံရေးဆိုင်ရာ အထက်တန်းအကြံပေးပုဂ္ဂိုလ်၊ သမ္မတရုံး၏ ရုံးအဖွဲ့အကြီးအကဲ၊ တောင်ကိုရီးယားထောက်လှမ်းရေးအဖွဲ့အကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများတက်ရောက်ကြသည်။

တောင်ကိုရီးယားနိုင်ငံ အနောက်ဘက်ပိုင်း နယ်စပ်ဒေသ ကျေးရွာများ၌ နေထိုင်ကြသော ရွာသူရွာသားရာပေါင်းများစွာကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားသည်။ **ဆင်ဟွာ။**

# မြို့တော်ဂျကာတာ၌ ဆန္ဒပြသူများကို ရဲတပ်ဖွဲ့က လူစုခွဲ




**ဂျကာတာ ဩဂုတ် ၂၀**

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ၌ ဆန္ဒပြကန့်ကွက်သူများနှင့် ရဲတပ်ဖွဲ့ဝင်များ ထိပ်တိုက်ပဋိပက္ခဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးနှင့် မီးသတ်ပိုက်တို့ကို အသုံးပြုကာ လူစုခွဲခဲ့ရကြောင်းဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျူးကျော်ရပ်ကွက်များနှင့် မြစ်ကမ်းဘေးတည်ရှိသော နေအိမ်များကို ဖျက်သိမ်းရန် ဂျကာတာ အုပ်ချုပ်ရေးမှူး ဘာဆူကီ အဟော့ ဂျာဟာဂျာပူနာမာက ညွှန်ကြားခဲ့ပြီးနောက် ယင်းဆန္ဒပြပွဲ ဖြစ်ပွားခဲ့သည်။

မြို့တော်ဂျကာတာရှိ ဆီလီဝန်းမြစ်သည် နှစ်စဉ်မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေကြီးတတ်သဖြင့် မြစ်ကမ်းဘေးရှိ နေအိမ်များကို ဖျက်သိမ်းရန် စီစဉ်ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ မြေယာဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပွားလေ့ရှိသည်။

ဆန္ဒပြသူများကို ဖမ်းဆီးခဲ့ခြင်းနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က မှတ်ချက်ပေး ပြောကြားခြင်းမရှိသေးပေ။ **ရိုက်တာ။**

# ဗုံးဖောက်ခွဲသူများသည် ဖောက်ခွဲရေးကျွမ်းကျင်ပညာရှင်များဖြစ်သည်ဟု ထိုင်းရဲပြော

**ဗန်ကောက် ဩဂုတ် ၂၀**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတွင် ဘောစေ့အများအပြားတွေ့ရှိခဲ့ရသည်ဟု ထိုင်းနိုင်ငံရဲတပ်ဖွဲ့ကဆိုသည်။ အဆိုပါဘောစေ့များ တွေ့ရှိခြင်းကြောင့် ဗုံးဖောက်ခွဲသူများသည် အကြမ်းဖက်အဖွဲ့အစည်းတစ်ခု၏ ဖောက်ခွဲရေးကျွမ်းကျင်ပညာရှင်များဖြစ်သည်ဟု ထင်မြင်ယူဆနိုင်သည်။

ဗုံးပေါက်ကွဲမှုတွင် လူ၂၀သေဆုံးပြီး ၁၂၅ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ထိုင်းရဲတပ်ဖွဲ့က လုံခြုံရေးကင်မရာထဲတွင်တွေ့ရှိခဲ့သည့် ဖောက်ခွဲရေးသမားဟုသံသယရှိသူများကို လိုက်လံရှာဖွေလျက်ရှိသည်။ ဗုံးကိုဘောစေ့များဖြင့်စီရီထားသည်ဟု ယူဆရကြောင်း ထိုသို့ဘောစေ့များ ပတ်ပတ်လည် စီရီထားခြင်းမှာ လူအများအပြားသေစေနိုင်ရန်ရည်ရွယ်ကြောင်း ရဲအရာရှိများက ဆိုသည်။

ဗုံးထည့်လာသည့်ကျောပိုးအိတ်ကို တစ်ယောက်ကလမ်းပေါ်သို့ချရန် အခြားနှစ်ယောက်က အကာအကွယ်ယူပေးထားကြောင်း လုံခြုံရေးကင်မရာထဲတွင် တွေ့ရသည်။ ယင်းဗုံးဖောက်ခွဲမှုတွင် အနည်းဆုံး လူ၁၀ဦးထက်မနည်း ပါဝင်နိုင်ဖွယ်ရှိကြောင်းနှင့် ဗုံးဖောက်ခွဲရန် တစ်လခန့်ကြိုတင်ပြီး စီစဉ်မှုများလုပ်ဆောင်ထားနိုင်ဖွယ်ရှိကြောင်း ရဲအရာရှိများကဆက်လက်ပြောသည်။

ဗုံးပေါက်ကွဲမှုသည် ပြည်သူအများအပြား သေဆုံးစေသည့်အတွက် အကြမ်းဖက်လုပ်ရပ်တစ်ခုအဖြစ် ထိုင်းရဲတပ်ဖွဲ့က သတ်မှတ်ထားသည်။ **အင်န်အိတ်ချ်ကေ။**



# နှစ် ၂၀၀၀၀ သက်တမ်းရှိ သမိုင်းမတိုင်မီခေတ်နယ်မြေများ ဗီယက်နမ်နိုင်ငံ၌ တူးဖော်တွေ့ရှိ

**ဟန္နိုင်း ဩဂုတ် ၂၀**

လွန်ခဲ့သောနှစ် ၂၀၀၀၀ သက်တမ်းရှိ သမိုင်းမတိုင်မီခေတ်က ရှေးဟောင်းနယ်မြေများကို ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္နိုင်း၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာရှိ မြောက်ပိုင်း တောင်ကုန်းထူထပ်သော လောင်ကိုင်ပြည်နယ်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးက ပြောကြားသည်။

စတုရန်းမီတာ ၂၀၀၀၀ နီးပါးကျယ်ဝန်းသည့် အဆိုပါနယ်မြေများမှ သမိုင်းမတိုင်မီခေတ်များက ရာပေါင်းများစွာသော ကျောက်ဖြင့်ပြုလုပ်ထားသည့် ရှေးဟောင်းပစ္စည်းများ တူးဖော်တွေ့ရှိခဲ့ကြောင်း ဗီယက်နမ် ရှေးဟောင်းသုတေသနအဖွဲ့မှ ထရင်နမ်ချောင်၏ ပြောကြားချက်ကိုကိုးကား၍ ဗီယက်နမ်နိုင်ငံပိုင် သတင်းဌာန VNA က ဆိုသည်။

ရှေးအကျဆုံးရှေးဟောင်းပစ္စည်းများမှာ နှစ် ၂၀၀၀၀ သက်တမ်းရှိပြီဖြစ်ပြီး မြစ်များနှင့် စမ်းချောင်းများအတွင်း တွေ့ရှိခဲ့သည့် ကျောက်စရစ်ခဲများဖြင့် ပြုလုပ်ထားသည့် လုပ်ငန်းသုံးပစ္စည်းကိရိယာများဖြစ်သည်။ လွန်ခဲ့သည့် နှစ် ၈၀၀၀-၉၀၀၀ ခန့် ကျောက်ခေတ်သစ်မှ ကျောက်ပုဆိန်များ၊ ကျောက်ဖြင့်ထွင်းထုထားသည့် ပစ္စည်းကိရိယာများနှင့် နှစ် ၄၀၀၀ သက်တမ်းရှိ အရောင်တင်တိုက်ချွတ်ထားသော ပုဆိန်များကိုလည်း တူးဖော်တွေ့ရှိခဲ့ကြောင်း အဆိုပါသတင်းဌာနက ရေးသားဖော်ပြသည်။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံ၌ မိုးသက်မုန်တိုင်းများ ကျရောက် လူ ၂၂၀၀၀၀ ထိခိုက်မှုရှိပြီး နှစ်ဦးသေဆုံး

**ပေကျင်း ဩဂုတ် ၂၀**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေကျိုးပြည်နယ်၌ ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ မိုးသက်မုန်တိုင်းများ ကျရောက်ခဲ့ရာ လူနှစ်ဦးသေဆုံးပြီး လူ ၂၂၀၀၀၀ ထိခိုက်မှုရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားကြသည်။

လူတစ်ဦးမှာ ကျောက်တုံးများ ပြိုကျမှုကြောင့် သေဆုံးခဲ့ရပြီး အခြားတစ်ဦးမှာ အဆောက်အအုံတစ်လုံး ပြိုကျရာမှ သေဆုံးခဲ့ရကြောင်း ပြည်နယ်မြို့ပြရေးရာဌာနက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်သူ ၉၇၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ လူ ၅၄၀၀ ခန့်မှာ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများ လိုအပ်နေကြောင်း ယင်းဌာနက ပြောကြားသည်။

ပြည်နယ်တွင်းရှိ လူနေအိမ် အလုံးပေါင်း ၃၀၀ ကျော် ပြိုလဲခဲ့ပြီး အိမ်အလုံးရေ ၂၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း၊ စိုက်ပျိုးမြေ ဟက်တာ ၈၃၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ပြီး ထိခိုက်ပျက်စီးမှုတန်ဖိုး ယွမ်သန်း ၁၆၀ (အမေရိကန်ဒေါ်လာ ၂၅ သန်းခန့်) ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# မိုးခေါင်စဉ်ကာလအတွင်း ရေခန်းခြောက်မှုကို ပလတ်စတစ်ဘောလုံးများက ကာကွယ်နိုင်

**နယူးယောက် ဩဂုတ် ၂၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ တာဝန်ရှိသူများက လွန်ခဲ့သည့်သီတင်းပတ်တွင် ပလတ်စတစ်ဘောလုံးသန်းပေါင်းများစွာကို ရေလှောင်တမံများထဲသို့ ပစ်ချထားခြင်းအားဖြင့် မိုးခေါင်စဉ်ကာလအတွင်း ရေများအငွေ့ပြန်ခန်းခြောက်ခြင်းမှ ကာကွယ်ထိန်းသိမ်းထားနိုင်ကြောင်း ပြောကြားသည်။



ယင်းသို့လုပ်ဆောင်ထားခြင်းဖြင့် လော့စ်အိန်ဂျလိစ်မြို့သို့ ထောက်ပံ့ပေးနေသည့်ရေကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ လော့စ်အိန်ဂျလိစ်မြို့သည် မိုးခေါင်မှုဒဏ်ဆိုးဆိုးရွားရွား ရင်ဆိုင်နေရသည်။

အချင်း ၁၀ စင်တီမီတာခန့်ရှိ အနက်ရောင် ပလတ်စတစ်ဘောလုံး ၉၆ သန်းခန့်ကို မြို့ရေပေးဝေသည့် ရေလှောင်တမံများတွင်းသို့ ထည့်ထားခဲ့သည်။

ရေမျက်နှာပြင်၏ ဟတ်တာ ၇၀ ကျော်ကို ဖုံးလွှမ်းထားခြင်းဖြင့် ရေငွေ့ပြန်ခန်းခြောက်မှုကို ၁၀ ရာခိုင်နှုန်း ထိန်းသိမ်းထားနိုင်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ပလတ်စတစ် ဘောလုံးတစ်လုံးကို ၃၆ ဆင့်သာ ကုန်ကျသည်။ ယခုနည်းလမ်းသည် ယခင်က ရေလှောင်တမံများကို အမိုးအကာများဖြင့် ဖုံးအုပ်ကာကွယ်ထားခြင်းထက် ကုန်ကျစရိတ်များစွာသက်သာသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# လမ်းမတော်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်၌ ယနေ့ နံနက် ၅ နာရီကျော်က ကမ်းနားလမ်းတစ်လျှောက် ရန်ကုန်မြို့ထဲသို့ မောင်းနှင်လာသော မထသအထူးယာဉ် (၃၄) လိုင်းမှ ယာဉ်အမှတ် 2C/---မော်တော်ယာဉ်သည် ယာဉ်ပြိုင်မောင်းနှင်ရင်း ပါကင်ထိုးထားသော ကိုယ်ပိုင်ယာဉ် လေးစီးကို ဆက်တိုက်ဝင်တိုက်၍ ကမ်းနားလမ်းနှင့် (၆)လမ်းထိပ်ရှိ CB Bank ရုံးရှေ့ လမ်းလယ်တွင် တိမ်းမှောက်ခဲ့သည်။ ထိုသို့ ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည်ငါးဦးခန့် ဆေးရုံသို့ပို့ထားကြောင်းနှင့် ယာဉ်လမ်းကြောင်း ပိတ်ဆို့မှုမရှိစေရန် ယာဉ်ထိန်းရဲများက ကရိန်းယာဉ်ဖြင့် အဆိုပါတိမ်းမှောက် ယာဉ်အား နံနက် ၈ နာရီတွင် အမြန်ဆုံးဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကော့သောင်းမြို့တွင် မူးယစ်ဆေးဝါးသိမ်းဆည်းရမိ

**ကော့သောင်း ဩဂုတ် ၂၀**

ကော့သောင်းမြို့ အင်္ဂဏာဝါရပ်ကွက် မင်္ဂလာလမ်း မျက်ကွယ်တစ်နေရာတွင် ဩဂုတ် ၁၈ ရက် ညနေပိုင်းက မူးယစ်ဆေးဝါး ရောင်းချနေသူ တစ်ဦးအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့ အင်္ဂဏာဝါရပ်ကွက် ပြည်တော်အေးဘုရားအောက်ဘက် တပ်ကုန်းလမ်းနှင့် မင်္ဂလာလမ်းကြားရှိ တောချုံနွယ်များအား အကာအကွယ်ပြုကာ မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ အင်္ဂဏာဝါရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီတွင် သွားရောက်ဖမ်းဆီးခဲ့ရာ ပိတောက်ရွှေဝါရပ်ကွက် မောင်လေးခြံ သီရိမြိုင် (၁) လမ်းနေ ထွေးမောင်မောင်နိုင် (ခ) မောင်မောင်အားတွေ့ရှိရပြီး ၎င်းအနီးရှိPREMIUM GOLD တံဆိပ်ပါ ဆေးလိပ်ဘူးအတွင်းမှ WY စာတန်းပါပန်းရောင်စိတ်ကြွ ဆေးပြား ၃၆ ပြား၊ R တံဆိပ်ပါပန်းရောင်စိတ်ကြွဆေးပြား သုံးပြား၊ အစိမ်းရောင်တစ်ပြားစုစုပေါင်းဆေးပြား ၄၀၊ ဘိန်းစာမှုန့်နှစ်ထုပ်၊ ဆေးရေးကိရိယာလေးခု၊ ဆေးရှူရာတွင်အသုံးပြုသော ခဲပြားတစ်လိပ်နှင့် မူးယစ်ဆေးဝါး ရောင်းချရငွေ ကျပ် ၇၂,၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးဥပဒေအရ ကော့သောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# နောင်ချို၌ စိတ်ကြွဆေးပြားများသိမ်းဆည်းရမိ

**နောင်ချို ဩဂုတ် ၂၀**

နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးတင့်ခိုင်တို့၏ ကြီးကြပ်မှုဖြင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်မျိုးထက်ဦးစီးသော နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၉ ရက် နံနက် ၉နာရီက ညဏ်တောကျေးရွာနေ မတင်မော်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေကြသည်။

ထိုသို့ရှာဖွေရာ မတင်မော် ကိုင်ဆောင်ထားသော ကြွပ်ကြွပ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၄ ပြား (အလေးချိန် ၃ဒသမ ၉၆၂ ဂရမ်)အား သိမ်းဆည်းရမိသဖြင့် ၎င်းအား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

■■

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးနှင့် ဓာတုပစ္စည်းများပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် | ခွင့်မပြု ဆိုးဆေး/ဓာတုပစ္စည်း ပါဝင်မှု |
|---|---|---|---|
| ၁။ | ပဲကြီးလှော် | ခိုင်သဇင် | Auramine O |
| ၂။ | ပဲငါးပိ | လားရှိုးစပါယ်ရှယ် | Sudan lll |
| ၃။ | ငရုတ်အရောင်တင်မှုန့် | ရွှေဟင်္သာ | Rhodamine B |
| ၄။ | ပဲကြီးလှော် | လေးထီ | Auramine O |
| ၅။ | လက်ဖက် | ပွင့်ဦး | Auramine O |
| ၆။ | ငရုတ်အရောင်တင်မှုန့် | ရွှေလမင်း | Sudan lll |
| ၇။ | ငရုတ်အရောင်တင်မှုန့် | ဗိုလ်မ | Sudan lll |
| ၈။ | ပဲကြီးလှော် | ခင်မမ | Auramine O |
| ၉။ | ပဲကြီးလှော် | ငွေပလောင် | Auramine O |
| ၁၀။ | ပဲကြီးလှော် | ကြီးရှမ်း | Auramine O |
| ၁၁။ | ဆီတို့ဟူး | မြင်းပျံ | Salicylic Acid |
| ၁၂။ | ငါးပိ | ရတနာ | Rhodamine B |
| ၁၃။ | ငါးပိ | ရွှေပုဇွန် | Rhodamine B |
| ၁၄။ | လက်ဖက် | ဟင်္သာညီနောင် | Auramine O |
| ၁၅။ | လက်ဖက် | ရှမ်းမကြီး | Auramine O |
| ၁၆။ | ခေါက်ဆွဲခြောက် | ဦးဦး | Borax |
| ၁၇။ | လက်ဖက်ရိုးရိုး | စိုးမိုးအောင် | Auramine O |
| ၁၈။ | ငရုတ်သီးအရောင်တင်မှုန့်(အပွ) | ရွှေပင်ဆင့် | Sudan lll |
| ၁၉။ | ပဲကြီးလှော် | မွှေးမွှေးလှိုင် | Auramine O |
| ၂၀။ | တုတ်ထိုးချိုချဉ်(စပရိန်ပုံ) | ဘားမားဆန်း | Rhodamine B |
| ၂၁။ | တုတ်ထိုးချိုချဉ်(ငရုတ်သီးပုံ) | ဘားမားဆန်း | Rhodamine B |
| ၂၂။ | ဝေဖာလုံး | သိန်းသန်းကျော် | Rhodamine B |
| ၂၃။ | ငါးဖယ်ချဉ် | စုမြတ် | Rhodamine B |
| ၂၄။ | အာနီလျှာနီ | အမှတ်တံဆိပ်မပါ (ရုပ်ပုံပါ) | Rhodamine B |
| ၂၅။ | ချင်းလက်ဖက် | ရွှေမိုး | Auramine O |
| ၂၆။ | ဆီတို့ဟူး | ကျောက်နီ | Salicylic Acid |
| ၂၇။ | အရောင်တင်မှုန့် | ရဲသီဟ | Sudan lll |













**ကျန်းမာရေးဝန်ကြီးဌာန**

# ဆေးပညာသတင်းဆန်းများ(၁၀၇)

## ဒေါက်တာကံညွန့်

အများအားဖြင့် တရုတ်အမျိုးသမီးတွေဟာ နှာခေါင်းပိပြား၊ နှာတံမပေါ်၊ မျက်ရစ်မရှိ မျက်လုံးမှေးသလို ရှိကြပါတယ်။ ဒါကိုပြုပြင်လိုကြတဲ့ အရွယ်ရောက်စကနေ အရွယ်လတ်အမျိုးသမီးတွေ တဖြည်းဖြည်းများလာပါတယ်။ အထူးသဖြင့် နိုင်ငံခေတ်မီဖွံ့ဖြိုးပြီး စီးပွားရေးကောင်းလာတာကြောင့်လည်း ဖြစ်ပါတယ်။ တချို့ စီးပွားရေးအဆင်ပြေရုံသာရှိတဲ့ လူတွေကတော့ သူတို့နိုင်ငံထဲမှာ ပြုပြင်ကြပါတယ်။ ဒါပေမယ့် စီးပွားရေးကောင်းမွန်တဲ့ အသိုင်းအဝိုင်းက အမျိုးသမီးတွေကျတော့ နိုင်ငံရပ်ခြားမှာ ပြုပြင်ကြပါတယ်။ ဒီလို သွားကြတဲ့နိုင်ငံတွေထဲမှာ ဂျပန်၊ ထိုင်းနဲ့ တောင်ကိုရီးယားနိုင်ငံတွေဟာ ထိပ်တန်းကပါဝင်နေပါတယ်။ ဒီအထဲက တောင်ကိုရီးယားနိုင်ငံဟာ ယခုနှစ်တွေအတွင်း တရုတ်အမျိုးသမီးအများဆုံးခွဲစိတ်ခံဖို့သွားတဲ့ နိုင်ငံဖြစ်ပါလာတယ်။ Korean Health Industry Development Institute ရဲ့အဆိုအရ ဆိုးလ်မြို့တစ်မြို့တည်းမှာ ယမန်နှစ် ၂၀၁၄ တစ်နှစ်တည်းမှာ လူပေါင်း ၁၆၀၀၀ ကျော်ရှိတယ်လို့ ဆိုပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဒီလိုအလှပြင်ဆေးခန်းတွေက ရတဲ့ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့်ရှိပြီး ဒီဝင်ငွေဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ အလှပြင်ဆေးခန်းတွေအားလုံးကရတဲ့ဝင်ငွေရဲ့ လေးပုံတစ်ပုံခန့်ရှိတယ်လို့ ဆိုပါတယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ ဒီအလှပြင်ဆေးခန်းဝင်ငွေဟာ တစ်နှစ်မှာ ၁၆ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်နေတယ်လို့လည်းဆိုပါတယ်။ အလှပြင်ဆေးခန်းတွေမှာ အများအားဖြင့် ပြုပြင်ကြတာတွေကတော့ နှာတံဖော်ခြင်း၊ မျက်ရစ်ဖော်ခြင်း၊ မျက်စိမှေးတာကို ပြုပြင်ခြင်း၊ ဗိုက်သားအဆီ ထုတ်ခြင်း၊ ရင်သား၊ တင်သားပြုပြင်ခြင်း၊ ဝမ်းဗိုက်အဆီထုတ်ခြင်းတို့ဖြစ်ပါတယ်။ ဒါပေမယ့် နောက်ဆုံးဝင်လာတဲ့ သတင်းတစ်ပုဒ်အရ တရုတ်နိုင်ငံသူတွေဟာ ဒါတွေကိုပြုပြင်ဖို့ တောင်ကိုရီးယားနိုင်ငံကို သွားရောက်ဖို့ မလိုတော့ဘူးလို့ဆိုပါတယ်။ တရုတ်နိုင်ငံနဲ့တောင်ကိုရီးယားနိုင်ငံတို့ရဲ့ Free Trade Agreement ကုန်သွယ်ရေးသဘောတူညီချက်အရ တောင်ကိုရီးယားနိုင်ငံက ပြုပြင်မှုဆိုင်ရာ ခွဲစိတ်ဆရာဝန်တွေဟာ တရုတ်နိုင်ငံမှာ တရုတ်လုပ်ငန်းရှင်တွေနဲ့ ဖက်စပ်လုပ်ကိုင်ပြီး အမြတ်အစွန်းကို ၅၀-၅၀ ဝေမျှယူကြဖို့ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

Migraine ခေါ်တဲ့ပြင်းပြင်းထန်ထန်ခေါင်းကိုက်တဲ့ရောဂါဟာ ရောဂါခံစားရသူတွေအတွက် အနေရခက်ပြီး ဘာအလုပ်မှမလုပ်နိုင်အောင် ခံစားကြရတာပါ။ အမေရိကန်နိုင်ငံက လေ့လာထားချက်မှာတော့ ဒီရောဂါဟာ လူတစ်ရာမှာ ရှစ်ယောက်နှုန်းခံစားရပြီး အမျိုးသမီးတွေက အမျိုးသားတွေထက် နှစ်ဆပိုဖြစ်နိုင်တယ်လို့ဆိုပါတယ်။ နောက်ပြီး အမေရိကန်နိုင်ငံမှာ ဒီရောဂါခံစားရတဲ့လူတွေကြောင့် လုပ်အားဆုံးရှုံးမှုဟာ တစ်နှစ်မှာ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့်ရှိတယ်လို့ဆိုပါတယ်။ ဒီရောဂါမဖြစ်ခင် လျှပ်စီးလက်သလို၊ အရိပ်မည်းကြီးမြင်ရသလို မျက်စိထဲမှာ မြင်ရပြီး တချို့မှာတော့ ဆူညံအသံတစ်ခုကို ကြားရတတ်တယ်လို့ ဆိုပါတယ်။ ဒါကို AURA လို့ခေါ်ပြီး ဒီလိုမြင်ရတာ ၁၀ မိနစ် ၁၅ မိနစ်လောက်ဖြစ်တတ်ပြီး နောက်နာရီဝက် တစ်နာရီကြာတဲ့အခါ ခေါင်းတစ်ခြမ်းကိုက်လာတာကို မခံမရပ်နိုင်အောင် ခံရတတ်ပါတယ်။ တချို့မိန်းကလေးတွေမှာ ရာသီလာခါနီးဖြစ်တတ်ပြီး တချို့မှာတော့ အနံ့တစ်ခုခုကို ရှူလိုက်ရပြီးလည်းဖြစ်တတ်ပါတယ်။ ဒီလို ခေါင်းကိုက်တာနဲ့အတူပူးတွဲပြီး ပျို့ချင်အန်ချင်ဖြစ်ပြီး မျက်စိဟာနေရောင်ကို မကြည့်နိုင်ခြင်း (Photophobia) တို့ဖြစ်တတ်ပါတယ်။ ဒီလိုဖြစ်လာရင် ယခင်က NSAID ဆေး Ergotamine,Triptans ဆေးစတဲ့ ဆေးတွေနဲ့ ရောဂါသက်သာအောင် ကုနေရတာပါ။

အခုတော့ ဒီလိုခံစားနေရတဲ့ ဝေဒနာရှင်တွေအတွက် ခေါင်းကိုက်တာကို ပျောက်ကင်းအောင် ကုနိုင်မယ့်နည်းတစ်ခု ပေါ်လာပါပြီ။ ဒီနည်းကတော့ Trans Cranial Magnetic System(TMS)လို့ အမည်ပေးထားတဲ့ ဦးနှောက်ကို သံလိုက်ဓာတ်ဖြတ်သန်းကုသနည်းပဲဖြစ်ပါတယ်။ ဒါကို တီထွင်နိုင်ခဲ့သူတွေက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် Sunnyvale က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့အဆိုအရ ဒီကိရိယာလေးကို နဖူးနဲ့နောက်စေ့မှာညှပ်ထားပြီး Magnetic Wave ဖြတ်သန်းစေတာလို့ဆိုပါတယ်။ ဒီကိရိယာဟာ ဝေဒနာရှင်တွေအတွက် ရောဂါပျောက်အောင်ကုသနိုင်တဲ့ ကိရိယာဖြစ်ပေမယ့် ဦးနှောက်ထဲမှာဖြစ်စေ လည်ပင်းနှင့်ရင်ဘတ်အပေါ်ပိုင်းမှာ သံနှင့်ပြုလုပ်ထားတဲ့ Implant တစ်ခုခု ထည့်ထားသူတွေအတွက် အသုံးမပြုသင့်ဘူးဆိုတာ တင်ပြလိုက်ရပါတယ်။



ယခုဖော်ပြလိုတဲ့သတင်းကတော့ လူတွေရဲ့နှာခေါင်းအတွင်းပိုင်းနေရာတွေဟာ လူတွေကို အန္တရာယ်ပေးနိုင်တဲ့ ဗက်တီးရီးယားတချို့ကို သိုလှောင်ရာနေရာတစ်ခု ဖြစ်နေနိုင်တယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ Standford University School of Medicine က ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာပါ။ သူတို့အဆိုအရ Staphylococcus Aureus ဆိုတဲ့ လူတွေကို ဒုက္ခပေးနိုင်တဲ့ ပိုးမွှားတွေ နှာခေါင်းထဲမှာ ပုန်းအောင်းနေတယ်လို့ဆိုပါတယ်။ နှာခေါင်းမှာ အပြင်ပိုင်း၊ အလယ်ပိုင်း၊ အတွင်းပိုင်း နေရာသုံးမျိုးရှိရာမှ အလယ်ပိုင်းနှင့် အတွင်းပိုင်းတွေမှာရှိနိုင်တယ်လို့ဆိုပါတယ်။ နောက်ဗက်တီးရီးယား တစ်မျိုးဖြစ်တဲ့ Corynebacterium Pseudodiphtheriam ဟာလဲ Nasal Cavity ထဲမှာရှိနေနိုင်တယ်။ ဒီဗက်တီးရီးယားကထုတ်လိုက်တဲ့ Molecular Product ဟာ Staph aureus ရောဂါပိုးရှင်သန်ဖို့ကို အထောက်အကူပြုနေတယ်လို့လည်း သူတို့ရဲ့ လေ့လာချက်မှာ ဖော်ပြထားပါတယ်။ ဒီလိုရှိနေတာဟာ ကျန်းမာရေးကောင်းမွန်နေစဉ် ပြဿနာမရှိနိုင်ပေမယ့် တခြားရောဂါတစ်ခုခုကြောင့် ကိုယ်ခံအားကျလာချိန်မှာ သူတို့ဟာ ဒုက္ခပေးနိုင်တယ်လို့ ဆိုပါတယ်။ နှာခေါင်းရောဂါနှင့်ပတ်သက်ပြီး ဘာမှခံစားရခြင်းမရှိသူတွေမှာ ဘာကုသမှုမှ ခံယူစရာမလိုပေမယ့် အမြဲတမ်း နှာရည်ယိုခြင်း၊ နှာခေါင်းပိတ်ခြင်း၊ နှပ်ချေးထွက်ခြင်းနှင့် အနံ့မရခြင်းတို့ရှိပါက စောစီးစွာ ကုသမှုခံယူထားဖို့ အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလို့တဲ့ သတင်းတစ်ပုဒ်ကတော့ လက်ဖက်ရည်ဟာ လူတွေတကယ်သောက်သုံးသင့်တဲ့ အရည်ဖြစ်ကြောင်း လေ့လာထားတဲ့ သတင်းတစ်ပုဒ်ပါ။ ၂၀၁၃ ခုနှစ် ဗြိတိန်သုတေသီတွေလေ့လာခဲ့တဲ့ စာတမ်းပေါင်း ၁၁ ခုကို အခြေခံပြီး ယခုထပ်ဆင့်လေ့လာမှုက ဖော်ပြထားတာပါ။ အများအားဖြင့် အသောက်များတဲ့ Green Tea နှင့် Black Tea အပါအဝင် လက်ဖက်ရည်အားလုံးဟာ ပုံမှန်သောက်နေရင် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ သွားနှင့် အရိုးရောဂါတို့ကို အတော်အတန် ကာကွယ်နိုင်တယ်လို့ဆိုပါတယ်။ လက်ဖက်ရည်မှာပါတဲ့ Polyphenol ဓာတ်ဟာ Antioxidant Action ရှိပြီး Anti-Infammation(အရောင်လျော့ခြင်း)၊ Anti-bacteria (ပိုးသေနိုင်ခြင်း) စတဲ့အစွမ်းလည်းရှိတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ကိုယ်ခန္ဓာမှာ ဒုက္ခပေးနိုင်တဲ့ Low Density Lipoprotein-LDP ကိုလည်း လျော့နည်းစေတယ်လို့ ဆိုပါတယ်။ လက်ဖက်ရည်သောက်ခြင်းကြောင့် ပါးစပ်ထဲက သွားရောဂါဖြစ်စေနိုင်တဲ့ ဗက်တီးရီးယားတွေကိုသေစေပြီး သွားမှာ Cavity ဖြစ်ခြင်း၊ သွားဖုံးရောင်ရမ်းခြင်းတို့ကို ကာကွယ်နိုင်ပြီး သွားရဲ့ကျန်းမာရေးကို အထောက်အကူပြုစေတယ်လို့ ဆိုပါတယ်။ Ployphenol ဟာ အရိုးပွရောဂါဖြစ်တဲ့ Osteoporosis ကိုလည်း ကာကွယ်နိုင်တယ်လို့ ယင်းလေ့လာချက်မှာဖော်ပြထားပါတယ်။ ဒါကြောင့် လူတိုင်းကျန်းမာရေးအတွက် နေ့စဉ်လက်ဖက်ရည် သောက်သုံးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

တချို့ဦးနှောက်ကင်ဆာရောဂါတချို့မှာ ဓာတ်ရောင်ခြည်နှင့်ကုသရတာရှိပါတယ်။ ဒီလိုကုသရတဲ့အခါ ဒီ Radiation ဒဏ်ကြောင့် ဦးနှောက်အကျိတ်ဝန်းကျင်က ဦးနှောက် Cells အကောင်းတွေဟာလည်း ပျက်စီးသွားတတ်ပါတယ်။ ဒီလိုပျက်စီးသွားတာဟာ ပြန်မကောင်းနိုင်တော့ဘူးလို့ ဆေးပညာရှင်တွေ ယုံကြည်ထားခဲ့ကြတာပါ။ ဒါပေမယ့် ဒါဟာမမှန်တော့ဘူးလို့ ဆေးပညာရှင်တွေတချို့က တွေ့ရှိခဲ့ကြပါတယ်။ ဒီလိုတွေ့ရှိခဲ့သူတွေကတော့ အမေရိကန်နိုင်ငံ John Hopkin University School of Medicine က ဆေးပညာရှင်တွေ ဖြစ်ပါတယ်။ သူတို့လေ့လာချက်အရ ဦးနှောက် Cells တွေကို ပွားများစေတဲ့ Neural Stem Cells ဟာ Radiation ရဲ့ဒဏ်ကို ခံနိုင်အားရှိပြီး သူတို့ဟာ ဒီကုသမှုပေးတဲ့အချိန်မှာ သေမသွားဘဲ ဦးနှောက် Cells အသစ်ကို ပွားများစေနိုင်တာကြောင့်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီ Stem Cells ရှိတဲ့နေရာတွေမှာဖြစ်တဲ့ ဦးနှောက်ကင်ဆာကုသရာမှာ ဦးနှောက် Cells တချို့သေသွားပေမယ့် အသစ်ပြန်လည်ပွားများလာတာကို ကနဦးကြွက်သားများနှင့် စမ်းသပ်ရာမှာ တွေ့ရှိခဲ့ရတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ အဝလွန်ပြီး ကိုယ်ခန္ဓာအလေးချိန်များနေသူတွေအတွက် ကိုယ်အလေးချိန်လျော့စေနိုင်တဲ့ ကုသမှုတစ်ခုအကြောင်းပါ။ ဒီနည်းကိုတော့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် San Clemente က ဆေးပညာရှင်တွေ တီထွင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီကုသနည်းကို သူတို့နာမည်ပေးထားတာကတော့ REDUCE Trial ဖြစ်ပါတယ်။ ဒီနည်းမှာ Oesophagus နှင့်အစာအိမ်အပေါ်ပိုင်းမှာ ဘောလုံးသဏ္ဌာန်အလုံး နှစ်ခုထည့်သွင်းကုသနည်းဖြစ်ပါတယ်။ Reshape Duo လို့လည်းခေါ်ပါတယ်။ ဒီနည်းမှာ လူနာကိုသတိမမေ့စေဘဲ အပျော့စားမေ့ဆေးထိုးပြီး Endoscope ခေါ် အစာအိမ်လမ်းကြောင်းမှန်ပြောင်းကတစ်ဆင့် ဒီ Balloon လေးနှစ်ခုကိုထည့်ပေးပြီး ဒီဘောလုံးနှစ်ခု အစာအိမ်ထဲရောက်တော့မှ ဘောလုံးထဲမှာ Normal Saline အရည်ကို ဖြည့်ပြီး ဘောလုံးအဖြစ် ထားခဲ့မှာဖြစ်ပါတယ်။ ဒီဘောလုံးအစာအိမ်ထဲမှာ ရှိနေခြင်းဖြင့် အစာအိမ်အကျယ်ဧရိယာလျော့သွားကာ အစာကိုပုံမှန်လောက်စားစရာမလိုဘဲ ဗိုက်ပြည့်စေမှာ ဖြစ်ပါတယ်။ ဒီနည်းနဲ့လူနာ ၃၂၆ ယောက်ကို၂၄ ပတ်ကြာ စမ်းသပ်ရာမှာ သိသိသာသာကိုယ်အလေးချိန်လျော့သွားခဲ့တယ်လို့ ဆိုပါတယ်။ သာမန်အစားလျှော့ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းထက်ပိုပြီး အလေးချိန် လျော့စေတယ်လို့လည်းပါတယ်။ သူတို့အဆိုအရ ကိုယ်ခန္ဓာအလေးချိန် လျော့ပုံကိုကြည့်ပြီး ဒီဘောလုံးတွေကို အလွယ်တကူ Endoscope နည်းနဲ့ပဲ ပြန်ထုတ်နိုင်ပြီး အနည်းဆုံးခြောက်လအထိထားနိုင်တယ်လို့ဆိုပါတယ်။ အဝလွန်နေပြီး အလေးချိန်လျှော့ချင်ပေမယ့် ခွဲစိတ်ကုသမှုမခံယူနိုင်သူတွေအတွက် အသင့်တော်ဆုံးကုသမှုတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

# ဒိုက်ဦးမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာများ ကွင်းဆင်းပြုပြင်ပေး

**ဒိုက်ဦး ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သော လယ်မြေများရှိ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက လယ်မြေထိခိုက်ပျက်စီးသည့် ကျေးရွာစုများရှိ တောင်သူပိုင် စက်ကိရိယာများအား ကွင်းဆင်း ပြုပြင်ပေးလျက်ရှိသည်။

စက်မှုလယ်ယာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)တိုင်းဒေသကြီးဦးစီးဌာနမှူး၏လမ်းညွှန်မှု၊ ခရိုင်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုတို့ဖြင့် ယနေ့အထိ လက်တွန်းထွန်စက် ၁၆ စီး ပြုပြင်ပေးနိုင်ခဲ့ပြီး ဆက်လက်၍ ကျန်ရှိကျေးရွာအုပ်စုများသို့ ပြုပြင်ပေးရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကျော်ကျော်-IPRD)



# မီးသွေးများ ရောင်းချပေး

**ပွင့်ဖြူ ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှ ရေဘေးသင့်ပြည်သူများ ချက်ပြုတ်စားသောက်ရာတွင် အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ မင်းဘူးမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့မှ ပေးပို့သော မီးသွေးများကို ဩဂုတ် ၁၁ ရက်မှစ၍ မြို့နယ်သစ်တောဦးစီးဌာနမှူးရုံး၌ ရောင်းချပေးလျက်ရှိရာ စုစုပေါင်း ၁၁၂၂ အိတ် ရောင်းချပေးခဲ့ကြောင်းသိရသည်။

(သန်းဌေး-မင်းဘူး)

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

ဆည်တော်ကြီးမှ ရေမပြတ်သွင်းသဖြင့် ကျုံးရေသည် သန့်ရှင်းမှုရှိသည်။ မြို့ပေါ်ရပ်ကွက်များသို့ မြေအောက်ရေပိုက်များဖြင့် ပို့လွှတ်ပေးသည်။ ကျုံးအနောက်ဘက် တစ်လျှောက် ရပ်ကွက်များတွင် ပြည်သူလူထုသုံးစွဲရန် လမ်းဘေးရေကန်များဖြင့် ပြုလုပ်ပေးထားသည်။ ယခုလည်း မန္တလေးရေစီမံကိန်းမှ ရေဖြန့်ဖြူးပေးနေသည့်တိုင် ကျုံးရေကို သုံးစွဲလျက်ရှိကြသည်။ မန္တလေးကျုံးသည် ရှေးဟောင်းယဉ်ကျေးမှု အထိမ်းအမှတ်တစ်ခုဖြစ်ရုံသာမက ယခုတိုင် မြို့လူထုအား အကျိုးပြုလျက်ရှိသည်။

**ပြန်လည်တူးဖော်ပြင်ဆင်မှု**

ကျုံးတော်ကြီး ပြန်လည်တူးဖော်ရာတွင် ၂၀-၄-၉၄ ရက်နေ့တွင် ကျုံးရေ စတင်ပိတ်ခဲ့ပြီး ၆-၅-၉၄ ရက်နေ့မှစ၍ ကျုံးရေများ စတင်စုပ်ယူ ရှင်းလင်းခဲ့၏။ ၁၃-၅-၉၄ ရက်နေ့တွင် စတင်တူးဖော်ခဲ့ပြီး ၁၃-၃-၉၅ ရက်နေ့တွင် ကျုံးတော် ပြန်လည်တူးဖော်ရာမှ ကျုံးအတွင်း မြေအောက်မှ ရှေးဟောင်း ပစ္စည်းများ အမျိုးပေါင်း ၁၆၂ မျိုးတွေ့ရှိသဖြင့် ရှေးဟောင်းသုတေသနဦးစီးဌာနမှ မှတ်တမ်းတင် ထိန်းသိမ်းထား၏။ ကျုံးအတွင်း ရေထဲမှ ငါးများ၊ လိပ်များကိုလည်း စနစ်တကျ ရွှေ့ပြောင်းပေးခဲ့၏။ ရောဝတီမြစ်ထဲသို့ ငါး ၄၇၆၀ ကောင်လွှတ်ခဲ့၏။ လိပ်ကြီးတစ်ကောင် ရတနာပုံ တိရစ္ဆာန်ဥယျာဉ်သို့ ပို့ပေးခဲ့၏။ အင်္ဂလိပ်လက်ထက် ဖောက်လုပ်ခဲ့သောမြောက်ဘက်မြို့ရိုး အထွက်မှ မတ္တရာရထားလမ်းကို လည်း ဖျက်သိမ်းပေးခဲ့၏။ ကျုံးအောင်ပွဲအဖြစ် ၁၉၉၅ ခုနှစ် မတ်လ ၁၈ ရက်နေ့ ခြိမ့်ခြိမ့်သဲ ပျော်ပွဲရွှင်ပွဲများဖြင့် နန်းတော်မြို့ရိုးပတ်လည်း ကျုံးအတွင်း ကျင်းပခဲ့သည်ကို "အောင်စည်မောင်းသံ၊ ဆူဆူညံညံ၊ နန်းမြို့ကျုံးကန် အောင်ပွဲခံ၊ မှတ်ရန်သက္ကရာဇ် တစ်ကိုးကိုးငါးနှစ်" ဟု အတိုကောက် ရေးထားသည်ကိုလည်း မှတ်ခဲ့ရ၏။ ဆိုင်း၊ ဇာတ်၊ အငြိမ့်၊ တေးဂီတဖျော်ဖြေပွဲ၊ အားကစားပြိုင်ပွဲ၊ ရုပ်သေးပွဲ၊ စည်တော်ကြီးပွဲ၊ အပါအဝင် သုံးရက်တိုင် ဆင်နွှဲခဲ့ကြ၏။

**ကျုံးအောင်ပွဲအဖြစ် ၁၉၉၅ ခုနှစ် မတ်လ ၁၈ ရက်နေ့ ခြိမ့်ခြိမ့်သဲ ပျော်ပွဲရွှင်ပွဲများဖြင့် နန်းတော်မြို့ရိုး ပတ်လည်းကျုံးအတွင်း ကျင်းပခဲ့သည်ကို "အောင်စည်မောင်းသံ၊ ဆူဆူညံညံ၊ နန်းမြို့ကျုံးကန် အောင်ပွဲခံ၊ မှတ် ရန်သက္ကရာဇ် တစ်ကိုးကိုးငါးနှစ်" ဟု . . .**

ကျုံးတော်ကို ပြန်လည်တူးဖော်ကြရာတွင် တပ်မတော်သား အင်အား ၆၀၆၀၂၈ ဦး အပါအဝင် ပြည်သူလူထု အင်အား ၂၃၄၅၂၅၆ ဦးတို့ဖြင့် သန့်ရှင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်၏။ ရှေးဟောင်း မြန်မာ့နန်းတော်နေရာတွင် နှစ်ပေါင်း ၁၀၀ ကျော်က ပြည်သူတို့လုပ်အားပြုခဲ့ကြသည့် အမွေအနှစ် စွမ်းပကားအပြင် စက်ယန္တရားကြီး ၃၁၂ စီး၊ ရေစုပ်စက် ၇၁ လုံး၊ အရပ်ဘက်ယာဉ် ၂၀၀ ကျော် အသုံးပြု တည်ဆောက်ခဲ့ကြ၏။ ကျောက်ကျင်း အရွယ်အမျိုးစုံ ၆၀၃၆၄ ကျင်း၊ ဘိလပ်မြေ ၈၈၈၅၅ အိတ်၊ ထုံး ၁၂၂၀ အိတ်၊ သဲ ၁၀၈၉၆ ကျင်း အသုံးပြု ခဲ့၏။ ကုန်ကျစရိတ် ၂၆၅ သိန်းဖြစ်ကြောင်း မှတ်သားရ၏။

ကျုံးတော်ကို ပြုပြင်တည်ဆောက်ရာ၌ လုပ်ကွက်အလိုက် ပိုင်းခြားလျက် တာဝန်ယူဆောင်ရွက်ကြခြင်းဖြစ်သည်။ ကျုံးအတွင်း နုန်းများ ၁၂ ပေထိ တူးထုတ်ခဲ့ကြ ၏။ ကမ်းနှစ်ဖက် ကျောက်ရိုးစီပြီး မြေထိန်းနံရံများ တည်ဆောက်ခြင်းအပြင် ကမ်းနဖူးပေါ်တွင် လူသွားစင်္ကြံလမ်းရေတာတမံများအဖြစ် တည်ဆောက် ထုံးသုတ်မွမ်းမံခြင်းဖြစ်၏။ လေးဖက်လေးတန် တူးဖော်တည်ဆောက်ပြီး ကျုံးအတွင်းသို့ ပရိတ်တရားတော်ရွတ်ဖတ်ပြီး ရေစတင်လွှတ်ပေး၏။ ရေနီမြောင်းမှ ရေလွှတ်ပေးရာ၌ ရေစစ်ကန်ကြီးနှင့် ရေသွင်းမြောင်းကိုလည်း တူးဖော်ပြုပြင်နိုင်ခဲ့သည်။

ကျုံးရေစစ်ကန်မှာ အလျား ၁၂၀၀ ပေ၊ အနံ ၁၄၀ ပေ ရှိပြီး ၁၉၆၅ ခုနှစ်က တူးဖော်ပြုပြင်ခဲ့ပြီးနောက် ၁၉၇၅ ခုနှစ်တွင် ထပ်မံ တစ်ကြိမ်တူးဖော်ပြုပြင်ခဲ့ရာမှ တိမ်ကောလုမတတ်ရှိနေခဲ့သဖြင့် ၁၉၉၅ ခုနှစ်တွင် ပြန်လည်တူးဖော်ခဲ့ခြင်းဖြစ်သည်။ ရေစစ်ကန်ကြီးကိုလည်း လူအင်အား မြောက်မြားစွာဖြင့် ကျောက်ရိုးစီ တည်ဆောက်ခဲ့ခြင်းဖြစ်၏။

မင်းတုန်းမင်းတရားကြီးသည် မန္တလေးမြို့ကို (၁၂၁၈ ခုနှစ် စတည်သည်) ၁၂၂၁ ခုနှစ် တည်ထောင်ပြီး မော်ကွန်းစိုက်ထူခဲ့ရာ၌ မန္တလေးမြို့ မတည်ခင်ကပင် ချောင်း၊ မြောင်း၊ ကန်များနှင့် ပတ်ဝန်းကျင်တွင် သာယာသော ဒေသဖြစ်သည်။ ရတနာပုံခေတ်စတင်ခဲ့သော မြို့တည်နန်းတည်ရာမှအစ နယ်နိမိတ်အပိုင်းအခြား ပုရပိုက်မြေပုံများလည်း အမှုတော်ထမ်းတို့က တစ်ချိန်တည်း ရေးဆွဲမှတ်တမ်းတင်ရသည်။

မြေပုံများနှင့် ပတ်သက်၍ ဆရာဒေါက်တာသန်းထွန်း၏ မှတ်ချက်တွင် ရှေးမြေပုံများကို ကြည့်ရသည်မှာ မှတ်သားစရာကောင်းသည်။ ယခုခေတ်လို မြောက်ဘက်အပေါ်ထားပြီး မဆွဲ၊ အရှေ့ကို ထိပ်က ဆန့်ဆွဲလေ့ရှိသည်။ ဤသည်မှာ မြန်မာနည်းဟု ဆိုနိုင်သည်။ ခရီးအကွာအဝေးကိုကိုလည်း မြေပုံပေါ်မှာပင် မည်မျှကွာဝေးသည်ကို ဖော်ပြသည်။ အနိမ့်အမြင့်ပြ ကွန်တိုလိုင်းမပါ။ တောတောင်ပါလျှင် တောတောင်ဆွဲပြသည်။ စေတီပုံပါလျှင် စေတီပုံပြသည်။ မင်းတုန်းမင်းလက်ထက် မန္တလေးရွှေကြိုးသတ်နယ်မြေတွင် အရှေ့ဘက် နတ်ထိပ်တောင်ရိုးဟု တွေ့သည်။ တောင်ဘက်ရှည်ပြီး အရှေ့အနောက် အရှည်၏ နှစ်ဆခွဲလောက်ရှိသည်။ အရှေ့အနောက် ၁၃ မိုင်၊ တောင်မြောက် ၃၂ မိုင်ဟု ခန့် မှန်းသည်။ သုံးဘက်ကမြစ်၊ အရှေ့ဘက်နတ်ထိပ်တောင်ရိုးနှင့် ပိတ်ထားသော စတုဂံပုံဖြစ်၏။ ကန်တွေ၊ ချောင်းတွေကလည်း ပေါများပြီး ကန်ရေသောက်၊ မြောင်းရေသောက် စိုက်ပျိုးနိုင်သည့် မန္တလေးဒေသတွင် စိမ်းစိုသာယာပြီး စပါးဆန်ရေ ပေါများကြွယ်ဝခဲ့သည်မှာလည်း မင်းမှုထမ်းတို့အား ဝေငှသည့် ဆန်စပါးကို တွက်ဆကြည့်နိုင်သည်။

**ရွှေတချောင်း**

ထင်ရှားသော ချောင်း၊ မြောင်း၊ ကန်များ၊ အင်းများလည်း မန္တလေးမတိုင်မီကနှင့် မန္တလေးတည်ပြီးချိန် မှတ်တမ်းတချို့ တွေ့ရသည်။ မန္တလေးမြို့တွင် မြို့လယ်ကောင်ဖြတ်စီးသည့် ရွှေတချောင်းမှာ လူသိများသည်။ ရွှေတချောင်းသည် ရှေးကလှေများဖြင့် သွားလာနိုင်သော မြောင်းတော်ဖြစ်သည်။ အမရပူရ မြို့တည်နန်းတည် ၁၁၄၄ ခုနှစ် ခမည်းတော်မင်းတရားကြီး (ဘိုးတော်) လက်ထက်တော်၌ ရှေးဝင်းတော်မှူး ဦးရောက်ကြီးကို ကြီးကြပ်စေ၍ အမှုထမ်း ဆင်းရဲသား ကျွန်တော်မျိုးတို့ ဆည်ဖို့ တူးဖော်စေရာ ရေများ တက်သေးအင်းသို့ ရောက်သည်ဟု တွေ့ရသည်။ ရွှေတချောင်း၏ မူလစီးရာ မတ္တရာမြို့နယ်၊ မြောင်းကြီး၏ အမည် နဲ့ကုပ်သိုမှ ပြောင်းလဲခေါ်ခြင်းဖြစ်သည်။ နဲ့ကုပ်သိုမြောင်း၏ အမည်ကို မတဲစစ်တမ်းနှင့် ပေါက်တောစစ်တမ်းတို့၌ တွေ့ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**




ဖတ်စရာ

# မြန်မာ့ရိုးရာရက်ကန်းလုပ်ငန်းကို နိုင်ငံခြားသားများစိတ်ဝင်စား

**à** တိမ်တမန်

အမရပူရရောက် နိုင်ငံတကာခရီးသွားဧည့်သည်များသည် မြန်မာ့ယဉ်ကျေးမှုနှင့်အတူ ဝတ်စားဆင်ယင်မှုများကို လေ့လာမှတ်တမ်းယူကြသည်။ ကလေးငယ်များ မြန်မာဆန်ဆန် ထမီကလေးများဝတ်စားထားကာ ကစားနေသည့်ဟန် ပါးကွက်ကျားကွက်ထားပုံများတွေ့လျှင် ဓာတ်ပုံရိုက်လေ့ရှိသည်။ အထူးသဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာသလို အမရပူရထွက် အဝတ်အထည်များနှင့် ရက်ကန်းလုပ်ငန်းကို လေ့လာကြသည်။

အမရပူရမြို့နယ်သည် ယခင်ခေတ်အခါက မန္တလေးမြို့၏ စက်မှုနယ်အဖြစ် အသိအမှတ်ပြုခံထားရသည်။ စက်မှုဇုန်ထွန်းကားသောနယ်ဖြစ်ပြီး ရက်ကန်းနှင့် အပ်ချည်လုံး၊ အခြားရွှေချည်ထိုးပစ္စည်းများတွင် နာမည်ကြီးသောဒေသဖြစ်သည်။ အမရပူရနယ်တွင် အထည်ဒီဇိုင်းနှင့်ပတ်သက်၍ နာမည်ကြီးဖဲနှတ်ကောက်နိုင်သူတို့ ရှိသည့်နေရာဖြစ်ပြီး ပြက္ခဒိန်ထဲမှ ချိတ်ဒီဇိုင်းကိုကြည့်ရုံမျှဖြင့် ဖဲနှတ်ကောက်သူတို့သည် ဒီဇိုင်းထွင်နိုင်သည်။

ယင်းပြင် အမရပူရနယ်တွင် ၂၀၁၅ ခုနှစ်အတွင်း စက်ရက်ကန်းများနှင့်အပြိုင် တစ်ပိုင်တစ်နိုင် ရက်လုပ်သော လက်ရက်ကန်းစင်များမှာ လှပသောကချင်လုံချည်များနှင့် ပိုးထည်များ ရက်လုပ်သည်။ များသောအားဖြင့် ကချင်လုံချည်၊ မိန်းမဝတ်အထည်များ ရက်လုပ်သည်။ ကချင်ရိုးရာလုံချည်များ ရက်လုပ်ရာတွင် လက်ရက်ကန်းစင်တစ်စင်လျှင် အထည်အလိပ်အကွင်း ၆၀ ရရှိသည်။ အခြားနာမည်ကြီးအထည်များမှာ ချိတ်လုံချည်နှင့် လွန်းရာကျော်ချိတ်များပင်ဖြစ်သည်။

ကချင်လုံချည်များနှင့် အတူခေတ်အလိုက်တန်ဖိုးသင့် ချိတ်ထဘီများကိုလည်း ရက်လုပ်ကြသည်။ လက်ရှိကာလတွင် အမရပူရထွက် အထည်များနှင့် အထည်ရက်လုပ်မှုများကို နိုင်ငံတကာခရီးသွားဧည့်သည်များ လေ့လာမှတ်တမ်းယူကြသည်။ ချိတ်ထဘီနှင့် ကချင်လုံချည်၊ မိန်းမဝတ်အထည်များ ရောင်းချသည့်ဆိုင်များကို လေ့လာသလိုပင် လက်တွေ့ရက်ကန်းခတ်မှုကိုပါ စိတ်ဝင်တစားလေ့လာကြသည်။ မြန်မာအထည်၊ မြန်မာမှုဝတ်စုံများကို အထူးသဘောကျသလို မြန်မာ့ယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုများကိုပါ လေ့လာမှတ်တမ်းယူလေ့ရှိကြောင်း အမရပူရနယ်ခံတစ်ဦးက ရှင်းပြသည်။

## တောင်ပြုံးပွဲတော်ကျင်းပရေးကော်မတီများနှင့်ညှိနှိုင်း

**မတ္တရာ ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် နှစ်စဉ်ကျင်းပလျက်ရှိသော တောင်ပြုံးပွဲတော်အေးချမ်းစွာကျင်းပနိုင်ရေး အတွက် ပွဲတော်ကျင်းပရေးကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညီညီက ပွဲတော်လုံခြုံရေးစီမံချက်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းဦးက ကျန်းမာရေးလုပ်ငန်းစီမံချက်များနှင့် ဘုရားပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးဝင်းမောင်က ပွဲတော်ငွေစာရင်းများ၊ ဈေးဆိုင်ခန်းများလိုက်နာရမည့် စည်းကမ်းချက်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းစည်းဝေးပွဲသို့ ပွဲတော်တွင် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ကျန်းမာရေးအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးယာဉ်ထိန်းရဲ၊ တောင်ပြုံးဘုရားဂေါပကများ၊ တောင်ပြုံးကျေးရွာအနီးရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# စလင်းမြို့နယ် မကျီးပင်ပုကျေးရွာအုပ်စုရှိ တောင်သူများ စိုက်ပျိုးရေရရှိရန် အဓိကအားကိုးနေရသော လင်းဇင်းရေသောက်စနစ် စလင်းမြောင်းမကြီးလက်တံ (၃) သစ်သားရေတံလျှောက်အား ပြန်လည်တည်ဆောက်



**စလင်း ဩဂုတ် ၂၀**

ဆည်ရေသောက်စနစ်ကို အားပြု၍စိုက်ပျိုးလုပ်ကိုင်နေသော စလင်းမြို့နယ် မကျီးပင်ပုကျေးရွာအုပ်စုရှိ တောင်သူများ စိုက်ပျိုးရေရရှိရန် အဓိကအားကိုးနေရသော လင်းဇင်းရေသောက်စနစ် စလင်းမြောင်းမကြီး လက်တံ(၃) သစ်သားရေတံလျှောက်မှာ ခံနိုင်ရည်အားနည်း၍ စိုက်ဧကများ လုံလောက်စွာရေမပေးနိုင်သဖြင့် နိုင်ငံတော်မှ ကျပ်သန်း ၃၂၀ အကုန်ကျခံပြီး ခိုင်ခံ့သည့် စတီးရေတံလျှောက်အသစ် ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

စတီးရေတံလျှောက်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် စလင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဇွန်လမှစတင်ပြီး တာဝန်ယူအကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိရာ အလျားပေ ၂၅၀၊ အမြင့် ၄၂ ပေ၊ အကျယ်လေးပေ၊ အမြင့်လေးပေရှိသည်။ အဆိုပါစလင်းမြောင်းမကြီးမှာ မိုးအဆက်မပြတ်ရွာသွန်း၍ မုန်းချောင်းရေလျှံနေချိန်တွင် ဆည်ရေမလွှတ်သဖြင့် ရေမရောက်ရှိဘဲ စတီးရေတံလျှောက်အသစ်လုပ်ရာတွင် အခက်ခဲမရှိ ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သောကြောင့် ယခုအခါတွင် ငါးဆယ်ရာခိုင်နှုန်း အောင်မြင်ပြီးစီးကာ အောက်တိုဘာလတွင် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမည်ဖြစ်ကြောင်း စလင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မင်းထွန်းက ပြောသည်။

စိုက်ပျိုးလယ်ဧက များစွာလုပ်ကိုင်နေသော အင်ပုတ်ကျေးရွာနေ တောင်သူဦးပေါက "အရင်နှစ်စပါးစိုက်ပျိုးချိန်က သစ်သားရေတံလျှောက်က ခွက်ဝင်နေတော့ စိုက်ခင်းတွေဆီ ရေရောက်အောင်မပို့နိုင်လို့ ဆည်ရေကို အားထားစိုက်ပျိုးသူတွေ မစိုက်ပျိုးနိုင်လို့ စိုက်ပျိုးရေးဘဏ်ကချေးထားတဲ့ငွေတွေ ပြန်သွင်းဖို့ အခက်အခဲတွေနဲ့ ရင်ဆိုင်လိုက်ရသေးတယ်။ ဒီကြားထဲ မိုးခေါင်တော့ ပိုဆိုးတာပေါ့။ အထက်ရေအရင်းမြစ်ကသူတွေကလည်း ပိတ်ဆို့ထားတာတွေလုပ်တော့ ဘာမှကိုမစိုက်ပျိုးနိုင်ကြဘူး။

"ကျွန်တော်က လယ်ဧကများတော့ ကိုယ်ပိုင်ရေစုပ်စက်ဝယ်ပြီး ရင်းနှီးမတည်ထားတော့ မှန်မှန်နှစ်သီးတော့ စိုက်ပျိုးလုပ်ကိုင်နိုင်ပါတယ်။ တခြားတောင်သူတွေကတော့ သစ်သားရေတံလျှောက်ကရတဲ့ ဆည်ရေလေးနဲ့ စိုက်ပျိုးရသလောက်ဧကလေးတွေကို စိုက်ပျိုးနေကြတာပဲ" ဟု ပြောသည်။ လင်းဇင်းဆည်ရေသောက်စနစ် စလင်းမြောင်းမကြီး လက်တံ ၃ မြောင်း သစ်သားရေတံလျှောက်မှ စိုက်ပျိုးရေကို အသုံးပြုရသော လယ်ဧကပေါင်း ၈၅၀ ခန့်ရှိရာ ရေတင်ခံနိုင်ရည်အားနည်း၍ စိုက်ပျိုးရေလုံလောက်စွာမရရှိသော်လည်း ခိုင်ခံ့သည့် စတီးရေတံလျှောက် ဆောက်လုပ်ပြီးစီးသွားပါက စိုက်ဧကများကို ဆည်ရေလုံလောက်စွာ ပေးသွားနိုင်တော့မည်ဖြစ်ကြောင်း စလင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

**ပိုင်ဇေ(မကွေး)**



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးတွင် မြို့ပေါ်ရပ်ကွက်များမှ အသက် ၆ လမှ အသက် ၅ နှစ်အတွင်း ကလေးငယ်များအား ဗိုက်တာမင်အေဆေးတိုက်ကျွေးခြင်း၊ အသက် ၂ နှစ်မှ ၅ နှစ်အောက်ကလေးများကို သန်ချဆေးပြားများတိုက်ကျွေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီမှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ကျော်ဇင်မင်း(စေတုတ္တရာ)

## ငါးသယံဇာတထိန်းသိမ်းရန် ရေးမြို့တွင် စပါးခင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်

**ရေး ဩဂုတ် ၂၀**

ငါးသယံဇာတထိန်းသိမ်းရန် ရည်သန်လျက် ရေးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် သဘာဝရေပြင်နှင့် စပါးခင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၁၉ ရက်က ရေးမြို့ မြကန်သာကျုံးသဘာဝရေပြင်အတွင်းသို့ ငါးခုံးမကြီးအကောင် ၃၀၀၀၀ နှင့် ငါးမြစ်ချင်းအကောင် ၂၀၀၀၀ ကိုလည်းကောင်း၊ အဘော်ကျေးရွာပါးခင်းအတွင်းသို့ ရွှေဝါငါးကြင်း အကောင် ၁၀၀၀၀ နှင့် တီလားပီးယားကောင်ရေ ၁၀၀၀၀ ကို စုပေါင်းစိုက်ထည့်ပေးခဲ့ကြသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်နှင့် ဌာနဆိုင်ရာများ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုပြည်နယ်မှူး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး နှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## အားကစားဖွံ့ဖြိုးရေးအစီအစဉ်အရ ရပ်ကွက်နှင့်ကျေးရွာအုပ်စုပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

**နတ်တလင်း ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ တိုင်းဒေသကြီးတစ်ခုတွင် ငါးမြို့နယ်ရွေးချယ်ပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲများကို အားကစားဝန်ကြီးဌာနမှ ကျင်းပခဲ့သည်။

မြို့နယ်အတွင်းရှိ မျိုးဆက်သစ်ရွက်ပုန်း သီးဘောလုံးအားကစားသမားလူငယ်များ ပေါ်ထွန်းလာရေးအတွက်ရည်ရွယ်၍ ယှဉ်ပြိုင်ပွဲများကျင်းပခြင်းဖြစ်ပြီး အားကစားသမားများသည် မြို့နယ်အတွင်းနေထိုင်သူဖြစ်ရမည်ဟု ကော်မတီမှသတ်မှတ်ထားသည်။

သို့သော် မြို့မရပ်ကွက်ဘောလုံးအသင်းသည် ရွှေတောင်မြို့မှ ကစားသမားများကိုခေါ်ယူ ကစားခြင်းအား ဘောလုံးသင်း ၅ သင်း၏ အုပ်ချုပ်သူများက လက်မှတ်ထိုး၍ ကော်မတီသို့ တင်ပြသော်လည်း ထိရောက်စွာအရေးယူဆောင်ရွက်မပေးခြင်း၊ ဘောလုံးယှဉ်ပြိုင်ပွဲတိုင်း လောင်းကြေးများရှိနေခြင်း၊ တာဝန်ကျဒိုင်၊ ကြီးကြပ်ဒိုင်များ မသမာမှုရှိနေခြင်းများကို အမြန်ဆုံးဖြေရှင်းပေးရန် ဝင်ရောက်ယှဉ်ပြိုင်ကြသော ဘောလုံးသင်းများက ဆန္ဒရှိနေကြောင်း တာပွန်ဇုံဘောလုံးသင်းအုပ်ချုပ်သူ ဦးကျော်စိုးမိုးက ပြောသည်။

**(၀၇၁)**

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"ကျွန်မ ဘယ်လိုလုပ် သိမလဲ၊ ကလေးက ဖျားနေလို့ အဖျားဖြတ်ဆေးလည်း ပေးလိမ့်မယ် ထင်လို့"

"ဆရာဝန်က ဘာဆေးမှ ရေးမပေးတာ၊ ခင်ဗျားသား မဖျားလို့ပေါ့ဗျ"

သက်သက်သည် ဒေါသဖြင့် တုန်ယင်သော အသံနှင့် ပြန်ဖြေ၏။

"ကျွန်မသားတကယ် ဖျားနေတာရှင့်၊ မယုံရင် ရှင်ကိုယ်ကိုယ်စမ်းကြည့်"

"မစမ်းနိုင်ပါဘူး၊ ကျုပ် ဆရာမှ မဟုတ်ဘဲ၊ ခင်ဗျားသား ဖျားနေတယ်ထင်ရင် ဒီဇူဇာတို့ . . ပို့ကြုံကြွေတို့က ထုတ်တဲ့ အဖျားဖြတ်ဆေးတွေ ဝယ်တိုက်ပေါ့၊ တရုတ်စတိုးဆိုင်တိုင်းမှာ ဝယ်လို့ရတယ်"

သက်သက်သည် စိတ်ဆိုးလှသောကြောင့် ကွန်ပေါင်ဒါကို စကားမပြန်နိုင်။ တင်ထားသော ဆေးပုလင်းကိုလည်း မယူမိ။ သက်ခိုင်ကို လက်ဆွဲ၍သာ ထွက်ခွာလာခဲ့ရ၏။

အိမ်ပြန်ရောက်သောအခါ၌ ဒေါသပြေချိန်တွင် သက်သက်ခမျာ စိုးရိမ်စိတ်ကဲမိပြန်သည်။

သက်ခိုင်ကို ကိုက်လိုက်သော ခွေးသားအုပ်မသည် ခွေးကောင်းလော၊ ခွေးရူးလော၊ ခွေးသားအုပ်မကို မြင်နေကျဖြစ်သောကြောင့် မရူးမှန်း သက်သက်သိသည်။ လက်ပံဖူးချိန် ခွေးရူးချိန်ကလည်းမရောက်သေး။ ခွေးရူးမ မဟုတ်နိုင်ချေ။ သို့ရာတွင် ခွေးကောင်း အကိုက်ခံရသည်ဖြစ်လင့်ကစား ထိုခွေးကောင်းသည် ရူးသွားသောအခါ အကိုက်ခံထားရသူလည်း ရူးတတ်သည်ဟု သက်သက်ကြားဖူးသည်။ ဘာသောက်ဆေးမှ မပေးလိုက်သော ဆရာဝန်ကြီးကလည်း ခွေးရူးကိုက်ခံရလျှင် သေတတ်သည်ဟု အားပေးစကားကို ကရုဏာအပြည့်နှင့်မြွက်ဟခဲ့ပြီးပြီ။

သက်သက်ခမျာမှာ မကွေးထောင်တွင်းရှိ လင်အတွက် မပူအား။ မျက်မှောက်တွင် အဖျားမကျဘဲ ညအခါတွင် သတိလစ်နေတတ်သော သားအတွက် ငယ်ထိပ်မြွေပေါက်ခံရသည့်ပမာ မွန်ထူးနေ၏။

အိမ်နီးပါးချင်းများထံမှ ကောင်းနိုးရာရာ အကြံပေးချက်ကို သက်သက်ရ၏။

ဘေးမဲ့ရွာအစွန်မှ အောက်ပိုင်း သေနေသော ဘကြီးရွှေလူသည် ခွေးရူးကိုက် ကုရာ၌ စွမ်းသည် ဆို၏။ ဘကြီးရွှေလူသည် ခွေးကိုက်ဒဏ် ထက် ဆီမန်းလိမ်း၍ ဂါထာစုတ်လျှင် ဒဏ်ရာမှ ခွေးမွေးများပင် ကျသည်ဆိုကြ၏။

သက်သက်သည် သက်ခိုင်ကို ဘကြီးရွှေလူထံခေါ်သွားရပြန်၏။




ဘကြီးရွှေလူ၏ အိမ်မှာ ကုပ်ကုပ်ကလေးဖြစ်၏ ဘကြီးရွှေလူမှာလည်း အောက်ပိုင်းသေကာ ပက်လက်နေရသူ လူမမာကြီးတစ်ဦး ဖြစ်၏။ အသက်ကား ၆၀ ကျော်ပြီ။ မှိုင်းချေးများ ပေနေ၍ ညိုမှောင်နေသော ပိတ်ခြင်ထောင် အတွင်း၌ ဘကြီးရွှေလူ အမြဲနေရသည်။

ဘကြီးရွှေလူ၏ သမီးအကြီးက သက်ခိုင်နှင့် သက်သက်ကို ခြင်ထောင်အနားသို့ ခေါ်သွားသည်။ ထိုသမီးအကြီးက ခြင်ထောင်ကို မတင်လိုက်သောအခါ ခေါင်း၌ ကျဲသော ဆံပင်ဖြူရှိ၍ မြင်ရသမျှ ကိုယ်အထက်ပိုင်းတွင် အသားအရေခြောက်ခန်းတွန့်ရွဲနေသော ဘကြီးရွှေလူ ၏ သဏ္ဍာန် ပေါ်လာသည်။

သူ့သမီးကြီးက အကျိုးအကြောင်း ပြောပြလေသောအခါ ဘကြီးရွှေလူသည် အိပ်ရာမှ ကုန်းထ၏။

ဘကြီးရွှေလူသည် အရိုးမျှသာ ကျန်သော သူ့လက်ပိန်ကြီးများနှင့် သက်ခိုင်၏ ဒဏ်ရာရသောလက်ကို ကိုင်ကြည့်ပြီး ခဏအကြာ၌ ဆို၏။

"ရူးစ ကိုက်တာပဲ သမီးရေ၊ အဝင်ကိုက်ပေါ့၊ အထွက်ကိုက် မဟုတ်ဘူး၊ လူကလေး ကံကောင်းတယ်၊ သမီးရေ. . နှမ်းဆီယူခဲ့ပါ"

သမီးကြီးက နှမ်းဆီကို လက်ဖက်ရည်ကြမ်း ပန်းကန်လုံးတစ်လုံး၌ ထည့်ယူလာ၏။

ဘကြီးရွှေလူသည် ဆီကို မန်းသည်။ ထိုနောက် ဆီမန်းကို ကြက်တောင်နှင့် ဆွတ်ကာ သက်ခိုင်၏ ဒဏ်ရာပေါ် လိမ်းပေးသည်။ လိမ်းပေးရင်းလည်း ဂါထာစုတ်၏။

အားလုံးပြီးသောအခါ ဘကြီးရွှေလူက မှာကြားသည်။

"လူကလေး. . . တချို့ဆရာများက ခွေးရူးကိုက်ခံရရင် ခွေးရူးမပြန်အောင် ဘုန်းကြီးပျံ . . . မယ်တော်ပျံ. . မသာအိမ် မသွားရဘူးလို့ ဆိုကြတယ်၊ မသာအိမ်က ထမင်းဟင်းလည်း မစားရဘူးလို့ ဆိုကြတယ်၊ ခွေးတောက်ရွက်လည်း မစားရဘူးလို့ ဆိုကြတယ်၊ သူတို့ ပြောတာလည်း မှန်တာပဲ လူကလေး၊ အဘိုးကတော့ အပြီးလုပ်ပေးလိုက်မယ်၊ လူကလေး အဘိုးကို ငွေတစ်ကျပ်ကန်တော့ပါ၊ လူကလေးလက်နဲ့ ကန်တော့"

သက်သက်က ဘော်လီအင်္ကျီအတွင်းမှ ငွေတစ်ကျပ် နှိုက်ပြီး သက်ခိုင်ကို ပေးသည်။ သက်ခိုင်က ထိုငွေတစ်ကျပ်ကို ဘကြီးရွှေလူ လက်တွင်းသို့ ထည့်ပေး၏။

"သာဓု သာဓု လူကလေး . . . ရော့ အဲဒီငွေတစ်ကျပ် ပြန်ယူသွား၊ ဈေးမှာ အုန်းသီးတစ်လုံးကို တစ်ကျပ်ပေးဝယ်၊ စနေနံဘုရားကြီးမှာ လူကလေးမွေးနံကကပ်၊ ပြီးတော့ လိုရာဆုယူ၊ လူကလေး ဘေးကင်းပြီး"

သက်သက်နှင့် သက်ခိုင်သည် ဘကြီးရွှေလူကို ကန်တော့ကာ ထလာခဲ့ကြသည်။ အိမ်ပေါက်ဝရောက်သောအခါ သက်သက် ငွေငါးကျပ်ထုတ်ပြီး ဘကြီးရွှေလူ၏ သမီးကြီးကို ပေးသည်။

ဘကြီးရွှေလူ၏ သမီးကြီးကခေါင်းခါသည်။

"မပေးပါနဲ့ သက်သက်၊ ကျွန်မယူခွင့်မရှိဘူး၊ အဖေက လည်း ငွေဘယ်တော့မှ မယူဘူး၊ အဲဒါသစ္စာပဲ၊ အဖေပြောသလိုလုပ်၊ ရှင့်သား သက်သာသွားစေရမယ်"

သက်သက်သည် တွေတွေလေးဖြစ်သွားရာမှ သိလိုသော မေးခွန်းကို မေးသည်။

"စောစောက ဘကြီးရွှေလူက အဝင်ကိုက်နဲ့ အထွက်ကိုက်လို့ပြောတယ်၊ အဲဒါဘာလဲ"

"ခွေးများဟာရူးပြီး ရွာဝင်ရင်း ကိုက်တတ်တယ်၊ အဲဒါကို အဝင်ကိုက်လို့ခေါ်တယ်၊ အဝင်မှာ လူရိုက်လို့ သေရင်သေ၊ မသေဘဲ ရွာက အပြီးအထွက်မှာ ကိုက်ရင် အထွက်ကိုက်လို့ခေါ်တယ်၊ အထွက်ကိုက်ကို ကုရခက်တယ်၊ အဲဒါပြောတာပါ"

ဘကြီးရွှေလူ၏ သမီးကြီးရှင်းပြချက်ကို နားထောင်ပြီးနောက် သက်သက်သည် အတန်စိတ်ချမ်းသာစွာဖြင့် သက်ခိုင်ကို လက်ဆွဲကာ ပြန်လာခဲ့သည်။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဘကြီးရွှေလူနှင့် တွေ့ခဲ့ရသည်မှာ ခိုတောင်ဆေးခန်းမှ ဆရာဝန်နှင့်တွေ့ခဲ့ရသည်ထက်တော့ သက်သက် ပိုမိုအားရှိမိသည်။ သက်သက်တို့ တန်းလျားဆီ ပြန်လာခဲ့စဉ်-

"ခွေးရူး ခွေးရူး" ဟုအော်သံများကိုကြားရ၏။ ရှေ့မှ ခွေးတစ်ကောင်သည် ပြေးလာနေ၏။ ထိုခွေးသည်နှုတ်မှ သွားရည်တမြမြ ကျနေသည်။ အမြီးကလည်း ကုပ်ထား၏။ မျက်လုံးကလည်းမြင်ပုံမရ။ ဟိုဝင် သည်တိုးနှင့် အရမ်းကာရောနိုင်နေသည်။

ခွေးတစ်သိုက်က ထိုခွေးဆီပြေးဝင်ကြသည်။ အနီးရောက်သောအခါ ခွေးတစ်သိုက်လုံးသည် ရှဲ့ခွာကြ၏။ ထိုခွေးကသာ ပြေးခြင်းကိုရပ်၍ မည်းမည်းမြင်ရာ လိုက်ကိုက်နေသည်။

လူများကမီလာပြီး ခွေးရူးကို ဝိုင်းရိုက်ကြသည်။ ခွေးရူးသည် အော်သံတစ်ချက်မပြု၊ မညည်း၊ မဟောင်၊ မအူ။ တုတ်များ၊ ခဲများဒဏ်ကို ဆိတ်ငြိမ်စွာ ခံယူပြီးအသက်ထွက်သွား၏။

လမ်းဘေး ချုံပုတ်တစ်ခု၌ ပုန်းကွယ်ရှောင်ရှားနေရာမှ သက်သက်နှင့် သက်ခိုင်သည် သေနေသောခွေးရူးကို ကြည့်ကြသည်။

သက်သက်ရော သက်ခိုင်ပါ မျက်လုံးပြူးသွားကြသည်။

ခွေးရူးကား သက်ခိုင်ကို ကိုက်ခဲ့သော ခွေးသားအုပ်မ ဖြစ်ကြောင်း သားအမိနှစ်ဦးလုံး ကောင်းကောင်းမှတ်မိကြသည်။

သက်သက်နှင့်သက်ခိုင်သည် မြင်းလှည်းတစ်စီးငှားကာ မြို့တွင်းထွက်ခဲ့ပြီး အုန်းသီးဝယ်၍ စနေနံဘုရားကြီးထံ ဆက်သွားလျက် ဘကြီးရွှေလူညွှန်ကြားသည့်အတိုင်း တစ်သဝေမတိမ်း လုပ်ကြ၏။

ထိုည၌ သက်ခိုင်သတိမလစ်တော့။ အဖျားလည်းကျသည်။ လက်ဒဏ်ရာမှ ရောင်ကိုင်းသမျှလည်း ယူ၍ပစ်သည့်ပမာ လျော့ကျ ပြိုဆင်းသည်။

သက်ခိုင်က မည်သို့မျှကောက်ချက်မချတတ်သော်လည်း သက်သက်ကမူ မေတ္တာရှင်လူသားတစ်ဦး၏ သစ္စာနှင့် အနန္တောအနန္တ မည်သော ဘုရားရှင်၏ ဂုဏ်တော်ကို ရည်စူး၍ ရှိခိုးဦးတင်လေသည်တည်း။

ဤသို့လျှင် သစ္စာအဟုန် ဂုဏ်တန်ခိုးတော်ကြောင့် သက်ခိုင် သက်သာရာရလာသောကြောင့် နှစ်ရက်အတွင်းတွင် အကြော်မကြော်နိုင်သည်ဖြစ်စေ. . . သက်သက်သည် မုန့်ဟင်းခါး ပြန်ရောင်းနိုင်ခဲ့သည်။

တစ်ပြည်လုံးနှင့် မကွေးဆီ၌ကား ရာဇဝင်တွင် စာတင်ရသည့် ဖြစ်ရပ်များပေါ်ပေါက်လာလေကုန်၏။

ရန်ကုန်မြို့ တို့ဗမာအစည်းအရုံးဌာနချုပ်မှ ရေနံမြေအလုပ်သမား သပိတ်တပ်ကြီးနှင့် လယ်သမားတပ်ကြီးကို ခေါင်းဆောင်မည့် အသေခံဗိုလ်များ စာရင်းပေးကြရန် ဆင့်ခေါ်သော ကြေညာချက် ထွက်လာသည်။ ထိုအခါ တို့ဗမာ အစည်းအရုံးကြီး၏ ခေါ်သံသည် နိုင်ငံ၏ခေါ်သံကိုပင် မည်လေသောကြောင့် ရဲရဲတောက် ထွက်ပေါ်လာကြသူ အာဇာနည်တို့ကား လိုသည်ထက်ပင် ပိုနေ၏။ တစ်ဗိုလ်ကျလျှင် နှစ်ဗိုလ်ပင် တက်နိုင်အံ့သည်။

နယ်ချဲ့သမားကလည်းအလျှော့မပေး။ သမိုင်းလမ်းကြောင်းမှ အရေးပါသော အဆုံးအဖြတ်ကို ပေးမည့် အချိုးအကွေ့တစ်ခုတွင် ဖြစ်လေသောကြောင့် ရုန်းကန်မှုအားက ကြီးလှသည်။

သူတည်းနိုင်သော်။ သူ ဆက်စံငြိမ့်မည်၊ ငါတည်းနိုင်သော်။ ငါဆက်ခံလိမ့်မည်၊ ခြိမ့်ခြိမ့်အုန်းသော ရုန်းကန်ပွဲပါပေတည်း။

ရေနံချောင်းမြို့သို့ ကျောင်းသာရေးရာအတွက် ရောက်ရှိနေရာမှ သပိတ်တပ်ကို ဦးဆောင်ရန် ထွက်ခွာသွားကြသော ကျောင်းသားခေါင်းဆောင် ဖြစ်ကြသည့်ဗဟိန်းနှင့် ဗဆွေတို့ကို ပုလိပ်များက မကွေးမြို့တွင် ဒီဇင်ဘာလ ၁၁ ရက်နေ့၌ ဖမ်းဆီးလိုက်ကြ၏။ တစ်နေ့တည်းမှာပင် ရန်ကုန်ဌာနချုပ် ရှေ့ပြေး အသေခံဗိုလ်များအဖြစ် မကွေးသို့ လွှတ်လိုက်သော သခင်စိုး၊ သခင်ဖေသန်းနှင့် သခင်ထိန်ဝင်းတို့လည်း အဖမ်းခံကြရပြန်သည်။

ဖမ်းသူတို့ကလည်း ဖမ်းကြကုန်၏။ ထောင်တွင်း ဝင်ရသူတို့ကလည်း ဝင်ကြရကုန်၏။ သို့ရာတွင် သပိတ်တပ်ကြီးကား မဖြိုု။ မဖြိုရုံမျှမက မြင်းတပ်၊ လှံစွပ်ကိုင်တပ်တို့ကို ခွင်းဖောက်ကာ သပိတ်တပ်ကြီးသည် မကွေးမှ အောင်မြင်စွာ ရှေ့သို့ချီတက်သွားနိုင်လေသည်တကား။

ရန္တပို၏ သည်မှာဘက်နောက်ပိုင်း၌ မြန်မာပြည်တွင် နယ်ချဲ့အင်္ဂလိပ်တို့၏ လက်နက်ကိုင်တပ်တို့ ရှေးဦးပထမ လက်မြှောက်အရှုံးပေးရသောပွဲတည်း။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**




## ကျုံပျော်မြို့နယ်တွင် စာသင်ကျောင်း ၄၀ ကျော် ရေကြီး၍ပိတ်ထားရ

**ကျုံပျော် ဩဂုတ် ၂၀**

ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒေသတွင်း မိုးရွာသွန်းမှုနည်းပါးသော်လည်း၊ အထက်မှ မြစ်ရေများတိုးဝင်လာမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရကာ စာသင်ကျောင်းများ နေ့စဉ်စိစစ်၍ ပိတ်ပေးခြင်းများ ဆောင်ရွက်နေရကြောင်း သိရသည်။

ထိုသို့ ကျောင်းပိတ်ခြင်းကို ဩဂုတ် ၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရပြီး၊ ကျောင်းအချို့တွင် ရေဝင်ရောက်မှုရှိခြင်း၊ ရေဝင်ရောက်မှု မရှိသော ကျောင်းအချို့တွင်လည်း ကျောင်းသားများ သွားလာရာတွင် အခက်အခဲရှိခြင်းနှင့် ဘေးအန္တရာယ် ရှိနိုင်ခြင်းတို့ကြောင့်၊ ဩဂုတ် ၁၇ ရက် အထိ စာသင်ကျောင်း ၄၈ ကျောင်း ပိတ်ပေးထားရကာ ရေကျသည့်အပေါ် မူတည်၍ ကျောင်းပြန်လည်ဖွင့်လှစ်ခြင်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

## ဈေးကွက်ခိုင်မာလာသည့် ငရုတ်သီးနှံများ ချောင်းဦးမြို့နယ်တွင် စတင်စိုက်ပျိုး

**ချောင်းဦး ဩဂုတ် ၂၀**

မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်း နိုင်ငံခြားနှင့် ဈေးကွက်ဝင် သခွားမွှေး၊ ဖရဲသီးများကို စိုက်ပျိုးလျက်ရှိရာ ပြီးခဲ့သည့်နှစ်တွင် ဈေးကွက်ပျက်ကာ အရှုံးပေါ်ခဲ့သဖြင့် တောင်သူအချို့မှာ ယခုနှစ်တွင် ဈေးကွက် ခိုင်မာသော ငရုတ်သီးနှံများကို စတင်ပြောင်းလဲ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ငရုတ်သီးနှံသည် ထွက်ရှိမှုသေချာခြင်း၊ အစိမ်းသီး ရောင်းချနိုင်ခြင်း၊ အစိမ်းဈေးမကောင်းလျှင် ငရုတ်သီးအခြောက်ဈေးကွက်သို့ စောင့်နိုင်သည့် ဈေးကွက်ခိုင်မာခြင်း၊ နိုင်ငံခြားဈေးကွက်အထိ မျှော်မှန်းနိုင်ခြင်းတို့ကြောင့် တောင်သူများပိုမိုစိတ်ဝင်စားလာခြင်းဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာပြီးခဲ့တဲ့နှစ်က ငရုတ်သီးစိုက်ပျိုးရေးကို ဧက ၂၅၀ လောက်ပဲစိုက်တယ်။ သခွားမွှေးအစိုက်များတယ်။ သခွားမွှေးက တရုတ်ဈေးကွက်ပျက်ပြီး အရှုံးပေါ်ခဲ့တဲ့အတွက် အခုနှစ်မှာ တချို့ တောင်သူတွေက သီးနှံပြောင်းစိုက်လာတဲ့အတွက် ငရုတသီးနှံကို ပိုပြီး စိုက်လာတာပါ။ ငရုတ်မျိုးတွေထဲမှာ သာမို (၁၁)မိုးထောင်မျိုးက ဈေးကြီးတယ်။

"အစေ့ ၁၀၀၀ ခန့်ပါတဲ့ အထုပ်တစ်ထုပ်ကို ငွေကျပ် ၆၅၀၀ ကနေ ကျပ် ၇၀၀၀ အထိ ဈေးပေါက်တယ်။ အသီးထွက်ရှိမှုကလည်း ကောင်းတယ်။ မနှစ်ကတစ်ဧကကို ပျမ်းမျှ ပိဿာချိန် ၃၀၀၀ ကျော်ထွက်တယ်။ ငရုတ်အစိမ်းသီးဈေးက အနည်းဆုံး တစ်ပိဿာကို ကျပ် ၇၀၀ကနေ ဈေးအမြင့်ဆုံး ကျပ် ၁၂၀၀ အထိ၊ ငရုတ်သီးအခြောက်ဈေးက ကျပ် ၂၅၀၀ ကနေ ကျပ် ၃၀၀၀ အထိ ဈေးပေါက်ခဲ့တယ်။

"မနှစ်က ပြည်တွင်းဈေးကွက်ဖြစ်တဲ့ ရန်ကုန်နဲ့ မန္တလေးသာမက မူဆယ်မှတစ်ဆင့် တရုတ်ဈေးကွက်ပါ ပေါက်တဲ့အတွက် တောင်သူတွေ စိတ်ဝင်စားတာပါ။ အလုပ်သမားဈေးအနေနဲ့က အသီးအထွက်ကောင်းပြီး ဈေးကောင်းတဲ့အချိန်ဆို တစ်ပိဿာကို အသီးဆွတ်ခ ပိုပေးရတယ်။ ပုံမှန်အချိန်ဆိုရင်တော့ တစ်ရက်ကို အမျိုးသားတစ်ဦး ကျပ် ၃၀၀၀၊ အမျိုးသမီးတစ်ဦးကို ကျပ် ၂၅၀၀ ပေးရတယ်။

တစ်ဧကေ ကုန်ကျစရိတ်စုစုပေါင်း ကျပ် ၁၅ သိန်းလောက် ကုန်ကျပြီး ထွက်ရှိတဲ့အခြေအနေရ ထက်ဝက်လောက် အမြတ်ရရှိတယ်။ နောက်တစ်ခုက ဈေးကွက်နှစ်ခုရဲ့အခြေအနေကိုကြည့်ပြီး ရောင်းချနိုင်တဲ့ သီးနှံဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ စိုက်ပျိုးသင့်တဲ့သီးနှံပါ"ဟု ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာမှ ငရုတ်စိုက်သူ ဦးစိုးလွင်က ပြောသည်။

ယခုနှစ်တွင် ချောင်းဦးမြို့နယ်အတွင်းရှိ မင်းခေါင်၊ မင်းတည်၊ မကျည်းခွဲ၊ ငလုံးတင်၊ မထိသာ၊ ဆင်မြေမှန်ချိုရွာတော်လေး၊ ရွှေလှေ၊ ရွှေကျင်ကျေးရွာများတွင် ဧက ၁၀၀၀ ကျော်၊ မြောင်မြို့နယ်အတွင်းရှိ မကျည်းဘုတ်ကျေးရွာတို့တွင် သာမို(၁၁) မိုးထောင်၊ မောင်တိန်း၊ ချံပီယံ၊ မျှားနီမိုးထောင်မျိုးများကို ဩဂုတ်လ ဒုတိယပတ်မှ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း (မုံရွာ)**



## ညောင်ဦးမြို့နယ်တွင် ကျောင်းကျန်းမာရေးအဖြစ် တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေး



**ညောင်ဦး ဩဂုတ် ၂၀**

ညောင်ဦးမြို့ အမှတ်(၁)နယ်မြေ ရွှေကုန်းရပ်ကွက် အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများသည် အဆိုပါကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူ ၃၄၀ အား ကျောင်းကျန်းမာရေးလုပ်ငန်းတစ်ရပ်အနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်းနှင့် လိုအပ်ပါက တိုင်းရင်းဆေးဝါးများဖြင့်ကုသခြင်း၊ ဆေးပေးခြင်း စသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

## တောင်သူလက်တွေ့အသုံးချနိုင်မည့် စိုက်ပျိုးရေးသင်တန်းဖွင့်

**ဘုတလင် ဩဂုတ် ၂၀**

တောင်သူများ လက်တွေ့အသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းဖြင့် စိုက်ပျိုးရေးနှင့် သဘာဝခေတ်မြေဩဇာထုတ်လုပ်နည်းသင်တန်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ဘုတလင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းဝေးခန်းမတွင် ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က အမှာစကားပြောကြားပြီး မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ရည်အောင်နှင့် မြို့နယ်ဦးစီးမှူးတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြကြသည်။

အဆိုပါသင်တန်းသည် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှုဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အိမ်တွင်းမှုဦးစီးဌာနနှင့် ပြင်ပအတတ်ပညာရှင်များ ပူးပေါင်းကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရှိလာပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်ကြောင်း သိရသည်။

မုံရွာခရိုင်အတွင်းရှိ ကျေးရွာ ၁၂၄ ရွာတွင် ဒေသအလိုက် အသုံးချနိုင်မည့် လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း သင်တန်း၊ ရက်ကန်းသင်တန်း၊ ဝါးဖြင့်ပြုလုပ်သော လက်မှုထည်ပစ္စည်းသင်တန်း၊ သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်သည်။

ထို့အပြင် အခြေခံလက်သမားသင်တန်း၊ စိုက်ပျိုးရေးသင်တန်း၊ ထန်းကောက်တောင်းရက်လုပ်ခြင်းသင်တန်း၊ မွေးမြူရေးသင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ သင်ဖြူးဖျာရက်လုပ်နည်းသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ ကြိမ်ထိုးနည်းသင်တန်း စသည့်သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်သည်။ **ဇော်ဖြိုး(ဘုတလင်)**

## ကျိုက်ထိုမြို့နယ်တွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

**ကျိုက်ထို ဩဂုတ် ၂၀**

သထုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် အိုင်အိုအမ် (IOM) အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာသင်တန်း (မြို့နယ်အဆင့် ) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၈နာရီခွဲတွင် ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ သင်တန်းတွင် သဘာဝဘေးများဖြစ်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မုန်တိုင်းဘေးအမျိုးမျိုးတို့အား ကြိုတင်ကာကွယ်ရေးနည်းလမ်းများအား တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်လှကေသီမာနှင့် IOMစီမံကိန်း ညှိနှိုင်းရေးမှူး ဦးတေဇာလင်းတို့က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်နှင့် သင်တန်းတွင် ဆွေးနွေးကြမည့်လုပ်ငန်းအစီအမံများကို ပြောကြားခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် NGO အဖွဲ့အစည်းများ အင်အား ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျုံပျော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မြို့နယ်တွင်း ရွေးကောက်ပွဲလုပ်ငန်းများအောင်မြင်ရေးညှိနှိုင်း

**ကျုံပျော် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဩဂုတ် ၁၇ ရက် နံနက်၉ နာရီက မြို့နယ်တွင်း ရွေးကောက်ပွဲလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေးပွဲကို ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ရှိန်နှင့် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်တို့က အခြေခံမဲဆန္ဒရှင်စာရင်း အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့အပြင် မြို့နယ်နှင့်ရပ်ကျေး အဆင့်များ အလိုက်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ထဲထဲဝင်ဝင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးတို့ကို တက်ရောက်လာသည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**



## ဦးပိန်တံတားအား ရှေးမူမပျက်ပြန်လည်ပြုပြင်ထိန်းသိမ်းမည်

**မန္တလေး ဩဂုတ် ၂၀**

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ သက်တမ်း ၁၆၄ နှစ်ရှိ ဦးပိန်တံတားအား ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၂၂၇၀ ဖြင့် ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်သည်။

အမရပူရမြို့နယ်ရှိ ဦးပိန်တံတားသည် နှစ်ပေါင်း ၁၆၄ နှစ်ရှိပြီဖြစ်ပြီး ပျက်ဆီးလျက်ရှိရာ ဆွေးမြည့်တိုင် ၁၀၀ ခန့် အစား ထိုးလဲလှယ်ခြင်း၊ အောက်ခြေဆွေးတိုင် ၁၇ တိုင်အားဖြတ်၍ ဆက်ခြင်း၊ ဆွေးမြည့်ရက်မ ၃၅ ချောင်း အစားထိုးလဲလှယ်ပြုပြင်ခြင်း၊ မူလပုံစံအတိုင်း သစ်သားလက်ရန်းများ ထည့်သွင်းပြုလုပ်ခြင်း၊ သစ်သားခါးပန်းများမူလပုံစံအတိုင်း ထည့်သွင်းပြုလုပ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ကွန်ကရစ်လက်ရန်းများ အချောကိုင်ပြုပြင်ခြင်း၊ တောင့်တင်းခိုင်မာမှုရှိစေရန် ချုပ်တန်းနှင့် ထောက်တန်းများ ထည့်သွင်းချုပ်နှောင်ခြင်း၊ တံတားတောင်ဘက်ခြမ်းမှ ၁၅ ပေအကွာ လုံခြုံရေးအတွက် လျှပ်စစ်မီးသွယ်တန်းတပ်ဆင်ခြင်းများ၊ ရေကျချိန် စက်တင်ဘာလဆန်းပိုင်းမှ စတင်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို (မန္တလေး)**

## မြစိမ်းရောင်ကျေးရွာ စိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေး



**ရှားတော သြဂုတ် ၂၀**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရှားတောမြို့နယ် ဒေါတနော-ဒေါနော်ကလု-ဒေါမူလဲ၊ ဒေါလဲဒူ-စူးလဲ-ကလာလဲ၊ တောင်ပိုင်းစုစည်း၊ မြောက်ရွာ-တင်လွယ်-ပန်လို-အလယ်ပိုင်းစုစည်း၊ ဈေးပိုင်းရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်နှင့် အလယ်ပိုင်းရပ်ကွက်များအား နိုင်ငံတော်ရန်ပုံငွေမှ ကျပ်သိန်း ၁၈၀၀ မတည်ပေးပြီး မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါချေးငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြပြီး အတိုးနှုန်းအနည်းဆုံး ပြား ၅၀ မှ အများဆုံး ၁ ကျပ်ပြား ၅၀ ထိသာ သတ်မှတ်ပေးထားသည့်အတွက် ပြည်သူများလိုအပ်သော အရင်းအနှီးများကို အတိုးနှုန်းသက်သာစွာဖြင့် ရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ လွိုင်ကော်ခရိုင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ရှားတောမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့က သြဂုတ် ၁၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ပြီး ပြောင်းခင်း၊ စပါးခင်း၊ မြေပဲခင်းများတွင် ကြွက်များ အနည်းငယ်ဖျက်ဆီးကြောင်း တွေ့ရှိရသည်။

အဆိုပါကြွက်များနှိမ်နင်းရန်အတွက် မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနနှင့် NGO အဖွဲ့များပူးပေါင်း၍ ကြွက်ကြိုတင်ကာကွယ်နှိမ်နင်းရေး ဟောပြောပွဲများဆွေးနွေးခြင်း၊ ကြွက်သတ်ဆေးများဖြန့်ဖြူးပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပြီး ရှားတောမြို့နယ် မြစိမ်းရောင်ကော်မတီမှလည်း ကွင်းဆင်းရေးအဖွဲ့များ ဖွဲ့စည်း၍ အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မိသားစုဝင်ငွေတိုးပွားစေရေး၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက တုံ့ပြန်မှုအားကောင်းသော လူ့အဖွဲ့အစည်းများ ပေါ်ပေါက်စေရေး စသည့်ရည်ရွယ်ချက်များ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် ကော်မတီအဆင့်ဆင့်နှင့် ကျေးရွာသူ၊ ကျေးရွာသားများက စည်းစည်းလုံးလုံးဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပါက နိုင်ငံတော်၏ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော ဆင်းရဲမှုရာခိုင်နှုန်း ၃၂ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးအတွက် များစွာအထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဝန်ဆောင်မှုကောင်းစွာဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ဝမ်းတွင်း သြဂုတ် ၂၀**

လက်ရက်ကန်းလုပ်ငန်းထွန်းကားသည့်မြို့နယ်အဖြစ်မှ စက်ရက်ကန်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဝန်ဆောင်မှုကောင်းစွာဆောင်ရွက်ပေးနိုင်ရေးရည်ရွယ်ချက်ဖြင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို သြဂုတ် ၁၈ ရက် နံနက် ၁၁ နာရီက မြို့နယ်လျှပ်စစ်မန်နေဂျာရုံးခန်းမတွင် ကျင်းပကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားများ ပြတ်တောက်မှုနှင့် လျော့နည်းပျောက်ဆုံးမှုမရှိစေရေး၊ တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေး၊ ဗို့အားပြည့်ပြည့်ဝဝဖြင့် ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေးတို့ကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကြီးကြပ်မှုကော်မတီဝင် အင်ဂျင်နီယာချုပ် ဦးကျော်ငြိမ်းက ဆွေးနွေးခဲ့သည်။

ဝမ်းတွင်းမြို့နယ် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလှမျိုးက လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ကောင်းမွန်စွာသုံးစွဲနိုင်ရေးကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမွန်းအောင်ဇေ၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသန်းလှိုင်၊ Dragon Emperor Service ကုမ္ပဏီတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် မြို့မိမြို့ဖများက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဝန်ဆောင်မှုကောင်းစွာ ဆောင်ရွက်ပေးနိုင်ရေးတို့ကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ကန့်ဘလူမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ် မြစိမ်းရောင်စီမံကိန်းအကြောင်း ပြည်သူများထံ ချပြရှင်းလင်း

**ကန့်ဘလူ သြဂုတ် ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန် မိသားစုဝင်ငွေတိုးရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေးနှင့် ဆင်းရဲမှုလျှော့ချစေရန်ရည်ရွယ်၍ မြစိမ်းရောင်စီမံကိန်းကို တစ်နိုင်ငံလုံးနေရာဒေသအနှံ့အပြား၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ် မြစိမ်းရောင်စီမံကိန်း ကျေးရွာအကောင်အထည်ဖော်ရန် စီမံကိန်းဝင်ကျေးရွာ ဟင်သော်နှင့် ယောကုန်းကျေးရွာတို့တွင် သြဂုတ် ၁၈ ရက်က မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်(လ/ထ ညွှန်ကြားရေးမှူး)နှင့် ဝန်ထမ်းများသည် မြို့နယ်မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ ယင်းကျေးရွာများရှိ ရွာဦးဘုန်းတော်ကြီးကျောင်းများ၌ ဒေသခံကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မြစိမ်းရောင်ကျေးရွာရန်ပုံငွေဆိုတာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြစ်ပါတယ်။ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းဝင်ငွေတိုးတက်၍ တစ်ရွာလုံးဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ပြီး ဆင်းရဲမှုရာခိုင်နှုန်းကို လျှော့ချနိုင်စေရန် ရည်ရွယ်တာဖြစ်ပါတယ်"ဟု အဆိုပါလူထုတွေ့ဆုံပွဲတွင် မြို့နယ် ကျေး/လက် ဦးစီးမှူးက ရှင်းပြသည်။

အလားတူ ကင်းကျေးရွာ၊ စိန်နားကျေးရွာတို့တွင်လည်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အတည်ပြုမဲဆန္ဒရှင်စာရင်း ကြေညာနိုင်ရေး ဆောင်ရွက်

**ကန့်ဘလူ သြဂုတ် ၂၀**

ကန့်ဘလူမြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းအား ၂၀၁၅ ဇွန် ၈ ရက် မှ ၂၁ ရက်အထိ ၁၄ ရက်ကြာ ကြေညာကပ်ထားစဉ်ကာလအတွင်းနှင့် ကြားကာလအတွင်း လာရောက်ကြည့်ရှုသူပြည်သူများမှ တင်သွင်းလာသော ပုံစံ(၃)၊ (၄)၊ (၄-က) များနှင့် စာလုံးပေါင်းသတ်ပုံမှားယွင်းခြင်း၊ မွေးသက္ကရာဇ်မှားယွင်းခြင်း အစရှိသည်တို့ကို သြဂုတ် ၉ ရက်မှစတင်၍ ကွန်ပျူတာစာရင်းထည့်သွင်းခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ရပ်ကွက် (၅) ရပ်ကွက်နှင့် ကျေးရွာခွဲ ၂၇၅ ရွာမှ အခြေခံမဲဆန္ဒရှင်စာရင်း ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းများအား သြဂုတ် ၈ ရက်တွင် ပြီးစီးမည်ဖြစ်ပြီး အတည်ပြုမဲဆန္ဒရှင်စာရင်းအား သြဂုတ်လကုန်အတွင်း ကပ်ထားကြေညာရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးထံမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်ဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေး

**ကျိုက်ထို သြဂုတ် ၂၀**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ စာဖတ်သည့်အလေ့အကျင့်ရှိစေရန်နှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာစေရန် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျိုက်ထိုမြို့နယ် အင်ဘိုကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ နယ်လှည့်စာကြည့်တိုက်ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ကွင်းဆင်းဆောင်ရွက်ရာတွင် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ညွန့်နှင့် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက် ဆက်လက်ရှင်သန်ခိုင်မာရန် လုပ်ဆောင်ရမည့်နည်းလမ်းများကို မှာကြားပြီး ကျေးလက်နေပြည်သူများအား စာပေမှပေးသောအသိ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ဆက်လက်၍ မြို့နယ်ရုံးမှယူဆောင်လာသည့် စာအုပ်များကို ဖတ်ရှုလေ့လာစေပြီး ပြသထားသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

## ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ လုပ်ငန်းဆောင်ရွက်ထားမှု စစ်ဆေး

**မြို့သစ် သြဂုတ် ၂၀**

မကွေးခရိုင် မြို့သစ်မြို့နယ်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့သော အဆောက်အအုံများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များက သြဂုတ် ၁၈ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းတွင် ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံများကို လိုက်လံစစ်ဆေး ကြည့်ရှုခဲ့သည်။



ဆက်လက်၍ ဂလက်စီကုမ္ပဏီကဆောက်လုပ်ခဲ့သော နှစ်ခန်းတွဲ ဆရာဝန်ခန်းတစ်လုံး၊ သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံး၊ လေးခန်းတွဲ သူနာပြုအိမ်ရာနှင့် ထပ်တိုး ၈ ခုတင်ဆံ့တစ်ခန်းတို့၏ အရည်အသွေးပြည့်မီမှု ရှိ-မရှိကို မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့များက လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

## မွန်ပြည်နယ် ရေးမြို့ဟောင်း သုတေသနစာတမ်းဖတ်ပွဲကျင်းပရေးအတွက် ဆွေးနွေး

**ရေး သြဂုတ် ၂၀**

မွန်ပြည်နယ် ရေးမြို့ဟောင်း သုတေသနစာတမ်းဖတ်ပွဲကျင်းပရေးကော်မတီနှင့် မီဒီယာတွေ့ဆုံပွဲအခမ်းအနားကို သြဂုတ် ၁၉ ရက် နံနက် ၉ နာရီက ရေးမြို့ မွန်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ရေးမြို့ဟောင်းသမိုင်းကို စနစ်တကျဖော်ထုတ်မှတ်တမ်းပြုစုနိုင်ရန် သဘာဝပတ်ဝန်းကျင် သယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် အကျိုးရှိစွာအသုံးချနိုင်ရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အမျိုး ဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုးလိုစိတ်များ ဖြစ်ပေါ်ပွားများလာစေရန်၊ ရှေးဟောင်းပစ္စည်းများကို ပြန်လည်ဖော်ထုတ်ပြီး တစ်နေရာတည်းတွင် စုစည်းထားရှိကာပြတိုက်တစ်ခုပေါ်ပေါက်လာရန်တို့ကို ဆွေးနွေးခဲ့သည်။

ယင်းအပြင် ပညာရှင်ပေါင်းစုံတို့က အသိအမှတ်ပြုသော ရေးသမိုင်းမှတ်တမ်းမော်ကွန်းတစ်ခု ပေါ်ထွက်လာရန်ဖြစ်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားရေးဘဝ မြင့်မားလာစေရန်အတွက် အထောက်အကူပြုနိုင်စေရန် စာတမ်း ၁၀ စောင်ကို ဘာသာရပ်များအလိုက် မော်လမြိုင်တက္ကသိုလ်မှ ဆရာ၊ ဆရာမများက ဖတ်ကြားပေးမည့် ကြိုတင်ပြင်ဆင်ထားသော လုပ်ငန်းအစီအစဉ်များကို ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။ **ထွဋ်ထွဋ်(ရေး)**

# လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း သင်တန်းဖွင့်



**မုံရွာ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက မုံရွာမြို့နယ် မင်းရွာကျေးရွာအုပ်စု မင်းရွာကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်းသိရသည်။

လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းအခြေခံသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ပြီး သင်တန်းဆရာမနှစ်ဦးဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ သင်တန်းကာလမှာ ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ကြောင်းသိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပစ္စည်းများနှင့် ငွေများထောက်ပံ့

**စစ်ကိုင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပစ္စည်းများနှင့် လှူဒါန်းငွေများထောက်ပံ့ပေးအပ်နိုင်ရေး ဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မတည်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းမြို့ လေးကျွန်းမြေ အုဌ်ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ပြည်သူများအား ပြည်တွင်းပြည်ပမှ ထောက်ပံ့ပေးလျက်ရှိရာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် လိုအပ်သည့်ထောက်ပံ့ပစ္စည်းများနှင့် လှူဒါန်းငွေများလှူဒါန်းပေးအပ်နိုင်ရေးအတွက် ကလေးခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပစ္စည်းများနှင့် လှူဒါန်းငွေများ ထောက်ပံ့ပေးအပ်နိုင်ရေးကို ဆွေးနွေးခဲ့ကြသည်၊

ယင်းနောက် ဦးဆောင်နာယကဆရာတော်နှင့် သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းအဖွဲ့သားများက ထောက်ပံ့မတည်အလှူငွေ ကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဆွမ်းဦးပုညရှင်ဂေါပကအဖွဲ့များက ထောက်ပံ့လှူဒါန်းငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဦးညွန့်ဝင်း ကျော်သူရေခဲမုန့်က ထောက်ပံ့လှူဒါန်းငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ဦးဇော်ဝင်းအောင် ရွှေပြည့်စုံဟိုတယ်က ထောက်ပံ့လှူဒါန်းငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ဦးမြင့်ကျော်အောင်မေတ္တာစက်သုံးဆီရောင်းဝယ်ရေးက ထောက်ပံ့လှူဒါန်းငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ဦးထွန်းဦး ဒေါ်လာစက်သုံးဆီရောင်းဝယ်ရေးက ထောက်ပံ့လှူဒါန်းငွေကျပ် သုံးသိန်းကိုလည်းကောင်း ပေးအပ်ခဲ့သည်။

သို့ဖြစ်ပါ၍ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုနှင့် စစ်ကိုင်း၊ မြင်းမူ၊ မြောင်စီမံခန့်ခွဲမှုကော်မတီများနှင့် စစ်ကိုင်းမြို့ သုခကာရီ ကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းတို့၏ ပူးပေါင်းမှုများဖြင့် ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများလှူဒါန်းမည်ဖြစ်၍ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စစ်ကိုင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများက ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆေး၊ ဆား စသည့်စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ငွေကြေးနှင့် အခြားလူသုံးကုန်ပစ္စည်းများကို လှူဒါန်းလိုပါက စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး ၀၇၂-၂၁၁၂၅၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး ၀၇၂-၂၁၁၁၁၊ မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီရုံး ၀၇၁-၃၀၄၉၀၊ မြောင်မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး ၀၇၁-၄၃၁၈၂၊ သုခကာရီကျန်းမာရေးနှင့်လူမှုကူညီရေးအသင်း ၀၇၂-၂၂၈၀၈၊ ဦးဇော်ဝင်းအောင် ၀၉-၉၇၅၇၁၄၃၇၇၊ ဦးစိုးဝင်း ၀၉-၇၉၄၇၄၇၉၃၇၊ ဦးခင်မောင်ညို ၀၉-၉၇၇၅၆၅၄၅၅၊ ဦးဝင်းနိုင် ၀၉-၂၀၀၇၆၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# သမိုင်းဝင်မြကန်သာကျုံတော်ကြီးသဘာဝရေပြင်အတွင်းငါးမျိုးများစိုက်ထည့်

**ရေး ဩဂုတ် ၂၀**

မွန်ပြည်နယ် ရေးမြို့ ရှေးဟောင်းသမိုင်းဝင်မြကန်သာကျုံတော်ကြီး၌ ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ငါးလုပ်ငန်း ဒုဦးစီးမှူး ဦးစိုးညွန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများက ငါးခုံးမကြီးသုံးသောင်း၊ ငါးမြစ်ချင်းနှစ်သောင်းအား တပျော်တပါး စုပေါင်းငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး အဘော်ကျေးရွာရှိ စပါးစိုက်ခင်းအတွင်းသို့လည်း ရွှေဝါငါးကြင်းတစ်သောင်း၊ တီလားဗီးယားတစ်သောင်းကို ဒေသခံတောင်သူလယ်သမားများနှင့်လည်း ငါးမျိုးများကိုစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ရေကြီးနစ်မြုပ်ခဲ့သောမြန်အောင်ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်

**မြန်အောင် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သောနေရာများရှိ ဒေသခံပြည်သူများအား မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ချစ်ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်း၍ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁၇ ရက်က ဇလုပ်ကြီးကျေးရွာအုပ်စုနှင့် သပြေကုန်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများကို ဆေးကုသခြင်း ဆောင်ရွက်ပေးခဲ့သည်။

မြန်အောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်း ရေကြီးနစ်မြုပ်စဉ်ကာလနှင့် ရေကျချိန်တွင် မြို့ပေါ်နှင့် ကနောင်၊ ပုဇွန်ချောင်း၊ ရွှေကျင်၊ သပြေကုန်း၊ အင်ပင်၊ တဲကြီးကုန်း ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများက ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များဖွဲ့၍ ကျေးရွာများနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ရေကြီးနစ်မြုပ်စဉ်ကာလနှင့် ရေကျချိန်အထိ လက်ရှိကာလတွင် လူနာ ၄၆၇၉ ဦး ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခဲ့ပြီး ရေကျချိန်တွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ရောဂါဖြစ်ပွားမှုမရှိစေရန် ဆောင်ရန်/ရှောင်ရန် ကျန်းမာရေးအသိပညာဗဟုသုတများကို ကျေးရွာများတွင် ဟောပြောခဲ့သည်။

မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာများတွင် ပျက်စီးသွားသောယင်လုံအိမ်သာများ စာရင်းကောက်ယူခြင်း၊ ရေတွင်းရေကန်များကို ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ချစ်က ပြောသည်။ **ဝင်းဗိုလ်(မြို့နယ်ပြန်/ဆက်)**

# မုံရွာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်

**မုံရွာ ဩဂုတ် ၂၀**

မုံရွာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးသောင်းညွန့်နှင့် ဝန်ထမ်းများသည် မိုးပွင့်(အထူး)စီမံချက်ဖြင့် မုံရွာမြို့နယ် မုံရွေးကျေးရွာရှိ မီးသတ်တပ်ဖွဲ့ရုံးတွင် ပြည်သူများအား ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၆၆ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၆၁ ခုအား ဩဂုတ် ၁၇ ရက်က ပေးအပ်ပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်မှ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား လက်ဝယ်အရောက်ပေးအပ်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားအကြောင်း သိကောင်းစရာများ၊ နိုင်ငံသား တစ်ဦး၏ အခွင့်အရေးများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

**(ဖိုးချမ်း–မုံရွာ)**

# ကျောက်ချောလမ်းဖောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရှားတော ဩဂုတ် ၂၀**

၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၂၉ ဖြင့် ရှားတောမြို့နယ်၊ ရှားတော-တင်လွယ်-နားအွမ် ကျောက်ချောလမ်း (၇/၀) မိုင်အား Myanmar Land ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်တွင် လွိုင်ကော်ခရိုင် ကျေးလက်ဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ၊ မြို့နယ်ကျေးလက်တို့မှ လမ်းဖောက်လုပ်နေမှုအား ကြည့်ရှုခဲ့သည်။

ယင်းနောက် ခရိုင်တာဝန်ခံအင်ဂျင်နီယာက ကျောက်ချောလမ်းခင်းရာတွင် အလယ်ဗဟိုမျဉ်းဆွဲ၍ခင်းရန်၊ လမ်းပခုံးနှင့် ရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်ရန်နှင့် သတ်မှတ်ချိန်တွင်း လုပ်ငန်းပြီးမြောက်စေရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးပါက ရှားတောမြို့သူ၊ မြို့သားများနှင့် တင်လွယ်ကျေးရွာရှိ ပြည်သူ ၄၀၀၀ ကျော်တို့ ရာသီမရွေး သွားလာနိုင်တော့မည့်အပြင် လူမှုစီးပွားဘဝမြင့်တက်နိုင်မည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

# စိမ်းလန်းစိုပြည်ကာ ဒေသဖွံ့ဖြိုးတိုးတက်လာမည့် မြစ်သာရေလှောင်တမံ

**စေတုတ္တရာ ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းမြင့်မောင်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဂန့်ဂေါခရိုင် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး တမံတည်ဆောက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြစ်သာရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်က စီမံကိန်းအတွင်း ဆောင်ရွက်နေမှုများ ပြီးစီးမှုအခြေအနေ၊ ယခုနှစ်မိုးရာသီတွင် တမံသို့ ရေဝင်ရောက်မှု ရေလွှဲမြောင်းမှတစ်ဆင့် ရေထုတ်ယူနေမှု မိုးရာသီအတွင်း ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအခြေအနေကို တင်ပြခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တမံစီမံကိန်းအတွင်း ရာသီဥတုဒဏ်ကြောင့် ပြိုကျပျက်စီးမှုများအား အမြန်ဆုံးပြီးစီးရေး၊ စီမံကိန်းဧရိယာအတွင်း ထူးခြားဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီပြီးစီးရေး၊ ယခုနှစ်မိုးရာသီတွင် ရေဝင်ရောက်မှုများအား စနစ်တကျထိန်းသိမ်းရေး၊ တည်ဆောက်ရေးနှင့်ပတ်သက်၍ ဆက်စပ်လျက်ရှိသော ကျေးရွာများ၏ လိုအပ်ချက်များအား အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရေးတို့ကို မှာကြားပြီး မြစ်သာတမံစီမံကိန်းနယ်မြေသို့သွားရောက်၍လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိသူများမှ အဆင့်ဆင့်ကြပ်မတ်ရန် မှာကြားခဲ့သည်။

ဎင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဂန့်ဂေါ-ထီးလင်း-ဆော-ဆိပ်ဖြူလမ်းတစ်လျှောက် ယခုနှစ်မိုးရာသီတွင် ပျက်စီးသွားသောလမ်းပိုင်းများနှင့် တံတားများအား ကုမ္ပဏီများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြင်ဆင်မှုများကိုကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် အမြန်ဆုံးပြီးစီးရေး၊ ဘဏ္ဍာငွေများအား လေလွင့်ဆုံးရှုံးမှုမရှိစေရေးတို့ကို တာဝန်ရှိသူများမှ ကြပ်မတ်ရေး မှာကြားခဲ့သည်။



မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် မြစ်သာတမံတည်ဆောက်ရေးလုပ်ငန်းများမှာ မြစ်သာမြစ်ပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး ၃၇၇၆၀၀ ဧကပေ ရေသိုလှောင်၍ ဂန့်ဂေါမြို့နယ်အတွင်းရှိ မြေဧရိယာ ၁၂၀၀၀ ဧကခန့်ကို ဆည်ရေပေးသွင်းရန်နှင့် လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ကာ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ၁၇၀ ကီလိုဝပ် နာရီသန်းပေါင်းကို ထုတ်လုပ်ပေးသွားရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ သီးထပ်သီးညှပ်စိုက်ပျိုးလျက် စိမ်းလန်းစိုပြည်ကာ ယောဒေသကြီးတစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**သန်းနိုင်ဦး(ဇဖဲ)**

ကြော်ငြာ


**GOLDEN STAR** Travels & Tours

☆ တောင်ပြိုး-မန္တလေး-ပြင်ဦးလွင် Aug-24

☆ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်

တာဝန်ခံ စီစဉ်ပေးသည်။

Ph :544383, 209200, 430480, 703448, 705968



ချမ်းမိုင်းသစ္စာ 562829,09-73198239, 569782,09-450006779

• ရွှေတောင်ပြိုးပွဲတော်( သီးသန့်) (၂/၃) ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။

• ရွှေတောင်ပြိုးပွဲတော်၊ မန္တလေး၊ ပြင်ဦးလွင် (၃/၄)

• ရွှေတောင်ပြိုး မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄/၅)

• ရွှေတောင်ပြိုး မန္တလေး၊ စစ်ကိုင်း၊ ပုဂံ၊ ပုပ္ပါး (၄/၅)

ချောင်းသာ (အငှါး သောကြာ)



## ရွှေတောင်ပြိုးပွဲ သို့ ရွှေကြေးစည်

▲ ချိုးရေသုံးပွဲ၊ ညအိပ်ပွဲ၌ တောင်ပြိုးပွဲ နှင့် မန္တလေး ကျောက်စိမ်းဘုရား

▲ ရွှေတောင်ပြိုးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်အန်း၊ စစ်ကိုင်း

▲ ရွှေတောင်ပြိုးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို

▲ ရွှေတောင်ပြိုးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်အန်း၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ

▲ ရွှေတောင်ပြိုးပွဲ၊ မန္တလေး၊ ပြင်ဦးလွင်အန်း၊ တောင်ကြီး၊ အင်းလေး၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ

▲ ရွှေတောင်ပြိုးပွဲနှင့် မန္တလေး၊ ပြင်ဦးလွင်အန်း၊ လားရှိုး၊ မူဆယ်၊ ရွှေလီ။ (အဘွတ်ပွဲစုံဝင်းပါ)

သြဂုတ်လ ၂၁/ ၂၄ ထွက်မည်

ဖုန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191


## ဝင်ငွေကြေညာလွှာ မတင်သွင်းရသေးသော ကုမ္ပဏီများသို့ နှိုးဆော်ချက်

ဝင်ငွေကြေညာလွှာ မတင်သွင်းရသေးသော ကုမ္ပဏီများကို www.irdmyanmar . gov.mm website တွင် ကြေညာထားပါသည်။ ယင်းကုမ္ပဏီ များအနေဖြင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂)၊ အမှတ်-၅၉/၆၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် ဆက်သွယ်ပါရန် နှိုးဆော်ပါသည်။

ဌာနမှူး

အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)

ဖခင် အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက(အင်းတော်)၊ အဌမတန်း(D)မှ မလင်းလဲ့ရည်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦးဖြစ်ပါသည်။


We must work together! MYANMAR'S LAND Success, Motivation and Management Institute We must build our Nation!

ဝန်ဆောင်မှု (Service) နယ်ပယ်နှင့် ပတ်သက်နေသူတိုင်း ဝန်ဆောင်မှုလုပ်ကိုင်သူတိုင်း တက်ရောက်သင့်သည်

CERTIFICATE IN SERVICE EXCELLENCE သင်တန်း



သင့်ဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှု (Service) ကျွမ်းကျင်မှုကို မြှင့်တင်လိုပါသလား ... ? ကျွန်ုပ်တို့ သင်တန်းကို လွှတ်လိုက်ပါ။ ဝန်ဆောင်မှုနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို နားလည် သဘောပေါက်သွားစေရန် တာဝန်ယူပါသည်။ မကြာမီဝင်ရောက်လာမည့် နိုင်ငံတကာကုမ္ပဏီကြီးများ နှင့်အပြိုင် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မိမိတို့ရဲ့ Service ဆိုင်ရာ အသိသုတများကို မြှင့်တင်နိုင်ရန် ဤသင်တန်း ကို မဖြစ်မနေတက်ရောက်လိုက်ပါ။ ■ Limited Seats ! ■

ABE (UK) ၏ ကမ္ဘာ့အမှတ်အများဆုံးဆု (WORLD FIRST) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့ငြေ) ကိုယ်တိုင် သင်ကြားပေးမည်။

၃-၉-၂၀၁၅ ရက်နေ့ စမည်။ ကြာသပတေး-သောကြာ ညနေ (၅:၃၀) မှ (၇:၃၀) အထိ၊ ၁-လသင်တန်း

www.facebook.com/mlinstitute

Campus 1 - 209(B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)

Can Contact : 548500, 09254114537, 0943121060, 095010014, 0932350785 website : www.lynnthaiknyunt.com

တော်ဝင်စင်တာ New Campus တွင် သင်ကြားပါမည်



ပို့ပေးမှာပဲဗျို့

မိုးရွာရွာ နေပူပူ ချန်ပီယံကတော့ တာဝန်ယူပို့ပေးမှာပဲဗျို့

09 730 77711 ☎ 01-682844

09 730 77722 ☎ 01-682944

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး



Mingalar Cinemas

www.facebook.com/mingalarcinemas Mingalar Cinemas facebook

သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | ရွှေဆောင် | မန္တလေး ဝင်းလိုက် | မြို့မ

မင်္ဂလာစံပြ | Top Royal | နေပြည်တော် | မင်္ဂလာဝဇီရာ | မင်္ဂလာထွန်းသီရိ | မင်္ဂလာဒိုင်းမွန်း

**အောင်ဘာလေ**

ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ မင်္ဂလာဝဇီရာ (လှိုင်သာယာ)

မန္တလေး- ဝင်းလိုက်၊ မြို့မ

ပြည် - မင်္ဂလာထွန်းသီရိ

**INSIDE OUT (3D)**

ရန်ကုန် ရွှေဆောင်(၂)၊ မင်္ဂလာ (၂)

မန္တလေး မင်္ဂလာဒိုင်းမွန်း

**ANT-MAN(3D)**

ရန်ကုန် -နေပြည်တော်(၃)

မန္တလေး - မြို့မ (၁၀:၀၀)နာရီ

**FANTASTIC - 4**

ရန်ကုန် နေပြည်တော်(၁) မင်္ဂလာစံပြ

မန္တလေး မင်္ဂလာဒိုင်းမွန်း

ပြည် - မင်္ဂလာထွန်းသီရိ

**MISSION IMPOSSIBLE Rouge Nation M.I - 5**

ရန်ကုန် - ရွှေဆောင် (၁) TOP ROYAL မင်္ဂလာစံပြ

မန္တလေး - မင်္ဂလာဒိုင်းမွန်း

ပြည် - မင်္ဂလာထွန်းသီရိ

**ASSASSINATION**

ရန်ကုန် -နေပြည်တော်(၂)

၂၁ . ၈ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ

ပွဲချိန်သတ်မှတ် - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ






Number One Directory in Myanmar YELLOW PAGES

သွားဖို့ စားဖို့ နေရာတွေ ဘယ်မှာရှာရမလဲ・・

စားသောက်ဆိုင်များ လိပ်စာပေါင်း- ၂၃၀၀

ရုပ်ရှင်ရုံများ လိပ်စာပေါင်း - ၂၅

ခရီးသွားလုပ်ငန်းများ လိပ်စာပေါင်း - ၆၁၃

Fashion ဆိုင်များ လိပ်စာပေါင်း- ၂၆၃၆

Super Market များ လိပ်စာပေါင်း - ၈၇

ဘာပဲလိုလို Everything U Need

WEB | MOBILE | PRINT

YANGON SALES DIRECT LINE 01-250700 www.yangondirectory.com MANDALAY SALES DIRECT LINE 02-4000611 www.mandalaydirectory.com

The YANGON DIRECTORY | The MANDALAY DIRECTORY

## မြတ်ဗောဓိ

ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးခရီးစဉ်များ

"သာသနာပြုခရီးသည်များ စိတ်ချမ်းမြေ့စွာဘုရားဖူးဖို့ မြတ်ဗောဓိသာရွေးချယ်နို့"

၁။ (၈) ရက် ⇨ (၈.၅ သိန်း) } သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန (အိန္ဒိယ–နီပေါ)
၂။ (၁၂) ရက် ⇨ (၉.၅ သိန်း) }
၃။ (၁၅) ရက် ⇨ (၁၀.၅ သိန်း) } သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန + နယူးဒေလီ + တာဂျ်မဟာ (အိန္ဒိယ–နီပေါ)

ရဟန်းတော်၊ သီလရှင်၊ ပင်စင်စားပုဂ္ဂိုလ်တစ်ဦးလျှင် - ၁၀၀၀၀ိ/ - Passportရှိသူ - ၃၀၀၀ိ/ - (၅)ဦးတစ်စုလျှင် - ၅၀၀၀ိ/(၁၀)ဦး တစ်စုလျှင် - ၂၀၀၀၀ိ/ - လျှော့ပေးသည်။ (၁၆)ဦး တစ်စုလျှင် တစ်ဦးအခမဲ့ လိုက်ပါခွင့်ပြုပါသည်။ နယ်မှခရီးသည်များအတွက် ကြို-ပို့ တည်းခိုနေထိုင်ရေး စီစဉ်ပေးသည်။ သစ်သီးဖွှမ်း သာနာနို့ဖွှမ်း ရေချိုးပန်းနှင့် India GSM Simcard နှင့် ကားပေါ်တွင် Internet Wifi မေတ္တာလက်ဆောင် ပေးပါသည်။ နယူးဒေလီ(4-Star)ဟိုတယ်တွင် ညအိပ်၍ နံနက်/နေ့လည်/ညစာဖြင့် ကျွေးမွေး ဧည့်ခံပါမည်။ ကားညဏ်ဆောင်ခရီးစဉ်(လုံးဝ)လုံးဝမပါပါ။ **(၇.၁၀.၂၀၁၅)မှစ၍ ဘုရားဖူးခရီးစဉ်များ အစဉ်တစိုက်ထွက်ပါမည်။**

**မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ်များကိုစာရင်းပေးသွင်းနိုင်ပါသည်။**

အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)၊ အခန်း(၃/အေ)၊ လမ်း(၄၀)၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph:01-377129, 09-49338595, 263125261, 788304828, 420134528 E-mail:myatbodhi@gmail.com


## မွေးနေ့ဆုတောင်း

Myanmar Modern Creations Construction Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးမင်းသူ၏ ၂၁-၈-၂၀၁၅ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာပျော်ရွှင်အေးချမ်းသောဘဝကိုပိုင်ဆိုင်ပြီး ဖန်တီးပေးစွမ်းနိုင်သော အောင်မြင်မှုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

MMC ဝန်ထမ်းမိသားစု

Myanmar Modern Creations Construction Co.,Ltd


UK - USA - Australia မှ SIM စင်ကာပူ မိတ်ဖက်တက္ကသိုလ်များ၏

## "One Stop 2015 ဆွေးနွေးပွဲ"

SIM GLOBAL EDUCATION
www.simge.edu.sg
Singapore Institute of Management Pte Ltd
CPE Registration Number : 199607747H
Period of Registration : 20 May 2014 - 19 May 2018

University at Buffalo, The State University of New York ၏ BA, BS Double Degree များကို သင်ယူနိုင်မည့်အခွင့်အလမ်း

University of London, University of Birmingham, University of Sheffield, University of Stirling, University of Southampton များ၏ ဘွဲ့များကိုတက်ရောက်နိုင်သောလမ်းကြောင်းများ

RMIT University ၏ Accountancy, Economics and Finance, Logistics & Supply Chain Management, Marketing ဘွဲ့များကို ရရှိနိုင်မည့်အခွင့်အလမ်း

- SIM GLOBAL EDUCATION စင်ကာပူ၏ Accounting, Banking & Finance, Management Studies နှင့် International Business များကို သင်ယူပြီး နိုင်ငံတကာထိပ်တန်းမိတ်ဖက် တက္ကသိုလ်များ၏ ဘွဲ့များကို ဒုတိယနှစ်မှစတင်ပြီး တက်ရောက်နိုင်မည့် အစီအစဉ်များ(Terms and Conditions Apply)
- ပညာသင်ဆုလျှောက်ထားရယူနိုင်မည့် အစီအစဉ်များကို တစ်နေရာတည်းတွင် သတင်းအချက်အလက် စုံလင်စွာရရှိနိုင်မည်။



CROWN EDUCATION

29 Aug
1:00 pm - 5:00 pm
Novotel Hotel (Eureka Room)

Call Us : 09 730 40 688, 09 732 732 77, 09 311 88 733



myanmar Retailers association
မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း

## ဖိတ်ကြားအပ်ပါသည်

## မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း

မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း (၂) နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် "Expending Retail Business" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် လက်လီလုပ်ငန်း လုပ်ကိုင်နေကြသော လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ အားလုံးနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ ဟောပြောဆွေးနွေးပွဲကို အောက်ပါခေါင်းစဉ်များဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

Key Notes Speech
Professor Dr. Aung Tun Thet

အဖွဲ့လိုက်ဆွေးနွေးခြင်း

၁။ Franchise Business Model နှင့် ပတ်သက်၍ အခွင့်အရေးနှင့် စိန်ခေါ်မှုများ
ဦးဆောင်ဆွေးနွေးသူ- ပါမောက္ခ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်

၂။ လက်လီလုပ်ငန်းများအတွက် ငွေကြေးအထောက် အပံ့ ရရှိနိုင်မည့် နည်းလမ်းများ
ဦးဆောင်ဆွေးနွေးသူ- ဦးသူရကို (မန်နေးဂျင်းဒါရိုက်တာ, YGA Capital Ltd)

၃။ လက်လီလုပ်ငန်းများအတွက် အရေးပါလာမည့် နည်းပညာများနှင့် အင်တာနက် ဈေးရောင်းချမှု အခွင့်အလမ်းများ
ဦးဆောင်ဆွေးနွေးသူ - ဒေါက်တာထွန်းသူရသက် (မန်နေဂျင်းဒါရိုက်တာ, MIT)

လူဦးရေကန့်သတ်ထားပါသောကြောင့် 25.8.2015 နောက်ဆုံးထား၍ MMRA ဖုန်းနံပါတ်များသို့ တက်ရောက်မည့်သူအမည်၊ ဖုန်းနံပါတ် ကို ကြိုတင်စာရင်းပေးသွင်းပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

နေ့ရက် - 26.8.2015
အချိန် - မွန်းလွဲ 1 နာရီမှ 5 နာရီ ထိ
နေရာ - Myanmar Convention Center (MCC) မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်။
စာရင်းပေးသွင်းရန် - 09 314 22 555
09 314 22 777
e-mail: info@mramyanmar.com

# (၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဒေါ်စန်းစန်းရီ

**(၂၁-၈-၂၀၁၂ မှ ၂၁-၈-၂၀၁၅)**

ယနေ့ထိတိုင် နေ့စဉ် လွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ လစဉ် (၂၁)ရက်နေ့တိုင်း ပြုလုပ်ရည်စူး ကုသိုလ်များနှင့် နှစ်ပတ်လည်နေ့တိုင်း တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် တရားစခန်းဝင်သော ယောဂီများသို့ တစ်နေ့တာ ဆွမ်းကပ်လှူဒါန်းမှု အပါအဝင် ပြုပြုသမျှ ကုသိုလ်အစုအစုအတွက် ရောက်ရာဘုံဘဝမှ အမျှ ယူနိုင်ပါစေသော်--

**ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ ကျော်ဝင်း(ငြိမ်း)**

| | | |
|---|---|---|
| **သမီးကြီး** | - | **ဦးညီညီနိုင်၊ ဒေါ်စန်းသီတာဝင်း** |
| **သား** | - | **ဦးမင်းနေကျော်ဝင်း** |
| **သမီးငယ်** | - | **ပါမောက္ခ ဒေါက်တာဘုန်းမြင့်ထွန်း၊ ဒေါ်စန်းစပယ်ဝင်း** |
| **မြေးလေးများ** | - | **ကြာညိုသွယ်သင်း၊ ဝင်းမြတ်ရွှေစင်ထွန်း၊ ဝင်းဘုန်းထွဋ်နိုင်၊ ဝင်းခန့်လပြည့်ထွန်း** |

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ခင်စော(မော်လမြိုင်)**

**အသက်(၈၆)နှစ်**

ဦးဝင်းကြည်(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ခေတ္တညွှန်ကြားရေးမှူးချုပ်)-ဒေါ်အေးအေးသန်း(စုံ/မှူး၊ ငြိမ်း၊ စစစ)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်စော(မော်လမြိုင်) အသက်(၈၆)နှစ်သည် ၁၆-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Family Entertainment Group Co.,Ltd.**

---

### အထူးကျေးဇူးတင်ရှိခြင်း

**ဒေါ်ရင်ရင်**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၂၃၃)နေ ဦးသောင်းမြင့်ဦး-ဒေါ်မာမာဦး(D.G.M CB. Bank)၊ ဦးလှရွှေ၊ ဦးကျော်ဝင်း- ဒေါ်ဆွေဆွေဦး(ငွေစုဘဏ်ခွဲ -၃)၊ ဦးတင့်လွင်-ဒေါ်မေသက်ြန်အေး၊ ဦးအောင်ဇော်ဖြိုး(ကြီး/မှူး MAB BANK) -ဒေါ်အေးအေး(AGM C.B BANK)တို့၏မိခင်ကြီး ဒေါ်ရင်ရင် အသက်(၇၃)နှစ်သည် ၁၂-၈-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၅(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါသည်။ နာရေးကိစ္စတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ကူညီပံ့ပိုးပေးကြသော C.B BANK **ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ** C.B BANK **အကြီးအကဲများ**၊ C.B BANK ဘဏ်ခွဲများနှင့် ဝန်ထမ်းများအားလုံး၊ MEBမှ ဝန်ထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဦးကံဆယ်**

**အသက်(၆၈)နှစ်**

ဒဂုံတက္ကသိုလ်၊ ဒဿနိကဗေဒဌာနမှ နည်းပြ ဒေါ်မေဇင်ဦး၏ဖခင် ဦးကံဆယ်သည် ၁၄-၈-၂၀၁၅(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာ/ဆရာမများ**
**ဒဿနိကဗေဒဌာန၊ ဒဂုံတက္ကသိုလ်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပစ္စည်းလေးပါး သာသနာ့ဒါယကာကြီး**

**ဦးဝင်းနိုင်**

**အသက်(၅၈)နှစ်**

**Win & San (Diamonds and Fine Jewellery)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၃၆/စီ)နေ သုမေ့သိင်္ဂီဒေါ်စမ်းစမ်း၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းနိုင်သည် ၁၄-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုသက်ခိုင်၊ ကိုသူရ၊ ကိုအောင်သူ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဦးကေသရ(ခ)ဦးကျော်သူ(အောင်ဆန်း-၇)**

**သိက္ခာတော်(၂၅)ဝါ၊ သက်တော်(၆၉)နှစ်**

အောင်ဆန်း(၇)၊ တရားရေးအရာရှိသင်တန်းဆင်း၊ သူငယ်ချင်းဦးကေသရ(ခ) ဦးကျော်သူသည် ၁၁-၇-၂၀၁၅ရက်တွင် ရန်ကုန်မြို့၌ ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)၊ တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

---

### အထူးကြေကွဲဝမ်းနည်းခြင်း

**ဆရာကြီး ဦးအေးလွင် အသက်(၈၂) နှစ်**

**ရွှေတိဂုံစေတီတော်ဘာသာရေးအသင်းများ အကျိုးဆောင်အဖွဲ့ နာယက**

**မနောစိတ္တပူပွါဒ်အသင်း နာယက/ဥက္ကဋ္ဌ**

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံသော ဆရာကြီး ဦးအေးလွင်သည် ၁၅-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**ရွှေတိဂုံစေတီတော်**
**“မနောစိတ္တပူပွါဒ်”အသင်းသား/သူများ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဦးစောအန်ထော်နီ အရာခံဗိုလ်(ငြိမ်း)**

**စာရေးဆရာမဟာဘုတ် ဥက္ကာအောင်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နိဗ္ဗာန်လမ်းသွယ်(၁)၊ အမှတ်(၆၇၁)နေ၊ ဒေါ်နော်ဂျူလီ၏ ခင်ပွန်း၊ မသင်းသီရိလှိုင်-မောင်ရဲဒေဝါထွန်း၊ မလှိုင်ဝတ်ရည်လင်း၏ ဖခင် ဦးစောအန်ထော်နီသည် ၁၇-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်စဉ်(၅၇)တကက/စရ သင်တန်းဆင်း သူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်သန့်(ပြည်)**

**အသက်(၉၆)နှစ်**

သူငယ်ချင်း ဒေါက်တာ သာထက်လင်း၏ မိခင်သည် ၁၇-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-၁၉၉၁ Batch B.V.S မှ သူငယ်ချင်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းသန်းနု**

**အသက်(၅၂)နှစ်**

**(ညောင်ဦး၊ ပခုက္ကူ)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၏ဇနီး ဒေါ်သန်းသန်းနုသည် ၁၆-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

**ဒေါ်အာစီယာဘီ(ခ)ဒေါ်မြင့်မြင့်ရီ (၆၈)နှစ်**

**B.Sc, Dip.Ed**

**အထက်တန်းပြဆရာမ(ငြိမ်း)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၈မိုင်ခွဲ၊ အေဝမ်းလမ်း၊ ခြံအမှတ်(၁၇/၁၇၉)နေ ဟာဂျီဦးလှဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ ရှေ့နေချုပ်ရုံး)မ. အ. ဖ ဌာနချုပ် ဥက္ကဋ္ဌ၏ဇနီး ဒေါ်အာစီယာဘီ(ခ)ဒေါ်မြင့်မြင့်ရီသည် ၁၄-၈-၂၀၁၅(သောကြာနေ့)တွင် အလ္လာဟ်သျှင်မြတ်အမိန့် တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ် ဝမ်းနည်းကြေကွဲရပါသည်။

**နာယကများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မ. အ. ဖ(ဌာနချုပ်)**

---

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

---

### တစ်လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးစိုးဝင်း (၆၈)နှစ် (ကျောက်တန်း- ကမာကလုတ်)**

**B.E (Electronic)**

**ပြည်နယ်၊ တိုင်းမန်နေဂျာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (မွန်၊ ပဲခူး၊ မန္တလေး)**

**Chairman (View Finders Int'l Co.,Ltd- Myanmar)**

**Managing Director (View Finders Pte Ltd-Singapore)**

**(၁၆-၇-၂၀၁၅-၁၆-၈-၂၀၁၅)**

တစ်လပြည့်ပြီး ဖြစ်သော်လည်း ယနေ့တိုင် နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ ဖေဖေ့အတွက် ရည်စူး၍ ပြုလုပ်ခဲ့သော ရည်စူးကုသိုလ်များနှင့် မွေးရပ်မြေမှ ဘုန်းတော်ကြီးကျောင်းများကို သင်္ကန်း၊ ဒါတဗ္ဗဝတ္ထု အစုစုလှူဒါန်းခြင်း၊ သံဃာတော်များကို အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျွေးမွေးလှူဒါန်းသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ဖေဖေ့အား ရေစက်သွန်းချ အမျှကုသိုလ်ပေးဝေပါသည်။

အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ ဖေဖေရရှိခံစားနိုင်ပြီး သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ပါစေ။

| | | | |
|---|---|---|---|
| **ကျန်ရစ်သူ** | **ဇနီး** | - | **ဒေါ်စန်းစန်းမြင့်** |
| | **သား** | - | **ဦးအောင်ဖြိုးဝင်း-ဒေါ်လေးလေးမြင့်၊ ဦးသန်းထက်ဝင်း-ဒေါ်နေရီသန့်၊ ဦးဝင်းကိုကို-ဒေါ်ပွင့်ဖြူမြင့်၊ ဦးမျိုးသီဟဝင်း-ဒေါ်စန္ဒာဝင်း** |
| | **မြေးများ** | - | **မခင်ရွှေစင်၊ မထက်မြတ်၊ မောင်ဇွဲမြတ်၊ မောင်မင်းခန့်ကို၊ မောင်မင်းသန့်ကို၊ မောင်ဟန်ထူးဆက်၊ မဆုဝတီကို** |

---

# ဝမ်းနည်းကြေကွဲခြင်း

Founder & CEO of MGLM ကိုဝေယံအောင်၏ လေးစားတန်ဖိုးထားရသည့် ကျေးဇူးရှင်ဖခင် ဦးမောင်မောင်သိန်း၏ အသက်(၄၈)နှစ်သည် ဩဂုတ် ၁၆ရက် နံနက် ၀၀း၃၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီးဖြစ်သည်ဟု ကြားသိရသဖြင့် ကောင်းသထက် ကောင်းမွန်သော ဘုံဘဝသို့ ရောက် ပါစေရန် ရင်နှင့်အမျှ ဆုတောင်းအမျှပေးဝေနေလျက်----မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Aung Kaung Kyaw Group of Companies မိသားစု**

Hot Line No-0930500100



# မြန်မာနိုင်ငံတော်ပဟိုဘဏ် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်ခွဲများနှင့် ကိုယ်စားလှယ်ရုံးများမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ရိက္ခာဆန် ပေးအပ်လှူဒါန်း

စာမျက်နှာ » ၄

## တောင်ပြို(လက်ဝဲ)တွင် ယာယီစောင့်ရှောက်ထားသော စိစစ်ပြီးလှေစီးသွားလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂၆ ဦးအား ဩဂုတ် ၂၅ ရက်တွင် ထပ်မံလွှဲပြောင်းသွားမည်

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံက ၂၀၁၅ ခုနှစ် မေလအတွင်း ပင်လယ်ပြင်မှ ကယ်ဆယ်ခဲ့သည့် လှေစီးသွားလာသူများကို မူရင်းနေရပ်သို့ပြန်လည်ပို့ဆောင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၁၅၀ ကို လေးကြိမ်ခွဲ၍ ၎င်းတို့နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။

ထို့ပြင် ရခိုင်ပြည်နယ် တောင်ပြို(လက်ဝဲ)တွင် ကျန်ရှိနေသည့် လှေစီးသွားလာသူ ၂၂၈ ဦးအနက် ဘင်္ဂလားဒေ့ရှ်ဘက်မှစိစစ်၍ ပြန်လည်လက်ခံရန် အတည်ပြုပြီးဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂၆ ဦးကို ထပ်မံလွှဲပြောင်းရန် နှစ်ဖက်ညှိနှိုင်းခဲ့ပြီးဖြစ်၍ ဩဂုတ် ၂၅ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## တိုင်ဖုန်းမုန်တိုင်းဂိုနီနှင့် အက်ဆာနီတို့ ဆက်လက်တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၂၀**

ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော တိုင်ဖုန်းမုန်တိုင်းဂိုနီသည် ဆက်လက်တည်ရှိနေပြီး တစ်နာရီလျှင် လေတိုက်နှုန်း ၁၁၅ မိုင်ဖြင့် တိုက်ခတ်လျက်ရှိကာ မုန်တိုင်းအမျိုးအစားမှာ အဆင့်(၄) သို့ ရောက်ရှိနေသည်။ ဂိုနီ၏ လေတိုက်နှုန်းမှာ နောက် ၂၄ နာရီအတွင်း တစ်နာရီလျှင် မိုင် ၁၃၀ နှုန်းရှိလာနိုင်ကာ အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကြောင်းသိရသည်။

အလားတူ တိုင်ဖုန်းမုန်တိုင်းအက်ဆာနီသည် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိရာမှ ကိုးရက်မြောက်နေ့တွင် မုန်တိုင်းအမျိုးအစားအဆင့် (၄ )သို့ ရောက်ရှိခဲ့ပြီး တစ်နာရီလျှင် ၁၃၅ မိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိသည်။ အဆိုပါမုန်တိုင်းသည် နောက် ၂၄ နာရီအတွင်း လက်ရှိမုန်တိုင်းအဆင့်ဖြင့် ဆက်လက်ရှိနေနိုင်ပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန၏ ယနေ့မွန်းလွဲပိုင်းသတင်းထုတ်ပြန်ချက်အရ သိရသည်။

(သတင်းစဉ်)




ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် ဆက်လက်ဖြစ်ပေါ်နေသောတိုင်ဖုန်းမုန်တိုင်းဂိုနီနှင့် အက်ဆာနီတို့၏ လေစီးကြောင်းများရစ်ပတ်တိုက်ခတ်နေမှုကိုတွေ့ရစဉ်။

## ဧရာဝတီအသင်း ရှုံး/ထွက် ဖိုင်နယ်ပွဲတက်ရောက်

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**



ရခိုင်အသင်းနှင့်ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

၂၀၁၅ ရာသီဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ရခိုင်အသင်းနှင့်ဧရာဝတီအသင်းတို့ ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

**ဧရာဝတီ - တစ်ဂိုး**
**(သီဟဇော်)**
**ရခိုင် - ဂိုးမရှိ**

ပထမအကျော့တွင် ဂိုးပြတ်အနိုင်ရထားသည့် ဧရာဝတီအသင်းမှာ ယခုဒုတိယအကျော့တွင်လည်း အခက်အခဲမရှိ နိုင်ပွဲထပ်မံရယူကာ နှစ်ကျော့ပေါင်း ရလဒ် သုံးဂိုး-ဂိုးမရှိဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဧရာဝတီအသင်းမှာ ဗိုလ်လုပွဲသို့ တတိယအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရခိုင်အသင်းမှာဆီမီးအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဧရာဝတီအသင်းမှာ ပထမအကျော့နှစ်ဂိုးပြတ်အနိုင်ရထားသော်လည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး နိုင်ငံခြားသားများမပါဝင်သည့် ရခိုင်အသင်းမှာ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

ယနေ့ မာတိကာ

**ပြည်တွင်းဘဏ်များ၏ ယခုအခါဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် စကားသံများ**

စာမျက်နှာ » ၁၂

**တရုတ်နိုင်ငံ၌ မိုးသက်မုန်တိုင်းများကျရောက် လူ ၂၂၀၀၀၀ ထိခိုက်မှုရှိပြီး နှစ်ဦးသေဆုံး**

စာမျက်နှာ » ၁၃




themirror.npt@gmail.com
www.facebook.com/themirrordaily

